နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ဝီထိမုတ်ပိုင်း

## ဝီထိမုတ်ပိုင်းခေါ်ပုံ

ပဋိသန္ဓေ ဘဝင် စုတိကိစ္စတပ်သော စိတ် ၁၉-ပါးကို "ဝီထိမုတ်" ဟုခေါ်ပါသည်။ ထိုဝီထိမုတ်စိတ်တို့ကိုပြရာ အပိုင်းအခဏ်းကို **"ဝီထိမုတ်ပိုင်း"** ဟု ခေါ်ပါသည်။

## ဘုံပိုင်းဟု ခေါ်ခြင်း အကြောင်း

ဝီထိမုတ်ပိုင်း၌ ဘုံနှင့်စပ်သော အခဏ်းလည်း ကျယ်ဝန်းစွာပါသောကြောင့် နောက်ဆရာများက **"ဘုံပိုင်း"** ဟု ခေါ်စမှတ်ပြုကြပါသည်။

**ဝီထိစိတ္တဝသေနေဝံ စသော ဂါထာဖြင့် –** အနုသန္ဓေနှင့် ပဋိညာဉ်ကို ပြပါသည်။

## ဂါထာ အဓိပ္ပါယ်

ဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့် ပဝတ္တိအခါ၌ ဝီထိစိတ်တို့၏ ဖြစ်ပုံဖြစ်ဟန်ကို ပြတော်မူပြီး၍ ယခုအခါ၌ ပဋိသန္ဓေအခါဝယ် ဝီထိမုတ်စိတ်တို့၏ဖြစ်ပုံကို ပြတော်မူလိုသော အရှင်အနုရုဒ္ဓါဆရာသည် **"ဝီထိစိတ္တဝသေနေဝံ"** စသော ဂါထာကို မိန့်တော်မူသည်။

**"ပဝတ္တိ သင်္ဂဟော နာမ သန္ဓိယံ" ၌ သန္ဓိ အရ–**

ပဋိသန္ဓေ အခါ , ဘဝင် အခါ, စုတိ အခါ တို့ကို ယူရမည်။

**"ပဝတ္တိ သင်္ဂဟော နာမ သန္ဓိယံ"** ၌ ပဓာနနည်းအားဖြင့် ပဋိသန္ဓေ ခဏကိုသာ ခေါင်းတပ်၍ပြသော်လည်း ဘဝင် စုတိ စိတ်များ၏ဖြစ်ပုံကိုပါ ဤဝီထိမုတ်ပိုင်း၌ ပြလတ္တံ့၊ မရဏာပ္ပတ္တိအခန်းဝယ် **"တဒါ ပဋိသန္ဓိ ဘဝင်္ဂါနံပိ ပစ္စုပ္ပန္နာရမ္မဏတာ လဗ္ဘတိ"** ဟူသော စကား, **"ဣစ္စေဝံ ဂဟိတပဋိသန္ဓိကာနံ"** စသော နိဂုံးစကားများကို ထောက်ပါ။

**စတဿော ဘူမိယော စသော စာပိုဒ် (၂) ဖြင့် –**

ဝီထိမုတ်ပိုင်း၌ သိဖွယ် မာတိကာ အခန်း (၄)မျိုးကို ပြပါသည်။

**ဝီထိမုတ်ပိုင်း၌ သိဖွယ် မာတိကာ (၄)မျိုး**

၁။ ဘူမိ စတုက္က = ဘုံ (၄ ) မျိုး၊

၂။ ပဋိသန္ဓိစတုက္က = ပဋိသန္ဓေ (၄) မျိုး၊

၃။ ကမ္မစတုက္က = ကံ (၄) မျိုး၊

၄။ မရဏုပ္ပတ္တိစတုက္က = သေခြင်း (၄) မျိုး။

## ဘူမိစတုက္က

သတ္တဝါတို့၏ ဖြစ်ရာဌာနကို "ဘုံ" ဟုခေါ်ပါသည်။ ယင်းဘုံလေးပါးကိုပြသော စတုက္ကကို **"ဘူမိစတုက္က"** ဟုခေါ်ပါသည်။

**တတ္ထ အပါယဘူမိစသော စာပိုဒ် (၃) ဖြင့် –** ဘုံ(၄) မျိုးကို ပြပါသည်။

**ဘုံ ၄ မျိုး**

၁။ အပါယ်ဘုံ၊ ၂။ ကာမသုဂတိဘုံ၊ ၃။ ရူပဘုံ၊ ၄။ အရူပဘုံတို့ ဖြစ်ပါသည်။

**တာသု နိရယော စသော စာပိုဒ် (၄) ဖြင့် –** အပါယ်လေးဘုံကို ပြပါသည်။

**အပါယ် ၄– ဘုံ ကား –**

ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဘုံတို့ ဖြစ်ပါသည်။

**အဓိပ္ပါယ်**

ကုသိုလ်ကောင်းမှုမှကင်းသော (ဝါ) ကုသိုလ်ကောင်းမှု ပြုခွင့်မရသောဘုံကို **"အပါယ်ဘုံ"** ဟုခေါ်ပါသည်။

ချမ်းသာသုခမှ ထွက်သွားတတ်သော (ဝါ ) ချမ်းသာသုခ မရှိသောအရပ်ကို **"နိရယ– ငရဲ"** ဟုခေါ်ပါသည်။

## ထိုငရဲဘုံသည် –

၁။ သိဥ္စိုဝ်းငရဲ ၂။ ကာဠသုတ်ငရဲ ၃။ သံဃာတငရဲ ၄။ ရောရုဝငရဲ ၅။ မဟာရောရုဝငရဲ

၆။ တာပနငရဲ ၇။ မဟာတာပနငရဲ ၈။ အဝီစိငရဲ အားဖြင့် ရှစ်ထပ်ရှိပါသည်။

## ဤငရဲကြီးရှစ်ထပ်တွင် တစ်ထပ် တစ်ထပ်၌–

၁။ ဘင်ပုပ်ငရဲ ၂။ ပြာပူငရဲ ၃။ လက်ပံတောငရဲ ၄။ သန်လျက်ရွက်တောငရဲ ၅။ ကြိမ်ပိုက်ချောင်းငရဲ -ဟု ဥဿဒ ခေါ် ငရဲငယ် ၅-ထပ် တံတိုင်းခတ်သလို ငရဲကြီး၌ ရံပတ်၍ နေသည်ဟု ဒေဝဒူတသုတ်၌ ပြဆိုပါသည်။

မဇ္ဈိမနိကာယ် ဇာတက ဒု-နှာ(၆၀)၌ ဘင်ပုပ်ငရဲ၊ ပြာပူငရဲ၊ လက်ပံတောငရဲ၊ သံလျက်ရွက်ငရဲ အားဖြင့် တစ်မျက်နှာ တစ်မျက်နှာ၌ ဥဿဒငရဲ ၄-လုံးစီလာ၍ ဥဿဒငရဲငယ် (၁၂၈-လုံး) လာပါသည်။ ဇာ ဌ-၅၊ နှာ-၂၈၉၊ ဇာဋ္ဌ-၄၊ နှာ-၃ ၌လည်း ငရဲငယ် လာပါသည်။

**ဆောင်။ ။** သဥ္စိုဝ်း ကာဠ, သံဃာတနှင့်, ရောရုဝနှစ်, တာပန်နှစ်, တွက်စစ် အဝီစိ၊

အထပ်တိုင်းမှာ ဘင် ပြာ လက် သန်၊ ကြိမ်ပိုက်ရံ ငါးတန် ဥဿဒရှိ။

## ငရဲကြီးရှစ်ထပ် အကွာ အဝေး

ယူဇနာ နှစ်သိန်းလေးသောင်းအထုရှိသော ဤမြေကြီးဝယ် အောက်တစ်သိန်းနှစ်သောင်းမှာ ကျောက်မြေဖြစ်၍ အထက်တစ်သိန်းနှစ်သောင်းသာလျှင် ပကတိမြေသားဖြစ်၏၊ အထက်မြေသားအတွင်း၌ ထိုငရဲကြီးရှစ်ထပ် တည်ရှိနေရကား တစ်ထပ်နှင့်တစ် ထပ်အကွာအဝေးမှာ (တစ်သိန်းနှစ်သောင်းကို ရှစ်ဖြင့်စား၍) ယူဇနာ တစ်သောင်းငါးထောင် ကွာဝေး၏။ ဆိုလိုရင်းကား---"လူ့ပြည်မှ အောက် ယူဇနာတစ်သောင်းငါးထောင် ဝေးသောအရပ်၌ သဥ္စိုဝ်းငရဲ တည်ရှိ၏၊ ထို့နောက် ယူဇနာတစ်သောင်းငါးထောင် ဝေးသောအရပ်၌ ကာဠသုတ်ငရဲတည်ရှိ၏၊ ဤသို့ စသည်ဖြင့် တစ်ထပ်နှင့် တစ်ထပ် ယူဇနာတစ်သောင်းငါးထောင်စီဝေးသည်" ဟူလို။

**ပရမတ္ထသရူပ။** ။ ပရမတ္ထသရူပဘေဒနီ၌ကား ဤလူ့ပြည်မှ အောက်တည့်တည့်၌ ငရဲအခေါင်းများ တည်ရှိရိုးမှန်လျှင် သိမ်သမုတ်သည့်အခါ မြေအောက်က ရေတိုင်အောင်

ငရဲခေါင်းကိုဖောက်၍ သိမ်ကမ္ဘဝါစာ၏ အာဏာ မနှံ့နိုင်ရာ၊ အဋ္ဌကထာတို့၌လည်း မြေကို ခံသော ရေတိုင်အောင် အာဏာနှံ့သည်ဟု ဆိုသောကြောင့် "မြင်းမိုရ်တောင်အောက် အသုရာ ပြည်တည်၍, ထိုအသုရာပြည်၏ အောက်တည့်တည့်မှာ ငရဲကြီးရှစ်ထပ် တည်ရာ၏" ဟု ကြံတော်မူပြီးလျှင် **"သောင်းငါးထောင်စီ, သချီညီ, ရှစ်လီပါယ်သုရာ"** ဟု အသုရာပြည်နှင့် တိုင်းတာ တော်မူလေသည်။

## ငရဲကြီးရှစ်ထပ် အဓိပ္ပါယ်များ

၁။ အကုသိုလ်ကံ မကုန်မချင်း အဖန်ဖန် အသက်ရှင်နေသော ငရဲကို **"သိဥ္စိုင်းငရဲ"** ဟုခေါ်ပါသည်။

၂။ အကုသိုလ်ကံ မကုန်မချင်း မည်းနက်သော တံမျဉ်းကြိုးဖြင့်တိုင်း၍ အခုတ်ခံနေရ သော ငရဲကို **"ကာဠသုတ်ငရဲ"** ဟုခေါ်ပါသည်။

၃။ အလျှံမျှ တောက်ပြောင်နေသော သံတောင်ကြီးများနှင့် အကြိတ်ခံနေရသော ငရဲကို **"သံဃာတငရဲ"** ဟုခေါ်ပါသည်။

၄။ မီးတောက်မီးလျှံများ ဒွါရကြီးငယ်မှ ဝင်သဖြင့် သနားစဖွယ် အော်ဟစ်နေကြသော ငရဲကို **"ရောရုဝငရဲ"** ဟုခေါ်ပါသည်။ (တနည်း) - ပြည့်သော သွေးလျှံရှိသောကြောင့် **"ရောရုဝငရဲ"** ဟု ခေါ်ပါသည်။

၅။ မီးခိုး မီးလျှံများ ဒွါရကြီးငယ်မှဝင်သဖြင့် သနားစဖွယ် အော်ဟစ်နေရသော ငရဲကို **"မဟာရောရုဝငရဲ"** ဟုခေါ်ပါသည်။

၆။ ထန်းပင်လုံးတမျှ ရဲရဲတောက်သော သံတံကျင်ပေါ်၌ မတုန်မလှုပ်ထိုင်၍ ပူလောင် မှုကို ခံနေရသော ငရဲကို **"တာပနငရဲ"** ဟုခေါ်ပါသည်။

၇။ ရဲရဲတောက်သော သံတောင်ပေါ်သို့ ရိုက်နှက်တက်စေ၍ တောင်ခြေ၌ စိုက်ထားသော သံတံကျင်ပေါ်သို့ ကျစေပြီး အလွန်အကဲ ပူလောင်မှုကို ခံနေရသော ငရဲကို **"မဟာတာပနငရဲ"** ဟုခေါ်ပါသည်။

၈။ မီးလျှံနှင့် ငရဲသားရော ဆင်းရဲဒုက္ခပါ အကြားမရှိသောငရဲကို **"အဝီစိငရဲ"** ဟု ခေါ်ပါ သည်။

## တိရစ္ဆာန်မည်ပုံ

လူနတ်တို့ကဲ့သို့ မားမားမတ်မတ်မသွားနိုင်ဘဲ အလျားလိုက် သွားတတ်သောကြောင့် (ဝါ) မဂ် ဖိုလ်မှ ဖီလာဖြစ်သောကြောင့် **"တိရစ္ဆာန်"** မည်ပါသည် ။

ထိုတိရစ္ဆာန်တို့၏ အပေါင်းအစုကို **"တိရစ္ဆာနယောနိ"** ဟုခေါ်ပါသည်။

**တိရစ္ဆာနယောနိအရ-** တိရစ္ဆာန်အမျိုးဇာတ်ကို ရပါသည်။

**ဘုံသီးခြားမရှိ။ ။** တိရစ္ဆာန်တို့၏ ခန္ဓာကိုယ်သည်ပင် ဝါ- တိရစ္ဆာန်အများ စုဝေးနေထိုင်ရာ အရပ်ကိုပင် **"တိရစ္ဆာန်ဘုံ"** ဟုခေါ်ပါသည်။

## ပြိတ္တာမည်ပုံ

ချမ်းသာအပေါင်းမှ ဝေးသောအရပ်သို့ ရောက်သောကြောင့် **"ပေတ- ပြိတ္တာ"** မည်ပါသည် ။

ပြိတ္တာတို့၏အပေါင်းသည် **"ပေတ္တိ"** မည်ပါသည်။

ပြိတ္တာအပေါင်း၏ နေရာအရပ်သည် **"ပေတ္တိဝိသယ"** မည်ပါသည်။

**ပြိတ္တာ အရ –** နိဇ္ဈာမတဏှိကစသည်ပြားသော ပြိတ္တာတို့ကို ယူရပါမည်။

**ဘုံသီးခြားမရှိ။ ။** ပြိတ္တာတို့ နေရာ ဖြစ်သော တောတောင် မြစ်ချောင်း သုသာန်စသော အရပ်များနှင့် ပြိတ္တာတို့၏ ခန္ဓာသည်ပင် ပြိတ္တာဘုံ ဟုခေါ်ရလေသည်။

ဤပြိတ္တာများကား တစ္ဆေ မှင်စာ သရဲ ဘီလူးမှစ၍ အမျိုးမျိုးရှိ၏။ နှစ်ပေါင်းများစွာ မစားရ မသောက်ရ၊ အချို့မှာ လူများ၏ ထမင်းလုံး ဟင်းပေါက် သလိပ် ချွဲ တံတွေး မစင်စသည်ကိုသာ စားသောက်ရလေသည်။ ငရဲသားများကဲ့သို့ လွန်စွာ ဆင်းရဲကြလေသည်။

## အသုရကာယ်မည်ပုံ

အစိုးရခြင်း၊ မြူးတူးပျော်ပါးခြင်းအစရှိသည်တို့ဖြင့် နတ်များကဲ့သို့ မတောက်ပနိုင်သောကြောင့် **"အသုရာ"** မည်ပါသည် ။

ထိုအသုရာတို့၏ အပေါင်းကို **"အသုရကာယ-အသုရကာယ်"** ဟုခေါ်ပါသည်။

### အသူရကာယ် အရ-

(၁) နတ်အသူရာ၊ (၂) ပြိတ္တာအသူရာ နှစ်မျိုးတို့တွင် နတ်အသူရာတို့ကို တာဝတိံသာ

နတ်၌ သွင်းရမည်ဖြစ်သောကြောင့် ဤ၌ ပြိတ္တာအသူရာ တို့ကိုယူရမည် ။

**ဘုံသီးခြားမရှိ။** အသုရာအပေါင်း၏ နေရာအရပ်ကိုပင်နှင့် အသုရာတို့၏ ခန္ဓာကိုယ်သည်ပင် **“အသုရကာယ်ဘုံ”** ဟုခေါ်ပါသည်။

**မနုဿာ စသော စာပိုဒ် ၅-ဖြင့်** - ကာမသုဂတိ ၇- ဘုံကို ပြပါသည်။

### ကာမသုဂတိ (၇) ဘုံကား

၁။ လူဘုံ၊ ၂။ စတုမဟာရာဇ်ဘုံ၊ ၃။ တာဝတိံသာဘုံ၊ ၄။ ယာမာဘုံ၊

၅။ တုသိတာဘုံ၊ ၆။ နိမ္မာနရတိဘုံ၊ ၇။ ပရနိမ္မိတဝသဝတ္တိဘုံတို့ ဖြစ်ပါသည်။

### ကာမသုဂတိဘုံမည်ပုံ

ကာမတဏှာနှင့်တကွ ဖြစ်သော တင့်တယ်ကောင်းမြတ်သော လားရောက်ရာဘုံကို **“ကာမသုဂတိဘုံ”** ဟု ခေါ်ပါသည် ။

### ကာမသုဂတိဟု ကာမ - သဒ္ဒါဖြင့် ထည့်ဆိုရပုံ

ရူပ အရူပဘုံများလည်း သုဂတိဘဝပင် ဖြစ်သောကြောင့် ဤနေရာ၌ ကာမတဏှာ၏ ကျင်လည် ကျက်စားရာ နယ်ပယ်ကို သိစေလို၍ ကာမသုဂတိဟုကာမ-သဒ္ဒါ ထည့်ဆိုရပါသည်။

### မနုဿခေါ်ပုံ

သတိမြဲခြင်း၊ ရဲရင့်ခြင်း၊ မြတ်သောအကျင့်ကို ကျင့်သုံးနိုင်ခြင်း အစရှိသော ဂုဏ်တို့ဖြင့် မြင့်မြတ်ထက်မြက်သော စိတ်ရှိသောကြောင့် **‘မနုဿ–လူ’** ဟု ခေါ်၏။

**(တစ်နည်း)** ကမ္ဘာဦးအစ မနုမည်သောမင်း၏ သားသမီးများဖြစ်သောကြောင့် **“မနုဿ လူ’** ဟု ခေါ်၏။ လူတို့၏ နေရာဖြစ်ရာသည် **“လူ့ဘုံ”** မည်၏။

**မနုဿ အရ –** ဇမ္ဗူဒိပ်တောင်ကျွန်းသားများကို မုချအားဖြင့် ယူရမည်။ မြောက်ကျွန်း အနောက် ကျွန်း အရှေ့ကျွန်းသားများနှင့် အခြား စကြဝဠာ၌ ရှိသူတို့ကား တောင်ကျွန်းသား များနှင့် ရုပ်အဆင်းပုံသဏ္ဍာန် တူမျှသဖြင့် **သဒိသူပစာနည်းအားဖြင့်** ယူရမည်။

## စတုမဟာရာဇ်

ဓတရဋ္ဌ, ဝိရူဠ္ဌက, ဝိရူပက္ခ, ကုဝေရ ဤနတ်မင်းကြီး လေးယောက်ကို **"စတုမဟာရာဇ်"** ဟု ခေါ်၏၊ ထိုနတ်မင်းကြီးများ၌ ဆည်းကပ် ခစားရသော လက်အောက်ခံ နတ်များကို **"စာတုမဟာရာဇ် နတ်များ"** ဟု ခေါ်၏၊

ထိုနတ်တို့၏ နေရာဘုံကို **"စာတုမဟာရာဇ်ဘုံ"** ဟု ခေါ်ဝေါ်ရသည်။

ဤစာတုမဟာရာဇ်ဘုံသည် မြင်းမိုရ်တောင်၏ အလယ်လောက်မှစ၍ အောက်တစ် လျှောက်၌ တည်၏၊

ထိုစာတုမဟာရာဇ်ဘုံ၌ ပါဝင်ကြသော နတ်မျိုးတို့ကား အလွန်များပြားလေသည်။

## စတုမဟာရာဇ်ဘုံတွင် စာရင်းဝင်သော နတ်များ

ဤလူ့ပြည်ဝယ် မြေကြီး၌မှီနေသော နတ်အားလုံးကို ဘုမ္မဇိုဝ်း ဟုခေါ်ပါသည်။
တောစောင့်နတ် တောင်စောင့်နတ် သစ်ပင်၌နေသော နတ်တို့ကို ရုက္ခစိုး ဟုခေါ်ပါသည်။
ခန္ဓာကိုယ်၌ စောင့်ကြပ်သော ကိုယ်စောင့်နတ်ဟုခေါ်၏။ ထိုမှတပါး နတ်ဘီလူး ကုမ္ဘဏ် ရက္ခိုသ် ဂန္ဓဗ္ဗနတ်-ဟုခေါ်သော နတ်များလည်း ရှိ၏။ ထိုရက္ခိုသ်နတ်တို့သည် ကုမ္ဘဏ်နတ်မျိုး၌ ပါဝင် ပါသည်။

ထိုမှတပါး များသောအားဖြင့် မိန်းမတို့၏ ခန္ဓာကိုယ်တွင်း၌ ပူးဝင်ခိုကပ်လျက် ထိုမိန်းမ တို့ စေခိုင်းရာကို ပြုတတ်သော ဂန္ဓဗ္ဗနတ်မတို့လည်း ရှိသေးသည်။ ထိုဂန္ဓဗ္ဗနတ်မတို့ကို ဝေဒကျမ်း၌ "ယောဂိနီ" ဟူ၍၎င်း၊ ယကိုဇပြု၍ "ဇောဂိနီ" ဟူ၍ ၎င်း၊ မြန်မာတို့က "ဇော်ဂိနီ" ဟူ၍၎င်း ခေါ်ပါသည်။

လရောင်လင်းရာ လပြည့်နေ့အခါ စသည်တို့၌ ထိုထို ဤဤ အရောင်အဝါ ရှိသော ကြောင့် ပါဠိလို **"ဇုဏှာ"** မြန်မာလို **"ဇုန်း(စုန်း)"** ဟုလည်း ခေါ်ပါသည်။

ဥစ္စာ ရေကန် စသည်ကို စောင့်ရှောက်လျက် လာရောက်သူတို့ကိုလည်း ဖမ်းစားတတ် သော နတ်မျိုးကို "ရက္ခိုသ်" ဟုခေါ်ပါသည်။ ရက္ခိုသ်တို့သည် ကုမ္ဘဏ်မျိုး၌ ပါဝင်၏။

ကုမ္ဘဏ် ရက္ခိုသ် ဘီလူးတို့သည် ဘီလူးမျိုးတို့ပင်တည်း။ သက်သက်ပျော်ရွှင်လိုခြင်း၊ နှိပ်စက်လိုခြင်း၊ စားသောက်လိုခြင်းကြောင့် ငရဲထိန်းဟန် ခွေးကြီး သဏ္ဍာန် ဖန်ဆင်းလျက် ငရဲဘုံတို့၌ ကျက်စားကြလေသည်။ ဥစ္စာစောင့်များလည်း ဤရက္ခိုသ်တွင် ပါဝင် ပါသည်။

ဝိနိပါတိကအသုရာ, ဝေမာနိကပြိတ္တာတို့နှင့်တကွ ဤပြခဲ့သော နတ်အားလုံးသည် စတုမဟာရာဇ်နတ်မင်းကြီး၏ လက်အောက်ခံဖြစ်၍ စတုမဟာရာဇ်ဘုံတွင် စာရင်းဝင်သော နတ်များ ဖြစ်ပါသည်။ **(ပရမတ္ထဒီပနီ)**

## တာဝတိံသာ

မဃ လုလင်နှင့် ကောင်းမှုပြုဘက် သုံးကျိပ်သုံးယောက်သော အမျိုးသားတို့ ဖြစ်ရာဖြစ်သောကြောင့် **"တာဝတိံသာ"** ဟု ခေါ်ပါသည်။

## "တာဝတိံသာ" ဟူသော နာမည်သည် ရှေးရှေးကပင် တွင်လာသော အတွင်ရုဠ္ဌိ နာမည်သာ

မဃလုလင်တို့ မရောက်ခင်ကပင် တာဝတိံသာဟူသော နာမည်ရှိပုံရသည့်ပြင်, အခြားစကြဝဠာတို့၌လည်း စာတုမဟာရာဇ် တာဝတိံသာစသောနာမည်များ ရှိကြသောကြောင့် "တာဝတိံသာ" ဟူသော နာမည်သည် ရှေးရှေးကပင် တွင်လာသော အတွင်ရုဠ္ဌိနာမည်သာ ဖြစ်သည်။

ဤတာဝတိံသာနတ်ပြည်သည် မြင်းမိုရ်တောင်ထိပ်၌ တည်သောကြောင့် မြင်းမိုရ်တောင် တစ်ဝက်မှ အထက် ယူဇနာလေးသောင်းနှစ်ထောင် မြင့်ရကား စာတုမဟာရာဇ်နတ်ပြည်နှင့် **ယူဇနာ လေးသောင်းနှစ်ထောင်** ကွာလှမ်းသည် ။

## ယာမာ

ဆင်းရဲကင်းသော နတ်များကို **တစ်နည်း-** နတ်ချမ်းသာသို့ ကောင်းစွာ ရောက်သော နတ်များကို **"ယာမာနတ်"** ဟုခေါ်ပါသည်။

ထိုယာမာနတ်တို့၏ နေရာဖြစ်သောကြောင့် **"ယာမာနတ်ဘုံ"** ဟုခေါ်ပါသည်။

## တုသိတာဘုံ

မိမိ၏ အသရေစည်းစိမ်းဖြင့် နှစ်သက်မြတ်နိုးတတ်သောကြောင့်**"တုသိတာနတ်"** မည်၏၊ ထိုတုသိတာနတ်တို့၏ နေရာဖြစ်သောကြောင့် **"တုသိတာဘုံ"** မည်၏။

## နိမ္မာနရတိဘုံ

မိမိစိတ်ကြိုက် ဖန်ဆင်းအပ်သော စည်းစိမ်ချမ်းသာ၌ မွေ့လျော်တတ်သောကြောင့် **"နိမ္မာနရတိနတ်"** မည်၏၊ ထိုနတ်တို့၏နေရာဘုံဖြစ်သောကြောင့် **"နိမ္မာနရတိဘုံ"** မည်၏ ။

## ပရနိမ္မိတဝသဝတ္တီဘုံ

သူတစ်ပါးတို့ ဖန်ဆင်းအပ်သော စည်းစိမ်ချမ်းသာကာမဂုဏ်အာရုံတို့ကို မိမိအလိုသို့ လိုက်စေတတ်သောကြောင့် **"ပရနိမ္မိတဝသဝတ္တီနတ်"** မည်၏၊

ထိုနတ်တို့၏ နေရာဖြစ်သောကြောင့် **"ပရနိမ္မိတဝသဝတ္တီဘုံ"** မည်ပါသည် ။

**မှတ်ချက်။ ။** အောက်နတ်ပြည်လေးထပ်တို့၌ အမြဲထားအပ်သော ကိုယ်ပိုင် ဇနီးမောင်နှံ ရှိကြသော်လည်း နိမ္မာနရတိနှင့် ပရနိမ္မိတဝသဝတ္တီဘုံတို့၌ အမြဲမရှိ။

**မေး။ မနုဿဘူမိ – စသည်ဖြင့် မဆိုပဲ မနုဿာ၊ စာတုမဟာရာဇိကာ စသည်ဖြင့် အဘယ့်ကြောင့် ဆိုအပ်ပါသနည်း။**

**ဖြေ။** ဘုံနေသူ လူစသည်ဖြင့် ဘုံကို အဘေဒနည်းအားဖြင့် တစ်ပေါင်းတည်းပြုပြီး ဖြစ်သောကြောင့် လည်းကောင်း၊ ဌာနီဖြစ်သော လူစသည်တို့၏ အမည်ဖြင့် ဌာနဖြစ်သော ဘုံကို ပြုပြီးဖြစ်သောကြောင့် လည်းကောင်း၊ မနုဿဘူမိစသည်မဆိုပဲ **"မနုဿာ"** စသည်ဖြင့် ဆိုပါသည် ။

**(စာပိုဒ်–၆) – ဖြင့်** ကာမ (၁၁)ဘုံကို အကျဉ်းချုပ်ပြသည်။

**ကာမ (၁၁)ဘုံကား – ( "သာပနာယမေကာဒသ ဝိဓာပိ" ၌ ဧကာဒသ–အရ )**

အပါယ် ၄-ဘုံ၊ ကာမသုဂတိ ၇-ဘုံ၊ပေါင်း ၁၁-ဘုံ ဖြစ်ပါသည်။

## ရူပ ၁၆–ဘုံ

**(စာပိုဒ်– ၇ မှ ၁၀ ထိ) ဖြင့်–** ရူပ ၁၆-ဘုံကို ပြသည်။

### ရူပ ၁၆–ဘုံကား – (ရူပါဝစရဘူမိ သောဠသဝိဓာ၌ သောဠသ–အရ –)

ပထမစျာန် ၃-ဘုံ၊ ဒုတိယစျာန် ၃-ဘုံ၊တတိယစျာန် ၃-ဘုံ၊ စတုတ္ထစျာန် ၇-ဘုံတို့ ဖြစ်ပါသည်။

**(စာပိုဒ်–၇) ဖြင့်–** ပထမစျာန် ၃-ဘုံကို ပြပါသည်။

### ပထမစျာန် ၃–ဘုံကား

ဗြဟ္မပါရိသဇ္ဇာဘုံ၊ ဗြဟ္မပုရောဟိတာဘုံ၊မဟာ ဗြဟ္မာဘုံတို့ ဖြစ်ပါသည်။

### အဓိပ္ပါယ်

မဟာဗြဟ္မာမင်းတို့၏ ပရိတ်သတ်၌ဖြစ်သော (ပရိသတ်တွင် ပါဝင်သော) လက်ပါးစေ ဗြဟ္မာငယ်များကို **"ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မာ"** ဟုခေါ်ပါသည်။

ထိုဗြဟ္မာပါရိသဇ္ဇာဗြဟ္မာတို့၏ နေရာဘုံကိုလည်း ဌာနျူပစာရနည်းအရ ဗြဟ္မပါရိသဇ္ဇာ ဟု ခေါ်ပါသည်။

မင်းမှုကိစ္စဟူသမျှ၌ ရှေးကထားအပ်သော ရှေ့ဆောင်၍ စီမံတတ်သောအမတ်မျိုးကို ပုရောဟိတ်ဟုခေါ် သကဲ့သို့ ထို့အတူ ဗြဟ္မာမင်းတို့၏ ပုရောဟိတ်အရာ၌တည်သော ဗြဟ္မာများကို **"ဗြဟ္မပုရောဟိတဗြဟ္မာ"** ဟုခေါ်ပါသည်။

စျာန်အဘိညာဉ်ကို ရသည့်အတွက် အထက်ဗြဟ္မာဘုံတို့၌ အသက်ရှည်စွာ နေရခြင်းစသော ဂုဏ်တို့ဖြင့် လူ နတ်တို့ထက် မြင့်မြတ် သာလွန်သူများကို **"ဗြဟ္မာ"** ဟု ခေါ်၏။

ပါရိသဇ္ဇ, ပုရောဟိတ ဗြဟ္မာတို့ထက် မြင့်မြတ်သော ဗြဟ္မာမင်းကို **“မဟာဗြဟ္မာ”** ဟု ခေါ်ပါသည်။

ဤသုံးဘုံကို ပထမစျာန်ရသောဗြဟ္မာတို့ နေရာဘုံဖြစ်သောကြောင့် **“ပထမစျာန်ဘုံ”** ဟု ခေါ်ပါသည်။

**(စာပိုဒ်– ၈) ဖြင့်–** ဒုတိယစျာန် ၃-ဘုံကို ပြပါသည်။

## ဒုတိယစျာန် ၃-ဘုံကား –

ပရိတ္တာဘာဘုံ၊ အပ္ပမာဏာဘာဘုံ၊ အာဘဿရာဘုံ တို့ဖြစ်ပါသည်။

## အဓိပ္ပါယ်

အပ္ပမာဏနှင့် အာဘဿရဗြဟ္မာတို့လောက် ကိုယ်ရောင်မတောက်သော နည်းသော ကိုယ်ရောင်ကိုယ်ဝါရှိသော ဗြဟ္မာကို **“ပရိတ္တာဘာ”** ဟုခေါ်ပါသည်။

အတိုင်းအရှည်ပမာဏကို မပြနိုင်လောက်အောင် များသော ကိုယ်ရောင်ကိုယ်ဝါရှိသော ဗြဟ္မာကို **“အပ္ပမာဏာဘာ”** ဟုခေါ်ပါသည်။

တိမ်တိုက်မှ လျှပ်စစ်တွေ မြူးကွန့်နေသလို ဗြဟ္မာတို့၏ ကိုယ်ရောင်ကိုယ်ဝါများသည် ခန္ဓာကိုယ်မှ တလျှပ်လျှပ်ထွက်နေသောကြောင့် **“အာဘဿရာဘာ”** ဟုခေါ်ပါသည်။

ဤဒုတိယစျာန်သုံးဘုံလည်း ပထမစျာန်ကဲ့သို့ ကောင်းကင်တပြင်တည်းမှာပင် တည်ရှိပါသည်။

**(စာပိုဒ်–၉) ဖြင့် –** တတိယစျာန် ၃-ဘုံကို ပြပါသည်။

**တတိယစျာန် ၃-ဘုံကား -**

ပရိတ္တသုဘာဘုံ၊ အပ္ပမာဏသုဘာဘုံ၊ သုဘကိဏှာဘုံ-တို့ဖြစ်ပါသည်။

**အဓိပ္ပါယ်**

အထက်ဗြဟ္မာများကို ထောက်လျှင် ထိုဗြဟ္မာများ၏ ကိုယ်ရောင်လောက် မတောက်ပသောကြောင့် **"ပရိတ္တသုဘာ"** ဟုခေါ်ပါသည်။

အတိုင်းအရှည်မရှိသော တင့်တယ်သော ကိုယ်ရောင်ရှိသောကြောင့် **"အပ္ပမာဏသုဘာ"** ဟုခေါ်ပါသည်။

တင့်တယ်သောကိုယ်ရောင်ဖြင့် ရောပြွမ်းသော ဗြဟ္မာကို **"သုဘကိဏှာ"** ဟုခေါ်ပါသည်။

သုဘာကိဏှာ ဟုဆိုသင့်လျက် သဒ္ဒါနည်းအားဖြင့် အာ-ကို ရဿပြု၊ နောက် ဏ-ကို ဟ ထိုးပြု၍ သုဘကိဏှာ ဟုဆိုပါသည်။

**(စာပိုဒ်- ၁၀) ဖြင့်-** စတုတ္ထစျာန် ၇ - ဘုံကို ပြပါသည်။

**စတုတ္ထစျာန် ၇-ဘုံကား -**

ဝေဟပ္ဖိုလ်ဘုံ၊ အသညသတ်ဘုံ၊ သုဒ္ဓါဝါသ ၅-ဘုံ တို့ဖြစ်ပါသည်။

**ဝေဟပ္ဖိုလ်**

စျာန်၏အာနုဘောကြောင့်ဖြစ်သော ပြန့်ပြောကြီးမားသော အကျိုးရှိသည်၏ အဖြစ်ကြောင့် **"ဝေဟပ္ဖိုလ်"** ဟု ခေါ်ပါသည်။

"ဝိပုလဖလ" ဟု ဆိုသင့်လျက် ဝိပုလ-ကို ဝေဟ-ပြု၍ ဝေဟဖလ-ဟုဆိုပါသည်။

## အသညသတ်

သညာ၌ ရွံရှာစက်ဆုတ်တတ်သော ဘာဝနာ၏အစွမ်းဖြင့် သညာနှင့်တကွ နာမ်ခန္ဓာတို့ မရှိသောကြောင့်လည်းကောင်း၊ သတ္တဝါဖြစ်သောကြောင့်လည်းကောင်း၊ **“အသညသတ်”** မည်ပါသည် ။

## အသညသတ္တာ၌ သတ္တာ ထည့်ရခြင်းအကြောင်း–

စိတ်စေတသိက်မရှိဘဲ ရုပ်ခန္ဓာကြီး သာရှိသည့်အတွက် မလှုပ်မယှက် ငြိမ်သက်ရကား “သတ္တဝါမှ ဟုတ်ပါလေရဲ့လား” ဟု ယုံမှားဖွယ် ရှိသောကြောင့် “သတ္တ” ဟူသော နောက်ပုဒ်ကို ထည့်ထားပါသည်။

ဤ အသညသတ်နှင့် ဝေဟပ္ဖိုလ်ဘုံတို့သည် ကောင်းကင်တပြင်တည်း၌တည်၏။ ထိုသို့ တည်ရာ၌ ဝေဟပ္ဖိုလ်ဗြဟ္မာများက နေရာတသန့်, အသညသတ်ဗြဟ္မာတို့က နေရာတသန့်ဟု မဆိုနိုင်၊ လူပြည်မှာ အိမ်တွေအမျိုးမျိုးရောနေသလို ရောနေနိုင်ပါသည်။

**စာပိုဒ် ၁၁ – ဖြင့်–** သုဒ္ဓါဝါသ ၅- ဘုံကို ပြပါသည်။

## သုဒ္ဓါဝါသ ၅– ဘုံကား -

အဝိဟာဘုံ၊ အတပ္ပါဘုံ၊ သုဒဿာဘုံ၊ သုဒဿီဘုံ၊ အကနိဋ္ဌာဘုံ-တို့ဖြစ်ပါသည်။

## သုဒ္ဓါဝါသဘုံခေါ်ပုံ

ကိလေသာတို့မှ များစွာစင်ကြယ်ပြီးသော အနာဂါမ်နှင့် ကိလေသာ အားလုံး စင်ကြယ်ပြီးသော ရဟန္တာဗြဟ္မာတို့၏ နေထိုင်ရာဘုံကို **“သုဒ္ဓါဝါသဘုံ”** ဟု ခေါ်ပါသည်။

၎င်းဘုံသည် တပြင်တည်း၌ရှိသည်မဟုတ်၊ အထက်အောက် အဆင့်ဆင့်တည်ရှိပါသည်။

ဤသုဒ္ဓါဝါသငါးဘုံနှင့် ဝေဟပ္ဖိုလ် အသညသတ်ဘုံများကို စတုတ္ထဈာန်ဖြင့် ရောက်အပ်သောကြောင့် **"စတုတ္ထဈာန်ဘုံ"** ဟုခေါ်ပါသည်။

## အဝိပ္ပါယ်

၁။ မိမိဘုံဌာနကို ခေတ္တခဏဖြင့် မစွန့်ကြဘဲ ကမ္ဘာပေါင်းအတော်ကြာအောင် တည်နေကြသောကြောင့် **"အဝိဟာဗြဟ္မာ"** ဟုခေါ်ပါသည်။

၂။ မည်သည့်အကြောင်းကြောင့်မျှ မပူပန်ရဘဲ အလွန်အေးမြသောဗြဟ္မာကို **"အတပ္ပါဗြဟ္မာ"** ဟုခေါ်ပါသည်။

၃။ အလွန်လှပတင့်တယ်ကြသဖြင့် ချမ်းသာစွာရှုစားအပ်သော ဗြဟ္မာများကို **"သုဒဿာဗြဟ္မာ"** ဟုခေါ်ပါသည်။

၄။ သူတစ်ပါးကို ပကတိစက္ခု ပညာစက္ခုတို့ဖြင့် ကောင်းမွန်စွာရှုစားတတ်သော ဗြဟ္မာများကို **"သုဒဿီဗြဟ္မာ"** ဟုခေါ်ပါသည်။

၅။ စည်းစိမ်ချမ်းသာ လွန်စွာကြီးမားကြသဖြင့် မည်သည့်ဘက်ကမဆို သေးငယ်သောသဘော မရှိဘဲ၊ အထက်တန်းကျသော ဗြဟ္မာများကို **"အကနိဋ္ဌဗြဟ္မာ"** ဟု ခေါ်ပါသည်။

**မှတ်ချက်။ ။** ဗြဟ္မာစည်းစိမ်များသည် ရူပဗြဟ္မာတို့၏ ဥယျာဉ် ဗိမာန် ပဒေသာပင်စသော အသုံး အဆောင်များတည်း။ နတ်ပြည်ထက်ပင် ခမ်းနားကြီးကျယ်၏၊ ဗြဟ္မာတို့သည် ဗြဟ္မာ့ပြည် မရောက်ခင်ကသာ ကာမချမ်းသာကို သာယာနှစ်သက်ကြ၏။ ဗြဟ္မာ့ပြည် ရောက်သော အခါ မနှစ်သက်ကြကုန်။ ဗြဟ္မာ့ပြည်ရောက်သော အခါ တချို့က မေတ္တာ၊ တချို့က ကရုဏာ၊ တချို့က မုဒိတာ၊ တချို့က ဥပေက္ခာ ဟူသော ဗြဟ္မဝိဟာရတရားများကို ပွားများနေထိုင်ကြပါသည်။

**ရူပဖြပ်မှာ (၁၆)ဘုံ တည်နေပုံ ရေးခဲ့ပါ။**

(က) ပထမစျာန်ဘုံ တပြင်တည်း၊
(ခ ) ဒုတိယစျာန်ဘုံတပြင်တည်း၊
(ဂ ) တတိယစျာန်ဘုံ တပြင်တည်း၊
(ဃ) ဝေဟပ္ဖိုလ်နှင့် အသညသတ်ဘုံတပြင်းတည်း၊
(င) သုဒ္ဓါဝါသ ၅-ဘုံ တပြင်စီ အထက်အောက် တည်နေကြသည်။

**စာပိုဒ် ၁၂ – ဖြင့် –** အရူပ ၄-ဘုံကို ပြပါသည်။

**အရူပ ၄–ဘုံကား –**

အာကာသာနဉ္စာယတနဘုံ၊ ဝိညာဏဉ္စာယတနဘုံ၊ အာကိဉ္စညာယတနဘုံ၊ နေဝသညာနာသညာယတနဘုံ-တို့ဖြစ်ပါသည်။

**၃၁– ဘုံကား =** ကာမ ၁၁-ဘုံ၊ ရူပ ၁၆-ဘုံ၊ အရူပ ၄-ဘုံ-တို့ဖြစ်ပါသည်။

**၃၁– ဘုံတို့တွင် အလယ်တည့်တည့်ဖြစ်သော ဘုံကား =** အပ္ပမာဏာဘာဘုံဖြစ်ပါသည်။

**ခန္ဓာအားဖြင့် (၃၁)ဘုံခွဲပုံ**

၁။ ကာမ(၁၁)ဘုံ၊ အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံတို့ကို ခန္ဓာငါးပါး ရှိသောကြောင့် -

**"ပဉ္စဝေါကာရဘုံ"** ဟု ခေါ်ပါသည်။

၂။ အရူပ(၄)ဘုံတို့ကို နာမ်ခန္ဓာ လေးပါးရှိသောကြောင့် **"စတုဝေါကာရဘုံ"** ဟု ခေါ်ပါသည်။

၃။ အသညသတ်ဘုံကို ခန္ဓာတစ်ပါးရှိသောကြောင့် **"ဧကဝေါကာရဘုံ"** ဟု ခေါ်ပါသည်။

**စာပိုဒ် ၁၃/ ၁၄ ဂါထာတို့ဖြင့် –** ထိုထိုဘုံတို့၌ ရထိုက်သော ပုဂ္ဂိုလ်တို့ကို (ဘုံ၌ ပုဂ္ဂိုလ်ရကို) ပြပါသည်။

### ပုထုဇ္ဇနာ န လဗ္ဘန္တိ” စသော ၂-ဂါထာတို့ဖြင့် ပြသော အဓိပ္ပာယ်

သုဒ္ဓါဝါသ ငါးဘုံတို့၌ ပုထုဇဉ်, သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ်တို့ကို အချင်းခပ်သိမ်း မရအပ်ကုန်။ ( ပထမဂါထာ )

အသညသတ်ဘုံ, အပါယ် ၄ – ဘုံတို့၌ အရိယာပုဂ္ဂိုလ်တို့ကို မရအပ်ကုန်။

သုဒ္ဓါဝါသ, အပါယ်, အသညသတ်ဘုံတို့မှ ကြွင်းသော ၂၁– ဘုံတို့၌ အရိယာပုဂ္ဂိုလ်, ပုထုဇဉ်ပုဂ္ဂိုလ်တို့ကို ရအပ်ကုန်၏ဟု ဆိုလိုသည်။ ( ဒုတိယ ဂါထာ )

### သုဒ္ဓါဝါသဘုံတို့၌ မရထိုက်သော ပုဂ္ဂိုလ်များ –

ပုထုဇဉ် ပုဂ္ဂိုလ် ၄-ယောက်၊ သောတာပတ္တိမဂ္ဂဋ္ဌာန်, သောတာပတ္တိဖလဋ္ဌာန်, သကဒါဂါမိ မဂ္ဂဋ္ဌာန်, သကဒါဂါမိဖလဋ္ဌာန်, အနာဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်၊ ပေါင်း ၉ – ယောက်ဖြစ်ပါသည်။

### သုဒ္ဓါဝါသဘုံတို့၌ ရထိုက်သော ပုဂ္ဂိုလ်များ

အနာဂါမိဖလဋ္ဌာန်, အရဟတ္တမဂ္ဂဋ္ဌာန်, အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် ၃ – ယောက်ဖြစ်ပါသည်။

### အသညသတ်ဘုံ၌ ရထိုက် / မရထိုက်သော ပုဂ္ဂိုလ်များ

သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ် တစ်ယောက်သာ ရထိုက်ပါသည်၊ ကြွင်းသောပုဂ္ဂိုလ် ၁၁ – ယောက် တို့ကို မရထိုက်ပါ။

### အပါယ်လေးဘုံတို့၌ ရထိုက် / မရထိုက်သော ပုဂ္ဂိုလ်များ

ဒုဂ္ဂတိအဟိတ်ပုထုဇဉ်တစ်ယောက်သာ ရထိုက်ပါသည်၊ ကြွင်းသောပုဂ္ဂိုလ် ၁၁ – ယောက်တို့ကို မရထိုက်ပါ။

**(က) အရိယာသာ ရသောဘုံ၊ ( ခ ) ပုထုဇဉ်သာ ရသောဘုံ၊ ( ဂ ) ပုထုဇဉ် အရိယာ နှစ်ပါးစုံ ရသော ဘုံတို့ကို ဖြေဆိုခဲ့ပါ။**

( က ) သုဒ္ဓါဝါသ ၅ - ဘုံ၊ ( ခ ) အသညသတ်ဘုံ, အပါယ်ဘုံ၊ ( ဂ ) ကာမသုဂတိ ၇ – ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပ ၁၀- ဘုံ၊ အရူပ ၄ - ဘုံ၊ ပေါင်း ၂ ၁ – ဘုံ၊ တို့ဖြစ်ပါသည်။

### သေသဋ္ဌာနသုဉ္ သေသ အရ ၊ သေသ အပါဒါန် အရ –

(က) သေသအရကား- ကာမသုဂတိ(၇)ဘုံ၊ အသညသတ် သုဒ္ဓါဝါသကြဉ် ရူပ ၁၀-ဘုံ၊ အရူပ ၄-ဘုံ၊ ပေါင်း(၂၄)ဘုံ ၊

(ခ) သေသအပါဒါန်ကား- အပါယ် ၄-ဘုံ၊ အသညသတ် ၁-ဘုံ၊ သုဒ္ဓါဝါသ-၁ ဘုံတို့ဖြစ်သည် ။

### အရိယာ နရိယာဝိစဉ် အနရိယအရ ယူရမည့်ပုဂ္ဂိုလ်–

ဒုဂ္ဂတိအဟိတ်ပုထုဇဉ်သည် အပါယ်ဘုံ၌ပါဝင်ပြီးဖြစ်သောကြောင့် သုဂတိ အဟိတ်၊ ဒွိဟိတ် ၊ တိဟိတ်ပုထုဇဉ် (၃)ယောက်ကိုသာ ယူရမည်။

### "ဘုံ၌ ပုဂ္ဂိုလ်ရ" ရေတွက်ပုံ ဆောင်ပုဒ်

အပါယ်-ဒုရ လူနတ်စဉ် ဒုပဇက်ဒသ် ထက်ငါးနတ်ဝယ် အဟိတ်ပယ်လော၊
ဆယ်ဘုံရူပ တိဟိတ် ရ၏။ သည-သုသာ ငါးသုဒ္ဓါမှာ ရိယာခေါင်ဆုံး သုံးယောက်စီရ၊
အရူပဝယ် စမဂ်ပယ်သည် ရှစ်သွယ်တိဟိတ် မကြွင်းတည်း။ **(သရူပဘောဒနီ)**

**အပါယ် ဒုရ-** အပါယ်ဘုံ၌ ဒုဂ္ဂတိအဟိတ် တစ်ယောက်သာရ၏။

**လူ–နတ်စဉ်, ဒု–ပ ဇက် ဒသ် –** လူ့ဘုံ၊ စတုမဟာရာဇ်ဘုံတို့၌ ဒုဂ္ဂတိအဟိတ်မှ တစ်ပါး ပုဂ္ဂိုလ် ၁၁-ယောက်ရ၏။

**ထက်ငါး နတ်ဝယ်, အဟိတ် ပယ်လော –** တာဝတိံသာ စသော အထက်နတ်ပြည်ငါးထပ်၌ ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်ပုဂ္ဂိုလ် ပယ်၍ ကျန် ၁၀-ယောက် ရ၏။

**ဆယ်ဘုံရူပ တိဟိတ် ရ၏ –** သုဒ္ဓါဝါသ ၅-ဘုံ, အသညသတ်မှတပါးသော ရူပ ၁၀-ဘုံ၌ တိဟိတ်ပုဂ္ဂိုလ် ၉-ယောက်ရ၏။

**သညာ–သုသာ –** အသညသတ်ဘုံ၌ သုဂတိအဟိတ် တစ်ယောက်သာရ၏။

**ငါးသုဒ္ဓါမှာ ရိယာခေါင်ဆုံး သုံးယောက်စီရ –** သုဒ္ဓါဝါသငါးဘုံ၌ အနာဂါမိဖလဋ္ဌာန် အရဟတ္တ - မဂ္ဂဋ္ဌာန်, အရဟတ္တဖလဋ္ဌာန် ဤအထက်ဆုံး အရိယာပုဂ္ဂိုလ် သုံးယောက်စီ ရကြသည်။

**အရူပဝယ် စမင်္ဂပယ်သည် ရှစ်သွယ်တိဟိတ် မကြွင်းတည်း–** အရူပ ၄-ဘုံ၌ တိဟိတ်ပုထုဇဉ်နှင့် သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ကြဉ် အရိယာ ၇-ယောက် အားဖြင့် တိဟိတ်ပုဂ္ဂိုလ် ၈-ယောက် ရ၏။ (အရိယာကို တိဟိတ်၌ သွင်းယူသည်။)

**အသညသတ် ဗြဟ္မာတို့သည် အရိယာ ဟုတ်/ မဟုတ် သာဓကပြ ဖြေဆိုပါ။**

စာပိုဒ် ၁၄- ကိုထောက်၍ အသညသတ်ဘုံ၌ အရိယာပုဂ္ဂိုလ် ၈-ယောက်လုံး မရသောကြောင့် အရိယာမဟုတ်ပါ။

**မေး။ "အရိယာများ အပါယ်တံခါးပိတ်သည်" ဟု ပြောစကား မှန်/ မမှန် သင်္ဂဟ ထောက်၍ ဖြေခဲ့ပါ ။**

**ဖြေ။** "အရိယာ နောပလဗ္ဘန္တိ အသညာပါယဘူမိသု" ဟူသော သင်္ဂဟကိုထောက်၍ အပါယ် (၄)ဘုံ၌ အရိယာများမရှိနိုင်၊ (ဝါ) မရောက်သောကြောင့် အရိယာများ အပါယ်တံခါးပိတ်သည်ဟူသော စကားမှန်ပါသည် ။

**မေး။ (က) ယခုစာဖြေနေသာ ငါရှင်နေသောဘုံ၌ ရနိုင်သောပုဂ္ဂိုလ် ။**

**(ခ) သိကြားမင်းကြီးနေသောဘုံ၌ ရနိုင်သောပုဂ္ဂိုလ် ၊**

**(ဂ) မာရ်နတ်မင်းကြီးနေသောဘုံ၌ ရနိုင်သောပုဂ္ဂိုလ် ။**

**(ဃ) အနာဂထပိဏ်နတ်သားနေသောဘုံ၌ ရနိုင်သောပုဂ္ဂိုလ် ။**

**(င) ဗကဖြဟ္မာကြီးနေသောဘုံ၌ ရနိုင်သောပုဂ္ဂိုလ် ၊**

**ဖြေ။ ။** **(က)** ဒုဂ္ဂတိအဟိတ်မှတစ်ပါး ကျန် (၁၁)ယောက် ၊

**(ခ၊ ဂ၊ ဃ)** ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်မှတစ်ပါး၊ ကျန်(၁၀)ယောက်။

**(င)** တိဟိတ်ပုထုဇဉ်၊ အရိယာ(၈)ယောက်၊ ပေါင်း (၁၁)ယောက်ရနိုင်၏။

### ပုဂ္ဂိုလ်အပြား ဝါကရား (၂၁၄)

အပါယ်လေးဘုံ၌ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် (၁)ယောက်စီရ၍ (၄)ယောက်၊ လူ့ဘုံနှင့် စာတုမဟာရာဇ်ဘုံတို့၌ (၁၁)ယောက်စီရ၍ (၂၂)ယောက်၊ အထက်နတ်ပြည်(၅)ထပ်၌ (၁၀)ယောက်စီရ၍ (၅၀)ယောက်၊ ရူပ(၁၀)ဘုံ၌ (၉)ယောက်စီရ၍ (၉၀)ယောက်၊ အသညသတ်ဘုံ၌ ဒုဂ္ဂတိအဟိတ်(၁)ယောက်၊ သုဒ္ဓါဝါသ(၅)ဘုံ၌ (၃)ယောက်စီရ၍ (၁၅)ယောက်၊ အရူပ(၄)ဘုံ၌ (၈)ယောက်စီရ၍ (၃၂)ယောက်၊ ပေါင်းပုဂ္ဂိုလ်(၂၁၄)ယောက် ဖြစ်ပါသည်။

**(ဝါ-၄၊ က-၁၊ ရား-၂=၂၁၄)**

## ပဋိသန္ဓိစတုက္က

**စာပိုဒ် ၁၅ ဖြင့်-** ပဋိသန္ဓေ ၄-မျိုးကို ပြပါသည်။

### ပဋိသန္ဓေ ၄-မျိုးကား -

အပါယ်ပဋိသန္ဓေ, ကာမသုဂတိပဋိသန္ဓေ, ရူပါဝစရပဋိသန္ဓေ, အရူပါဝစရ ပဋိသန္ဓေတို့ ဖြစ်ပါသည်။

**စာပိုဒ်-၁၆ ဖြင့် -** အပါယ် ပဋိသန္ဓေကို ဝါ- ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် တို့၏ ပဋိသန္ဓေကို ပြပါသည်။

## အဓိပ္ပါယ်

အဟိတ်အကုသလဝိပါက် ဥပေက္ခာ သဟဂုတ် သန္တိရဏစိတ်သည် အပါယ် ၄ ဘုံဝယ် သက် ရောက်စ ( ဖြစ်ခါစ ) ၌ ပဋိသန္ဓေကိစ္စတပ်၍ ဖြစ်၏၊ ပဋိသန္ဓေခဏမှနောက် ပဝတ္တိ အခါ ဝယ် (ဝီထိစိတ် မဖြစ်သမျှ ) ဘဝင်ကိစ္စတပ်၍ဖြစ်၏၊ ဘဝတုံး၍ ဆုံးသည့်အခါ စုတိကိစ္စတပ်၍ ဖြစ်၏။

အပါယ်ဘုံ၌ ဤအဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေရမှုကို ထောက်၍ အပါယ် ( ဒုဂ္ဂတိ) ဘုံ သား ဟူသမျှကို **“ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်”** ဟု ခေါ်အပ်သည်။

**အပါယ်ဘုံသားများ (ဆင်, မြင်း, ငရဲသား -စသည်တို့) ၏ ပဋိသန္ဓေစိတ်ကား-**

အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တိရဏစိတ် ဖြစ်ပါသည်။

**(စာပိုဒ်-၁၇) ဖြင့်-** (ဇစ္စန္ဓ စသော လူနှင့် အချို့သော ဝိနိပါတိကပါတိက အသုရာ) သုဂတိအဟိတ် ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေကို ပြပါသည်။

## အဓိပ္ပါယ်

အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တိရဏစိတ်သည် ထိုဇစ္စန္ဓ စသော လူနှင့် အချို့သော ဝိနိပါတိကပါတိက အသုရာတို့၏ သန္တာန်၌ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်လျက် ဖြစ်၏။

ထို့ကြောင့် ထိုပုဂ္ဂိုလ်များကို သုဂတိဘုံသား ဖြစ်သောကြောင့်၎င်း, အဟိတ်စိတ်ဖြင့် ပဋိသန္ဓေ နေသောကြောင့်၎င်း **“သုဂတိအဟိတ်ပုဂ္ဂိုလ်”** ဟု ဆိုအပ်၏။

## ဇစ္စန္ဓ အဓိပ္ပါယ်။

စက္ခုပသာဒကို ဖြစ်စေနိုင်မည့် ကံမရှိ၍ စက္ခုပသာဒ ဖြစ်ချိန်မှာ စက္ခုပသာဒ ဖြစ်ပေါ် မလာသူကို **“ဇစ္စန္ဓ (ဝ၁) ပဋိသန္ဓေကန်းသူ”** ဟု ခေါ်ပါသည်။

**မှတ်ချက်။** စက္ခုပသာဒဖြစ်ပြီးမှ တစ်စုံတစ်ခုသောဘေးရန်ကြောင့် မျက်စိပျက် သွားသူကို “ဇစ္စန္ဓ (ဝါ) ပဋိသန္ဓေကန်းဟု မခေါ်ချေ ။

## ဇစ္စန္ဒာဒိဌ် အာဒိသဒ္ဒါဖြင့် –

ပဋိသန္ဓေအားဖြင့် နားထိုင်းသူ၊ ပဋိသန္ဓေအားဖြင့် ဃာနမရှိသူ၊ ပဋိသန္ဓေအားဖြင့် ဆွံ့အသူ၊ ပဋိသန္ဓေအားဖြင့် ထိုင်းမှိုင်းသူ၊ ပဋိသန္ဓေ အားဖြင့် ရူးနှမ်းသူ၊ ဥဘတောဗျည်း၊ နပုံး၊ ပဏ္ဍုက်၊ မမ်းစွဲသူတို့ကို ယူရပါသည်။

**ဆောင်။ ။** ဇစ္စန္ဓာဒိ သဒ္ဒါရှိဝယ် အာဒိအရ ဗဓိရနှင့် မူဂ-ဇဠာ ဥမ္မတ္တာပဏ္ဍကော ဥဘတောဗျည်း တနည်းထုံးပြ နပုံးသကပြင် မမ္မတွင်သည့် လူစဉ်မမီ လူမည်ကာသား ထိုလူများကို သွယ်ပွား ယူရလေသတည်း။

## ဘုမ္မဇိုဝ်းနတ် အဓိပ္ပါယ်။

မြေကြီးနှင့် စပ်သော တောစောင့်နတ်၊ တောင်စောင့်နတ်၊ အိမ်စောင့်နတ်၊ မြို့ရွာစောင့်နတ်၊ သစ်ပင်စောင်နတ်၊ မြေစောင့် နတ်ဟူသမျှကို **“ဘုမ္မဇိုဝ်းနတ်”** ဟု ခေါ်ပါသည် ။

## ဘုမ္မသိတ – နတ်ငယ်များ။

ထိုဘုမ္မဇိုဝ်းနတ်များကို မှီခို၍ နေကြသော ဘုမ္မသိတနတ်များသည် အစားအသောက် ဆင်းရဲလှ၍, တဇ္ဇေ မြေဘုတ်များနှင့် မခြားနားသဖြင့် အချို့အရာဝယ် “ပိသာ စ=မြေဘုတ် ပြိတ္တာ” ဟုပင် သုံးစွဲထားသည်၊ အကြိုအကြား၌ ထမင်းလုံး ဟင်းပေါက် အပုပ်အစပ်များကိုပင် ရှာဖွေ၍ စားသောက်ကြရ၏၊ အချို့မှာ လူများကို ပူးကပ်ဖမ်းစားလျက် လူတို့က ပစ်အပ်သော တဇ္ဇေစာ (ခေါစာ)ကို စားသောက်ကြရ၏။

## ဝိနိပါတိကအသုရာအဓိပ္ပါယ်

စည်းစိမ်ဥစ္စာ၊ အိပ်ရာ၊ နေရာကောင်းစွာမရှိပဲ ဖောက်ပြန်ပျက်စီး ၍နေသော နတ်သေး နတ်မွှား နတ်အငယ်စားတို့ကို “ဝိနိပါတိကအသုရာ” ဟု ခေါ်ပါသည် ။

**မှတ်ချက်။ ။** ဝိနိပါတိကအသုရာနတ်များသည် ဘုမ္မဇိုဝ်းနတ်ကြီး များကို မှီခို၍နေကြရသည်။

ဤဝိနိပါတိကအသုရာသာမက, ဝေမာနိကပြိတ္တာဟု ခေါ်အပ်သော နတ်များတွင် အချို့ နတ်များလည်း ဤအဟိတ်ကုသလဝိပါက် သန္တီရဏဖြင့် ပဋိသန္ဓေနေကြရ၏၊ ဤဝိနိပါတိကာ

အသုရာနှင့် ဝေမာနိကပြိတ္တာတို့သည် မဟာဝိပါက်စိတ်များဖြင့်လည်း ပဋိသန္ဓေ နေနိုင် ရကား ဒွိဟိတ် တိဟိတ်ပုဂ္ဂိုလ်များလည်းရှိကောင်းသဖြင့် တချို့မှာ တရားထူး ကိုပင် ရနိုင်ကြသည်။

**မေး။ ယောက်ျားရှာ၊ မိန်းမရှာ၊ ဂန်တူးများသည် အဘယ်ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေနေခဲ့ပါသနည်း ။**

**ဖြေ။** အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုဟ်သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေခဲ့ပါသည်။

**"လူသည် မျောက်မှ ဆင်းသက်လာသည်" ဟူသော ပညာရှင်၏အဆို မမှန်ပါ။**

(စာပိုဒ်-၁၆/၁၇/၁၈) တို့ကိုထောက်

**လူစဉ်မမှီ လူသားတို့၏ ပဋိသန္ဓေစိတ်ပြပါဋ္ဌိ =** စာပိုဒ် - ၁၇။

**(စာပိုဒ် ၁၈) ဖြင့်-** ဒွိဟိတ်, တိဟိတ်ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေကို ဝါ- သဟိတ် ပဋိသန္ဓေကို ပြပါသည်။

**အဓိပ္ပါယ်**

မဟာဝိပါက်စိတ် ၈-ပါးတို့သည် ကာမသုဂတိ ၇-ဘုံလုံး၌ ပဋိသန္ဓေ, ဘဝင် စုတိကိစ္စတပ်လျက် ဖြစ်ကြပါသည်။

**ကာမသုဂတိ ၂- ခု အထူး**

ကာမသုဂတိယံ မနုဿာနဋ္ဌဝ ၌ ကာမသုဂတိယံ အရ - လူ့ဘုံနှင့် စာတု မဟာရာဇ်ဘုံတို့ကို ယူရပါမည်။

သဗ္ဗတ္ထာပိ ကာမသုဂတိယံ-၌ ကာမသုဂတိ အရ- ကာမသုဂတိ၇-ဘုံကို ယူရပါမည်။

**လူစဉ်မှီလူသားတို့၏ ပဋိသန္ဓေစိတ်ပြပါဋ္ဌိ =** စာပိုဒ် - ၁၈

**အဟိတ် ပဋိသန္ဓေပြ သင်္ဂဟပါဠိ =** စာပိုဒ် ၁၆/၁၇

**သဟိတ်ပဋိသန္ဓေပြပါဠိ =** စာပိုဒ် ၁၈။

**ကာမသုဂတိ ပဋိသန္ဓေ ၉–ပါးပြ သင်္ဂဟပါဠိ =** စာပိုဒ် ၁၇/၁၈

**စာပိုဒ် ၁၉ ဖြင့် –** ကာမသုဂတိပဋိသန္ဓေ ၉- ပါး နိဂုံးကို ပြပါသည်။

**ကာမသုဂတိ ပဋိသန္ဓေ (၉) ပါး ( ဣမာ နဝ၌ နဝ အရ) ကား–**

အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၁-ပါး၊ မဟာဝိပါက်စိတ် ၈ ပါး တို့ ဖြစ်ပါသည်။

**စာပိုဒ် ၂၀ ဖြင့် –** ကာမပဋိသန္ဓေ ၁၀-ပါး နိဂုံးကို ပြပါသည်။

**ကာမပဋိသန္ဓ ၁၀–ပါးကား –**

အပါယ်ပဋိသန္ဓေ ၁-ပါး၊ ကာမသုဂတိပဋိသန္ဓေ ၉-ပါး တို့ ဖြစ်ပါသည်။

**ကာမပုဂ္ဂိုလ်တို့၏ အသက်တမ်းကို ပြဆိုသောပါဠိများ =** စာပိုဒ် ၂၁/၂၂/၂၃ ။

**စာပိုဒ် ၂၁ ဖြင့် –** သက်တမ်းမမြဲသော ပုဂ္ဂိုလ်တို့ကို ပြပါသည်။

**သက်တမ်းမမြဲသော ပုဂ္ဂိုလ်တို့ကား–**

အပါယ်လေးဘုံသားနှင့် လူ, ဝိနိပါတိကအသူရာ တို့ဖြစ်ပါသည်။

**ဆောင်–**

အပါယ်လူ့ဇာတ် ဝိနိပါတ်တို့ တချို့တစ်ရက် တစ်နံနက်မျှ

အသက်သချေ် တချို့နေ မှတ်လေ သက်တမ်း မမြဲတည်း။

**မြင်းအသက် ၇-နှစ်၊ ဆင်အသက် (၇၀) ဟူသောစကား မှန်ကန်မှု ရှိ/မရှိ**

(စာပိုဒ်-၂၁) ကိုထောက်၍ အပါယ် ၄-ဘုံသား, လူ, ဝိနိပါတိက အသုရာ-တို့သည် သက်တမ်း သတ်မှတ်ချက် မရှိသောကြောင့် မှန်ကန်မှု မရှိပါ။

**ကျွန်းကြီး လေးကျွန်းသားတို့၏ အသက်တမ်း**

**၁။ အရှေ့ကျွန်းသူ / သားတို့မှာ–** အသက်တမ်း (၇၀၀) တိုင် နေထိုင်ရ၏။

**၂။ အနောက်ကျွန်းသူ / သားတို့မှာ–**အသက်တမ်း (၅၀၀) တိုင် နေထိုင်ကြရ၏ ။

**၃။ မြောက်ကျွန်းသူ / သားတို့မှာ–** အသက်တမ်း (၁၀၀၀) တိုင် နေထိုင်ကြရ၏။

**၄။ တောင်ကျွန်းသူ / သားများကား–** အသက်တမ်း အပိုင်းအခြား အတိအကျ မရှိကြပါ။

**ဆောင်–**

ရှေ့ခုနစ်ရာ နောက်ငါးရာ မြောက်မှာ တစ်ထောင်မြဲ ၊

တောင်ကျွန်းမှာကား သက်ပိုင်းခြား မှတ်သားမြဲမရှိ။

**စာပိုဒ် ၂၃ ဖြင့် –** နတ်ပြည် ၆-ထပ် သက်တမ်းကို ဝါ- သက်တမ်း မြဲသော ကာမပုဂ္ဂိုလ်တို့၏ အသက်တမ်းကို ပြပါသည်။

**စတုမဟာရာဇ်နတ်သက်ကို လူသက်ဖြင့် ပွားပုံ**

စတုမဟာရာဇ်နတ်တို့၏ ၁-ရက်သည် လူသက်တမ်းအားဖြင့် ၅၀-ရှိသောကြောင့် စတုမဟာရာဇ်နတ်ရက် ၃၀- တစ်လဆိုလျှင် လူသက်တမ်းမှာ ၅၀ × ၃၀- အနှစ် ၁၅၀၀- ဖြစ်၍ စတုမဟာရာဇ်နတ်သက် ၁၂-လ တစ်နှစ်ဆိုလျှင် လူသက်တမ်းမှာ ၁၅၀၀ × ၁၂ = အနှစ် ၁၈၀၀၀- ဖြစ်၏။ ၎င်း စတုနတ်သက် အနှစ် ၅၀၀- ဆိုလျှင် ၅၀၀ × ၁၈၀၀၀ = ၉၀၀၀၀၀၀ ကိုးသန်းမှာ လူအသက်တမ်း ဖြစ်လေ၏။ (အထက်နတ်များ နည်းတူ တွက်နိုင်သည်။)

**နတ်ပြည် ၆-ထပ် သက်တမ်း-**

**စတုမဟာရာဇ်=** **နတ်သက်** ၅၀၀၊ **လူတို့သက်တမ်း** ၉-သန်း။

**တာဝတိံသာ=** **နတ်သက်** ၁၀၀၀၊ **လူသက်တမ်း** ၃ကုဋေ ၆သန်း။

**ယာမာ=** **နတ်သက်** ၂၀၀၀၊ **လူသက်တမ်း** ၁၄ကုဋေ ၄သန်း။

**တုသိတာ=** **နတ်သက်** ၄၀၀၀၊ **လူသက်တမ်း** ၅၇ကုဋေ ၆သန်း။

**နိမ္မာနရတီ=** **နတ်သက်** ၈၀၀၀၊ **လူသက်တမ်း** ၂၃၀ကုဋေ ၄သန်း။

**ပရနိမ္မိတဝသဝတ္တီ=** **နတ်သက်** ၁၆၀၀၀၊ **လူသက်တမ်း** ၉၂၁ကုဋေ ၆သန်း။

**နိယံ ။** နတ်မှာနှစ်ဆ လူလေးဆ တက်ကြစဉ်တိုင်းသာ။

**နဝသဠေကဝီသစသော ဂါထာသည် -** ပရနိမ္မိတ ဝသဝတ္တီနတ်သက်တို့၏ သက်တမ်းကို (လူတို့၏ အရေအတွက်အားဖြင့်) ရေတွက်ပြသောဂါထာဖြစ်သည်။

**ပရနိမ္မိတ ဝသဝတ္တီနတ်သက်တို့၏ သက်တမ်းကို လူတို့၏ အရေအတွက်အားဖြင့်-**

၉၂၁ ကုဋေ၊ အနှစ် ၆-သန်း ဖြစ်ပါသည်။

## ရူပပဋိသန္ဓေ ၆- ပါး

**စာပိုဒ် ၂၄ ဖြင့် -** ရူပ ပထမဈာန်ဘုံသားတို့၏ ပဋိသန္ဓေ (ဘဝင်၊ စုတိ)စိတ် တို့ကို ပြပါသည်။

## အဓိပ္ပါယ်

ရူပ ပထမဈာန်ဝိပါက်စိတ်သည် ရူပ ပထမဈာန်ဘုံ၌ ပဋိသန္ဓေ ဘဝင် စုတိကိစ္စ တပ်၍ ဖြစ်ပါသည်။

**ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပုရောဟိတာ၊ မဟာဗြဟ္မာ(ပထမဈာန်ဗြဟ္မာ)တို့၏ ပဋိသန္ဓေစိတ်ကား-**

ရူပ ပထမစျာန်ဝိပါက်စိတ်ဖြစ်ပါသည်။

**စာပိုဒ် ၂၅ ဖြင့်-** ရူပ ဒုတိယစျာန်ဘုံသားတို့၏ ပဋိသန္ဓေ (ဘဝင်၊ စုတိ)စိတ်တို့ကို ပြပါသည်။

**အဓိပ္ပါယ်**

ရူပ ဒုတိယစျာန်ဝိပါက်, တတိယစျာန်ဝိပါက်စိတ်သည် ရူပဒုတိယစျာန်ဘုံ၌ ပဋိသန္ဓေ ဘဝင် စုတိ ကိစ္စတပ်၍ ဖြစ်ပါသည်။

**ပရိတ္တာဘာ၊ အပ္ပမာဏာဘာ၊ အာဘဿရာဗြဟ္မာတို့၏ ပဋိသန္ဓေစိတ်ကား-**

ရူပ ဒုတိယစျာန်ဝိပါက်, တတိယစျာန်ဝိပါက်စိတ်တို့ ဖြစ်ပါသည်။

**စာပိုဒ် ၂၆ ဖြင့်-** ရူပ တတိယစျာန်ဘုံသားတို့၏ ပဋိသန္ဓေ (ဘဝင်၊ စုတိ)စိတ်တို့ကို ပြပါသည်။

**အဓိပ္ပါယ်**

ရူပစတုတ္ထစျာန်ဝိပါက်စိတ်သည် ရူပတတိယစျာန်ဘုံ၌ ပဋိသန္ဓေ ဘဝင် စုတိ ကိစ္စတပ်၍ ဖြစ်ပါသည်။

**ပရိတ္တသုဘာ၊ အပ္ပမာဏသုဘာ၊ သုဘကိဏှာဗြဟ္မာ(တတိယစျာန်ဗြဟ္မာ)တို့၏ ပဋိသန္ဓေစိတ်ကား-**

ရူပ စတုတ္ထစျာန်ဝိပါက်စိတ်ဖြစ်ပါသည်။

**စာပိုဒ် ၂၇ ဖြင့်-** ရူပ စတုတ္ထစျာန်ဘုံသားတို့၏ ပဋိသန္ဓေ (ဘဝင်၊ စုတိ)စိတ်တို့ကို ပြပါသည်။

**အဓိပ္ပါယ်**

ရူပ ပဥ္စမဈာန်ဝိပါက်သည် ရူပစတုတ္ထဈာန်ဘုံ၌ ပဋိသန္ဓေ ဘဝင် စုတိ ကိစ္စ တပ်၍ ဖြစ်သည်။

**ဝေဟပ္ဖိုလ်၊ သုဒ္ဓါဝါသဖြဟ္မာတို့၏ ပဋိသန္ဓေစိတ်ကား-**

ရူပ ပဥ္စမဈာန်ဝိပါက်စိတ်ဖြစ်ပါသည်။

**မှတ်ချက်။ ။** ဒုတိယဈာန်ဝိပါက်လည်း ဒုတိယဈာန်ဘုံ, တတိယဈာန်ဝိပါက်လည်း ဒုတိယဈာန်ဘုံ၌ အကျိုးပေးပုံသည်ငင်း၊ စတုတ္ထဈာန်ဝိပါက်က တတိယဈာန် ဘုံ၌ , ပဥ္စမဈာန်ဝိပါက်က စတုတ္ထဈာန်ဘုံ၌ အကျိုးပေးပုံသည်ငင်း မညီမျှဘဲ ဖြစ် နေ ၏။ ဘုံမှာ ပဥ္စမဈာန်ဘုံ မရှိသောကြောင့် ဖြစ်ပါသည်။ သို့အတွက် ဈာန်ကို စတုက္က နည်းဖြင့် ဝေဖန်လျှင် ညီမျှ၏။

**ပဥ္စမဈ္ဈာနဝိပါကံ စတုတ္ထဈ္ဈာနဘူမိယံ-၌ စတုတ္ထဈ္ဈာန ဘူမိ- အရ-**

အသညသတ်ဘုံကို သီးခြားဆိုလတ္တံ့ဖြစ်သောကြောင့် ဝေဟပ္ဖိုလ်ဘုံနှင့် သုဒ္ဓါဝါသ ၅-ဘုံ တို့ကိုသာ ယူရပါမည်။ **(သာဓက)** စာပိုဒ်-၂၈။

**စာပိုဒ်-၂၈ ဖြင့် -** အသညသတ်ဖြဟ္မာတို့၏ ပဋိသန္ဓေ (ဘဝင်၊ စုတိ)တို့ကို ပြပါသည်။

## အဓိပ္ပါယ်

အသညသတ် ဖြဟ္မာတို့အား ဇီဝိတနဝက ကလာပ်ရုပ်သည်သာ ပဋိသန္ဓေကိစ္စတပ်လျက် ဖြစ်ပါသည်၊ ထို့အတူ ပဝတ္တိအခါ စုတိအခါတို့၌လည်း ဇီဝိတနဝက ကလာပ်ရုပ်သည်ပင် ဘဝင် ကိစ္စ စုတိကိစ္စတပ်လျှက် ဖြစ်ပြီးနောက် ချုပ်ပါသည်။

**အသညသတ်ဖြဟ္မာတို့၏ ပဋိသန္ဓေ (ဘဝင်၊ စုတိ)ကား-**

ဇီဝိတနဝက ကလာပ်ရုပ်ဖြစ်ပါသည်။

**နာမ် ပဋိသန္ဓေ, ဘဝင်, စုတိများရှိသကဲ့သို့    ရုပ် ပဋိသန္ဓေ, ဘဝင်, စုတိများ ရှိ/ မရှိ**

(စာပိုဒ်-၂၈) ကိုထောက်၍ ရုပ်ပဋိသန္ဓေ, ဘဝင်, စုတိများ ရှိပါသည်။

## ဗဟုသုတမှတ်ဖွယ်

အသညသတ်ပြဟ္မာတို့ကား ဇီဝိတနဝကကလာပ်ခေါ်သော ရုပ်တရားဖြင့် ပဋိသန္ဓေ စတည်ခဲ့၏၊ ထို့နောက် ပဝတ္တိအခါ၌ ကမ္မဇရုပ် ဥတုဇရုပ်များသာ တည်ရှိ၏၊ ကာမဘုံတုန်းက စုတေတဲ့ ဣရိယာပုထ်အတိုင်းပင် အသညသတ်ဘုံ၌ ကမ္ဘာ(၅၀၀)ပတ်လုံး ရွှေတုံးကြီးလို တည်နေ၏၊ ကာမဘုံ၌ ထိုင်လျက် စုတေလျှင် ထိုဘုံ၌ ထိုင်လျက်, ရပ်လျက် အိပ်လျက် စုတေလျှင် ထိုဘုံ၌ ရပ်နေပုံ အိပ်နေပုံကို သိပါ၊ စုတေသည့်အခါလည်း ထိုရုပ်များ အဆုံးသတ် ချုပ်သည်ကိုပင် စုတေသည်ဟု ဆိုရပေသည်။ **(ဘာဋီ)**

အညသတ်ဘုံက သုဂတိဘုံ ဖြစ်သောကြောင့်ငင်း, ရုပ်ပဋိသန္ဓေမှာ အလောဘစသော ယှဉ်ဘက်ဟိတ် မရှိသောကြောင့်ငင်း အသညသတ်ဘုံသားများကို **"သုဂတိအဟိတ်"** ဟုခေါ်ရပါသည်။

**ဣမာ ဆ ရူပါဝစရပဋိသန္ဓိယော နာမ-ပါဠ်ဖြင့်-**

ရူပပဋိသန္ဓေ(ဘဝင်, စုတိ) ၆-ပါးကို နိဂုံးအုပ် ပြပါသည်။

**ရူပ ပဋိသန္ဓေ(ဘဝင်, စုတိ) ၆-ပါး (ဣမာ ဆ -၌ ဆ အရ- )**

ရူပါဝစရဝိပါက်စိတ် ၅- ပါး၊ ဇီဝိတနဝကကလာပ်ရုပ် ၁-ပါး၊ ပေါင်း ၆ ပါးဖြစ်ပါသည်။

**ရူပ ပဋိသန္ဓေ ၆-ပါးတွင်  နာမ်ပဋိသန္ဓေကို ပြဆိုသော ပါဠိ =** စာပိုဒ် ၂၄/၂၅/၂၆/၂၇။

**ရုပ်ပဋိသန္ဓေကို ပြဆိုသော  ပါဠိ =** စာပိုဒ် ၂၈။

## ရူပပုဂ္ဂိုလ်လ်တို့ သက်တမ်း

**စာပိုဒ် ၂၉၊ ၃၀၊ ၃၁ တို့ဖြင့်–** ပထမစျာန် ဖြဟ္မာတို့၏ အသက်တမ်းကို ပြပါသည်။

### ပထမစျာန် ဗြဟ္မာတို့၏ အသက်တမ်းများ

**ဗြဟ္မပါရိသဇ္ဇာသက်တမ်း** – အသင်္ချေယျကပ် သုံးပုံတစ်ပုံ။

**ဗြဟ္မပုရောဟိတာသက်တမ်း** – အသင်္ချေယျကပ် တစ်ဝက်။

**မဟာဗြဟ္မာသက်တမ်း** – အသင်္ချေယျကပ် တစ်ကပ်။

### ပထမစျာန်ဘုံ၌ အသင်္ချေယျကပ်ဖြင့် ရေတွက်ရခြင်းအကြောင်း–

ပဌမစျာန်သုံးဘုံသည် ကမ္ဘာပျက်သည့်အခါတိုင်း မလွတ်သောကြောင့် မဟာကပ် တစ်ခုလုံး ပြည့်အောင် မတည်နိုင်ချေ၊ ထို့ကြောင့် ထိုပဌမစျာန်ဗြဟ္မာတို့၏ သက်တမ်းကို မဟာကပ်ဖြင့် မရေတွက်ဘဲ မဟာကပ်၏ လေးပုံတစ်ပုံဖြစ်သော အသင်္ချေယျကပ်ဖြင့်သာ ရေတွက်ရ၏၊

### ပရိတ္တာဘာ စသော( ဒု, တ, စ-စျာန်ဘုံ)အထက်ဘုံများကို မဟာကပ်ဖြင့် ရေတွက်ရခြင်းအကြောင်း-

ပရိတ္တာဘာ စသောအထက်ဘုံများကား ကမ္ဘာပျက်တိုင်းမပါ, တစ်ခါတစ်ရံသာ ပါသောကြောင့် ဒုတိယစျာန်ဗြဟ္မာ စသည်တို့၏ အသက်တမ်းကို မဟာကပ်ဖြင့် ရေတွက်ရသည်။။

### ကပ္ပအထူး

**စာပိုဒ် ၂၉/ ၃၀/ ၃၁တို့၌ ကပ္ပအရ** –အသင်္ချေယျကပ်ကို ယူရမည်။

**စာပိုဒ်၃၂မှစ၍ ၄၃ထိ၊ ဤစာပိုဒ်တို့၌ ကပ္ပအရ–** မဟာကပ်ကို ယူရမည်။

### ဩကာသလောက ပျက်စီးပုံ အကျဉ်း

ပဌမတစ်ကြိမ် မီးကြောင့်ပျက်၍ ထုံးစံအတိုင်း တည်ပြီးနောက်, အချိန်ရောက်က မီးကြောင့်ပင် ထပ်၍ ပျက်ရပြန်သည်၊ ဤနည်းအတိုင်း မီးဖျက်သောကမ္ဘာ (၇)ကမ္ဘာပြည့်ပြီး

နောက်, (၈)ကြိမ်မြောက်ကမ္ဘာမှာ ရေဖျက်သဖြင့် ပျက်သည်။ ဤသို့လျှင် "မီး(၇)ကြိမ် ရေတစ်ကြိမ်" အားဖြင့် အထပ်ထပ် ဖြစ်ပျက်ခဲ့လေရာ (မီးခုနစ်ကြိမ်က ခုနစ်ပတ်, ရေတစ်ကြိမ်ကလည်း ခုနစ်ပတ်လည်ပြီးနောက်, မီးခုနစ်ကြိမ်တစ်ပတ်လည်၍ ရေတစ်ကြိမ် ဖျက်ခွင့်ကြုံရာ) (၆၄) ကြိမ်မြောက် ကမ္ဘာ၌ လေဖျက်၍ ဩကာသလောကကြီးပျက်စီးရလေသည်။

## ကပ်အပြား

ကပ်သည် "**အာယုကပ်၊ အန္တရကပ်၊ အသင်္ချေယျကပ်၊ မဟာကပ်**" ဟု လေးမျိုးရှိပါသည်။ ထို ၄-မျိုးတို့တွင် -

ကာလအားလျော်စွာ သတ်မှတ်ထားအပ်သော အသက်အပိုင်းအခြားသည် "အာယုကပ်" မည်ပါသည်။ ဘုရားလက်ထက်တော်တုန်းက အသက်တစ်ရာတမ်းသည် "အာယု ကပ်"မည်၏။ လောကပညတ္တိကျမ်း၌ အနှစ်တစ်ရာလျှင် ဆယ်နှစ်ဆုတ်သည်ဟုဆိုသောကြောင့် **(တနည်း)** ယခုကာလ၌ အနှစ်တစ်ရာလျှင် တစ်နှစ်ဆုတ်သည်ဟု ပြောဆိုသောကြောင့် သာသနာ သက္ကရာဇ် နှစ်ထောင်ငါးရာကျော်ပြီဖြစ်ရကား အနှစ်တစ်ရာလျှင် တစ်နှစ်ဆုတ်ဖြင့် ရေတွက်လျှင် ၇၅-နှစ် တမ်းသည် **"အာယုကပ်"** မည်ပါသည်။

အသင်္ချေယျကပ်မှ တဖြည်းဖြည်းဆုတ်၍ ၁၀-နှစ်တမ်းတိုင်အောင်၊ ၁၀-နှစ်တမ်းမှ တရွေ့ရွေ့တက်၍ အသင်္ချေယျတိုင်အောင် ဆုတ်ကပ်, တက်ကပ်တစ်စုံသည် **"အန္တရကပ်"** မည်ပါသည်။

အန္တရကပ်ပေါင်း ၆၄-ကပ်သည် **"အသင်္ချေယျ ကပ်"** မည်ပါသည်။

ထို အသင်္ချေယျကပ်ပေါင်း ၄-ကပ်သည် **"မဟာကပ် (ဝါ) တစ်ကမ္ဘာ"** ဖြစ်၏။

ဥပမာ - အလျား,အနံ ယူဇနာတစ်ရာကျယ်သော ဂိုဒေါင်ကြီးအတွင်း၌ မုန့်ညှင်းဖြူစေ့ကလေးများကိုသွင်း၍ အနှစ်တစ်ရာတစ်ရာကြာမှ တစ်စေ့တစ်စေ့ယူပစ်ရာ မုန်ညှင်းစေ့ကလေး အားလုံးကုန်သွားသော်လည်း ထိုမဟာကပ်မှာ မကုန်သေးအောင်ပင် ရှည်လျား၏။

(သံယုတ်ပါဠိတော်-နှာ-၃၉၀)

### မီးကြောင့်ပျက်ဆီးသောဘုံများ

ကာမ(၁၁)ဘုံ၊ ပဌမစျာန်(၃)ဘုံ၊ ပေါင်း (၁၄)ဘုံ။

**ရေကြောင့်ပျက်ဆီးသောဘုံများ**

ကာမ(၁၁)ဘုံ၊ ပဌမစျာန်(၃)ဘုံ၊ ဒုတိယစျာန် (၃)ဘုံ ပေါင်း (၁၇)ဘုံ ။

**လေကြောင့်ပျက်ဆီးသောဘုံများ**

ကာမ(၁၁)ဘုံ၊ ပ-(၃)ဘုံ၊ ဒု-(၃)ဘုံ၊ တ(၃)ဘုံ၊ ပေါင်း (၂၀)ဘုံ ဖြစ်ပါသည် ။

**(တနည်း)** မီးဖျက်သောအကြိမ်၌ ပထမစျာန်(၃)ဘုံထိအောင် ပျက်စီး၏ ။ ရေဖျက်သောအကြိမ်၌ ဒုတိယစျာန်(၃)ဘုံထိအောင် ပျက်စီး၏ ။ လေဖျက်သောအကြိမ်၌ တတိယစျာန်(၃)ဘုံထိအောင် ပျက်စီး၏ ။

**စာပိုဒ် ၃၂၊ ၃၃၊ ၃၄ တို့ဖြင့်-** ဒု-စျာန် ဗြဟ္မာတို့၏ အသက်တမ်းကို ပြပါသည်။

**ဒု-စျာန် ဗြဟ္မာတို့၏ အသက်တမ်းများ**

| | | |
|---|---|---|
| **ပရိတ္တာဘာသက်တမ်း** | - | မဟာကပ် နှစ်ကပ်။ |
| **အပ္ပမာဏာဘာသက်တမ်း** | - | မဟာကပ် လေးကပ်။ |
| **အာဘဿရာသက်တမ်း** | - | မဟာကပ် ရှစ်ကပ်။ |

**စာပိုဒ် ၃၅၊ ၃၆၊ ၃၇ တို့ဖြင့်-** တ-စျာန် ဗြဟ္မာတို့၏ အသက်တမ်းကို ပြပါသည်။

**တ-စျာန် ဗြဟ္မာတို့၏ အသက်တမ်း-**

| | | |
|---|---|---|
| **ပရိတ္တသုဘာသက်တမ်း** | = | မဟာကပ် ဆယ့်ခြောက်ကပ်။ |
| **အပ္ပမာဏသုဘာသက်တမ်း** | = | မဟာကပ် သုံးဆယ့်နှစ်ကပ်။ |
| **သုဘကိဏှာသက်တမ်း** | = | မဟာကပ် ခြောက်ဆယ့်လေးကပ်။ |

**စာပိုဒ် ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂၊ ၄၃ တို့ဖြင့်-** စတု-စျာန် ဗြဟ္မာတို့၏ အသက်တမ်းကို ပြပါသည်။

ထိုတွင်-**စာပိုဒ် ၃၈ ဖြင့်-** ဝေဟပ္ဖိုလ်နှင့် အသညသတ်ဗြဟ္မာတို့၏ အသက်တမ်းကို ပြပါသည်။

**ဝေဟပ္ဖိုလ်, အသညသတ် ဗြဟ္မာတို့၏ သက်တမ်း** – မဟာကပ် ငါးရာ။

**စာပိုဒ် ၃၉၊ ၄၀၊ ၄၁၊ ၄၂၊ ၄၃ တို့ဖြင့်-** သုဒ္ဓါဝါသဗြဟ္မာတို့၏အသက်တမ်းကို ပြပါသည်။

**သုဒ္ဓါဝါသဗြဟ္မာတို့၏အသက်တမ်း**

| | | |
|---|---|---|
| **အဝိဟာသက်တမ်း** | – | မဟာကပ် တစ်ထောင်။ |
| **အတပ္ပါသက်တမ်း** | – | မဟာကပ် နှစ်ထောင်။ |
| **သုဒဿာသက်တမ်း** | – | မဟာကပ် လေးထောင်။ |
| **သုဒဿီသက်တမ်း** | – | မဟာကပ် ရှစ်ထောင်။ |
| **အကနိဋ္ဌာသက်တမ်း** | – | မဟာကပ်တစ်သောင်းခြောက်ထောင်။ |

**စာပိုဒ် ၄၄ ဖြင့် –** အရူပ ပဋိသန္ဓေ (ဘဝင်, စုတိ) ၄- ပါးကို ပြပါသည်။

**အရူပပဋိသန္ဓေ (၄)ပါး (ယထာက္ကမ တွဲစပ်ပုံ)**

၁။ အာကာသာနဉ္စာယတန ဝိပါက်စိတ်သည် အာကာသာနဉ္စာယတနဘုံသား၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ် ဖြစ်ပါသည်။

၂။ ဝိညာနဉ္စာယတနဝိပါက်စိတ်သည် ဝိညာနဉ္စာယတနဘုံသား၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ် ဖြစ်ပါသည်။

၃။ အာကိဉ္စညာယတန ဝိပါက်စိတ်သည် အာကိဉ္စညာယတနဘုံ သား၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ် ဖြစ်သည်။

၄။ နေဝသညာနာသညာယတန ဝိပါက်စိတ်သည် နေဝသညာနာသညာယတနဘုံသား၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ် ဖြစ်သည်။

**စာပိုဒ် ၄၅/၄၆/၄၇/၄၈ဖြင့်-** အရူပပုဂ္ဂိုလ်တို့၏ သက်တမ်းကို ပြပါသည်။

**အရူပပုဂ္ဂိုလ်တို့ သက်တမ်း**

**အာကာသာနဉ္စာယတနပြဟ္မာ သက်တမ်းကား -** မဟာကပ် နှစ်သောင်းဖြစ်ပါသည်။

**ဝိညာနဉ္စာယတနပြဟ္မာ သက်တမ်း -** မဟာကပ် လေးသောင်းဖြစ်ပါသည်။

**အာကိဉ္စညာယတန ပြဟ္မာ သက်တမ်း -** မဟာကပ် ခြောက်သောင်းဖြစ်ပါသည်။

**နေဝသညာ နာသညာယတန ပြဟ္မာ သက်တမ်း -** မဟာကပ် ရှစ်သောင်းလေးထောင်ဖြစ်ပါသည်။

**ပဋိသန္ဓေ (၂၀)ပါး**

အကုသလဝိပါက်ဥပေက္ခာသန္တီ ရဏာစိတ် ၁-ပါး၊ ကုသလဝိပါက် ဥပေက္ခာသန္တီရဏာစိတ် ၁-ပါး၊မဟာဝိပါက်စိတ် ၈-ပါး၊ ရူပဝိပါက်စိတ် ၅-ပါး၊ အရူပဝိပါက်စိတ် ၄-ပါး၊ ဇီဝိတနဝက ကလာပ်ရုပ် ၁-ပါး။

**မှတ်ချက်။ ပဋိသန္ဓေစိတ် ဟုမေးက ဇီဝိတနဝကကလာပ်ရုပ် ၁-ပါးနုတ်၍ (၁၉)ပါးဟု ဖြေပါ။**

**ဘဝင် ၃-ပါးကား**

(၁) ဝေဟပ္ဖိုလ်ဘုံသည် ပုထုဇ္ဇနဘဝင် မည်၏။

(၂) အကနိဋ္ဌာဘုံသည် အရိယာဘဝင် မည်၏။

(၃) နေဝသညာနာသညာယတနဘုံသည် သဗ္ဗဘဝင် မည်၏။

**ပဋိသန္ဓိ ဘဝင်္ဂ စသော စာပိုဒ် ၄၉ ဂါထာဖြင့်-**

တစ်ဘဝ၌ တူမြဲတရား ၃-ပါးကို ပြပါသည်။

**တစ်ဘဝ၌ တူမြဲတရား ၃ပါးကား-**

ပဋိသန္ဓေ, ဘဝင်, စုတိတို့ ဖြစ်ပါသည်။

**တူပုံအခြင်းအရာ**

ဘူမိ, ဇာတိ, သမ္ပယုတ္တဓမ္မ, သင်္ခါရအားဖြင့် တူကြပါသည်။

ဥပမာ။ ။ ပဋိသန္ဓေစိတ်သည် ဘုံအားဖြင့် ကာမဘုံ၊ ဇာတ်အားဖြင့် အဗျာကတဇာတ်၊ သမ္ပယုတ္တဓမ္မအားဖြင့် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်၊ သင်္ခါရအားဖြင့် အသင်္ခါရိက တို့ဖြစ်အံ့ ဘဝင်, စုတိစိတ်တို့သည်လည်း ပဋိသန္ဓေစိတ်နည်းတူ ကာမဘုံ၊ အဗျာကတဇာတ်၊ သောမနဿသဟဂုတ်ဉာဏသမ္ပယုတ်၊ အသင်္ခါရိကတို့ ဖြစ်ကြပါသည်။ ပဋိသန္ဓေစိတ်သည် ကံကို အာရုံပြုလျှင် ဘဝင်, စုတိစိတ်များလည်း ပဋိသန္ဓေစိတ်နည်းတူ ကံကို အာရုံပြုကြ ပါသည်။

**တစ်ဘဝ၌ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့ တူရမည်ဟုဆိုရာ မုချအားဖြင့် မှတ်ရမည်လော? သာဓက ပြ ဖြေပါ။**

ဝီထိပိုင်း တဒါရမ္မဏ နိယမ စာပိုဒ်၂၈ ဝယ် **"တသ္မာ ယဒိ သောမနဿ ပဋိသန္ဓိကဿ"** စသော အာဂန္တုက ဘဝင်စိတ်ဖြစ်ပုံကို ထောက်၍ တစ်ဘဝ၌ ပဋိသန္ဓေ ဘဝင် စုတိစိတ်တို့ တူရမည်ဟူသောစကား မုချအားဖြင့် မမှတ်ရပါ။

## ကမ္မစတုက္က

### ကမ္မစတုက္ကခေါ်ပုံ

ကုသိုလ်,အကုသိုလ် စေတနာကို ကံဟုခေါ်သည်။ ထိုကံလေးမျိုးအပေါင်းကို ကမ္မစတုက္က ဟုခေါ်ပါသည်။

(၁) ကိစ္စစတုက္က = ကံတို့၏ လုပ်ငန်းဆောင်ရွက်ပုံ ကိစ္စ အားဖြင့်ပြားသော ကံ ၄-ပါး၊

(၂) ပါကဒါနပရိယာယစတုက္က = အကျိုးပေးပုံ အလှည့်အကြိမ်အားဖြင့် ပြားသောကံ ၄-ပါး၊

(၃) ပါကကာလစတုက္က = အကျိုးပေးရာ အချိန်ကာလအားဖြင့် ပြားသော ကံ ၄-ပါး၊

(၄) ပါကဌာနစတုက္က = အကျိုးပေးရာ ဘုံဌာနအားဖြင့် ပြားသော ကံ ၄-ပါး၊

**စာပိုဒ် ၅ဝ ဖြင့် –** ကိစ္စ၏ အစွမ်းဖြင့် ကံ၄-ပါးကို ပြပါသည်။

**ကိစ္စအားဖြင့် ကံ ၄-ပါးကား –**

ဇနကကံ, ဥပတ္ထမ္ဘကကံ, ဥပပီဠကကံ, ဥပဃာတကကံတို့ ဖြစ်ပါသည်။

## ကိစ္စ၏ အစွမ်းဖြင့် ကံ၄-ပါး အဓိပ္ပါယ်

၁။ ပဋိသန္ဓေအခါ၌ဖြစ်စေ၊ ပဝတ္တိအခါတို့၌ဖြစ်စေ ဝိပါက်နာမက္ခန္ဓာ၊ ကဋတ္တာရုပ် စသော အကျိုးဝိပါက်တို့ကို မိမိကိုယ်တိုင် ဖြစ်စေနိုင်သော ကုသိုလ်ကံ- အကုသိုလ် ကံစေတနာကို **"ဇနကကံ"** ဟု ခေါ်ပါသည်။

**ဝိပါက်စိတ်စေ, ရုပ်ထွေထွေကို, သန္ဓေပဝတ္တိ, ခွင့်ခါရှိသော်, မိမိကိုယ်တိုင်, ဖြစ်စေနိုင်, ခေါ်ပိုင် ဇနကကံ။**

၂။ ကိုယ်တိုင်အကျိုးပေးခြင်းငှာ မစွမ်းနိုင်သော်လည်း ဇနကကံ အကျိုးပေးခွင့် ရစေရန်လည်းကောင်း၊ အခွင့်ရပြန်လျှင်လည်း အကျိုးပေး ထက်သန်စေရန် လည်းကောင်း၊ အကျိုးပေးသည့် အခါမှာလည်း ထိုအကျိုးများ ကြာရှည် ဖွံ့ဖြိုးစေရန်လည်းကောင်း အားပေး ထောက်ပံ့တတ်သော ကုသိုလ်ကံ-အကုသိုလ်ကံ စေတနာကို **"ဥပတ္ထမ္ဘကကံ"**ဟု ခေါ်ပါသည်။

**အကျိုးပေးခွင့်, အခါသင့်အောင်, အခွင့်သင့်ပြန်, ကျိုးပေးသန်အောင်, ပေးပြန်ပြီးကာ, ရှည်မြင့်ကြာဖို့, လျော်စွာထောက်မ, ကူညီက, ဥပတ္ထမ္ဘကကံ။**

၃။ တစ်ပါးသောကံကို အကျိုးပေးခွင့်မရလေအောင်, အခွင့်ရပြန်လျှင် အကျိုးပေး မထက်သန်အောင်, ရပြီးသောအကျိုးကိုလည်း မဖွံ့ဖြိုးလေအောင် ကပ်၍ နှိပ်စက်တတ်သော ကံကို **"ဥပပီဠကကံ"** ဟု ခေါ်ပါသည်။

**အကျိုးပေးခွင့်, မရလင့်အောင်, ရသင့်လေပြန်, ကျိုးမသန်အောင်, ရပြန်အကျိုး, မဖွံ့ဖြိုးဖို့, အမျိုးမျိုးက, နှိပ်စက်လှ, ဥပပီဠကကံ။**

၄။ နှိပ်စက်ရုံတွင်မက တစ်ပါးသောကံကို လုံးဝ အကျိုးမပေး နိုင်စေရန်လည်းကောင်း၊ ပေးပြီးသော အကျိုးများကိုလည်း ပြတ်သွားစေရန်လည်းကောင်း၊ သတ်ဖြတ်သော ကုသိုလ်ကံ အကုသိုလ်ကံ စေတနာကို **"ဥပဃာတကကံ"** ဟု ခေါ်ပါသည်။

**နှိပ်စက်ရုံတွင်, မကချင်ဘဲ, ယခင်ထက်တိုး, ကံအကျိုးကို, ပယ်ချိုးနှိမ်ချ, သတ်ဖြတ် က, ဥပဃာတကကံ။**

**စာပိုဒ် ၅၁ ဖြင့်-** ပါကဒါန ပရိယာယ၏ အစွမ်းဖြင့် ပြားသော ကံ၄-ပါးကို ပြပါသည်။

**ပါကဒါနပရိယာယ၏ အစွမ်းဖြင့် ပြားသော ကံ၄-ပါးကား-**

ဂရုကံ, အာသန္နကံ, အာစိဏ္ဏကံ, ကဋတ္တာကံတို့ ဖြစ်ပါသည်။

## ဂရုကံစသော ကံလေးပါးတို့ အကျိုးပေးပုံ အစဉ်

သတ္တဝါတစ်ယောက်၌ ကံလေးမျိုးလုံးရှိလျှင် စုတေသည့်အခါ "ဂရုကံ" က အကျိုးပေးခွင့် အလှည့်ကြ၏။ ဂရုကကံမရှိလျှင် အာသန္နကံ-က အကျိုးပေးခွင့် အလှည့်ကြ၏။ အာသန္နကံ မရှိလျှင် အာစိဏ္ဏကံက အကျိုးပေးအလှည့်ကြ၏။ အာစိဏ္ဏကံ မရှိပြန်လျှင် ကဋတ္တာကံက အကျိုးပေးအလှည့်ကြ၏။ ဤသို့ အကျိုးပေးလှည့် အစဉ်အားဖြင့် ကံ ၄-မျိုးပြားသည်ကို ပါကဒါနပရိယာယစတုက္က ဟုခေါ်ပါသည်။

## ပါကဒါနပရိယာယ၏ အစွမ်းဖြင့် ပြားသော ကံ၄-ပါး အဓိပ္ပါယ်

၁။ တစ်ပါးသောကံတို့က မတားမြစ်နိုင်လောက်အောင် ကြီးလေးသော ကံကို **"ဂရုကံ"** ဟု ခေါ်ပါသည်။

**ဂရုကံအရ -**

ကုသိုလ်အရာ၌ မဟဂ္ဂုတ်(ဈာန်)ကံများနှင့် အကုသိုလ်အရာ၌ ပဉ္စာနန္တရိယကံများ ဖြစ်ပါသည်။ နိယတမိစ္ဆာဒိဋ္ဌိကံကိုလည်း ဂရုကကံ၌သာ သွင်းယူရပါသည်။

## မဂ်စေတနာကို ဂရုကံ၌ မသွင်းရခြင်းအကြောင်း

ဒုတိယဘဝ၌ ပဋိသန္ဓေ အကျိုးပေးမည့်ကံများကိုသာ ပြသော အရာဖြစ်သောကြောင့် မဂ်စေတနာကို ဂရုကံ၌ မသွင်းပါ။

၂။ သေခါနီး ကာလ၌ ပြုအပ်သောကံ (သို့မဟုတ်) ရှေ့က ပြုပြီးသားကို စုတေခါနီး၌ ထပ်၍ ဆင်ခြင်နေအပ်သော ကံကို **"အာသန္နကံ"** ဟုခေါ်ပါသည်။

၃။ နေ့စဉ်မပြတ် ဝတ်ထား၍ လေ့ကျက်အပ်သောကံ၊ တစ်ကြိမ်ပြုပြီး၍လည်း အဖန်ဖန် အထပ်ထပ် အောက်မေ့အပ်သော ကံတို့ကို **"အာစိဏ္ဏကံ"** ဟုခေါ်ပါသည်။

**အာစိဏ္ဏကံ အရ-**

ကုသိုလ်အရာ၌- ဘုရားရှိခိုး ဘုရားရေလှူ ပန်းလှူ ဆွမ်းလှူ ဥပုသ်စောင့်သုံးခြင်း စသည်နှင့် အကုသိုလ် အရာ၌- မုဆိုးတံငါပြုလုပ်ခြင်း စသည်ဖြစ်ပါသည်။

**အာသန္နကံနှင့် အာစိဏ္ဏကံတို့တွင် မည်သည့်ကံက အရင်အကျိုးပေးပါသနည်း**

အာသန္နကံသည် ခြံဝ၌နေသော နွားအိုကြီးနှင့် တူ၏။ အာစိဏ္ဏကံကား ခြံအတွင်းဘက် ရောက်နေသော နွားပျိုနှင့် တူပါသည်။ နွားခြံကို ဖွင့်ထုတ်လိုက်သောအခါ နွားခြံဝ၌နေသော နွားအိုကြီးက အရင်ထွက်၍ နွားပျိုက နောက်မှ ထွက်လာရသကဲ့သို့ အကျိုးပေးသောအခါ အာသန္နကံက အရင်အကျိုးပေး၍ အာစိဏ္ဏကံက နောက်မှအကျိုးပေးသည်။

၄။ ဂရုကံ, အာသန္နကံ, အာစိဏ္ဏကံ အခြေအနေသို့ မရောက်ဘဲ ဤဘဝ၌ အမှတ်တမဲ့ ပြုအပ်သော ကံများနှင့် ရှေးရှေးဘဝက ပြုခဲ့သော ကံတို့ကို **"ကဋတ္တာကံ"** ဟုခေါ်ပါသည် ။ တစ်နည်း - ရှေ့ကံသုံးပါးမှတပါးသော ပဋိသန္ဓေအကျိုးကို ပေးစွမ်းနိုင်သောကံကို **"ကဋတ္တာကံ"** ဟုခေါ်ပါသည် ။

ရှေ့ကံသုံးပါးတို့သည် ပစ္စုပ္ပန်ဘဝ၌သာ ဖြစ်ကုန်၏။ အနမတဂ္ဂ အတိတ်ဘဝ၌ ပြုပြု သမျှ ကံစုသည် ကဋတ္တာကံချည်းသာဟု **"ဒီပနီ"** ၌ ဆိုပါသည်။

**မေး။ အဇာတသတ်သည် ဖခင်ကိုသတ်ပြီးနောက် သာသနာတော်အတွက် သူမတူအောင် လှူဒါန်း၍ သာသနာပြုခဲ့ရာ အဇာတသတ်အား အဘယ်ကံသည် ပထမအကျိုးပေးမည်နည်း။**

**ဖြေ။** ဖခင်ကိုသတ်သောပိတုဃာတကကံသည် ဂရုကံဖြစ်သောကြောင့် ပထမ အကျိုးပေး ပါမည်၊ ကျန်သော အာစိဏ္ဏကံ၊ အာသန္နကံတို့သည်အကျိုး ပေးလှဲ့ မရောက်နိုင်သေးပါ။

**မေး။ ဒေါ်လှသည် နေ့စဉ်မှန်မှန် ဆွမ်းလောင်းခြင်း၊ ပန်းလှူခြင်းကို ပြု၍၊ သေခါနီးဆဲဆဲ၌ ဘုရားရှင်၏ ဂုဏ်တော်များကို ပွားများပြီးသေသွားခဲ့ရာ၌ ဒေါ်လှအား အဘယ်ကံက ပထမအကျိုး ပေးမည်နည်း။**

**ဖြေ။** နေ့စဉ်မှန်မှန်ဆွမ်းလောင်းခြင်း၊ ပန်းလှူခြင်းတို့သည် အာစိဏ္ဏကံ ဖြစ်သည်၊ သေခါနီး ဆဲဆဲ၌ကပ်၍ ဂုဏ်တော် ပွားများခြင်းသည် အာသန္နကံ ဖြစ်သည်၊ ထိုကံနှစ်မျိုးတို့တွင် ဒေါ်လှအား သေခါနီးဆဲဆဲပြုအပ်သော ဂုဏ်တော်ကိုပွားများသော အာသန္နကံက အကျိုးပေးပါမည် ။

**မေး။ သီရိမမ္မာသောကမင်းကြီးသည် ရေကန်ပေါင်း ရှစ်သောင်း လေးထောင်၊ စေတီပေါင်း ရှစ်သောင်း လေးထောင်၊ ကျောင်းပေါင်း ရှစ်သောင်း လေးထောင် လှူခဲ့ပြီး သေခါနီးတွင် သျှစ်ရှားသီး ပိုင်းကလေးကိုကြည့်ပြီးစိတ် မချမ်းမသာ ဖြစ်ခဲ့ရာ အဘယ်က အရင်အကျိုးပေး မည်နည်း ။**

**ဖြေ။** ရှေးကလှူခဲ့သောကံများသည် အာစိဏ္ဏကံဖြစ်သည်၊ သေခါနီးစိတ်မချမ်း မသာဖြစ်ခြင်း သည် အာသန္နကံဖြစ်သည်၊ ထိုသာသန္နကံအကျိုးပေးပါမည်။ ထိုအာသန္နကံကြောင့် စပါး ကြီးမြွေ (၇)ရက် ဖြစ်ရသည်ဟုဆိုပါမည်။ ဤကား-အကုသိုလ်ကံအကျိုးပေးပုံဖြစ်သည်။

**မေး။ တမ္ဗဒါဌိကသည် နှစ်ပေါင်း(၅၀)ကျော် လူသတ်ခဲ့ပြီး သေခါနီးတွင် ရှင်သာရိပုတ္တရာအား ဆွမ်း လှူဒါန်းရာ အဘယ်ကံက အရင်အကျိုးပေး မည်နည်း ။**

**ဖြေ။** လူသတ်ခဲ့ခြင်းသည် အာစိဏ္ဏကံဖြစ်သည်၊ သေခါနီး ဆွမ်းလှူဒါန်းခြင်းသည် အာသန္နကံ ဖြစ်၍ ထိုအာသန္နကံကြောင့် နတ်သားဖြစ်ရပါသည်။ ဤကား-အာသန္နကံအကျိုးပေးပုံ ဖြစ်သည်။

**စာပိုဒ် ၅၂ ဖြင့် –** ပါကကာလ၏အစွမ်းဖြင့် ပြားသော ကံ၄-ပါးကို ပြပါသည်။

**ပါကကာလ အားဖြင့် ကံ ၄-ပါးကား –**

၁။ ဒိဋ္ဌဓမ္မ ဝေဒနီယကံ၊ ၂။ ဥပပဇ္ဇဝေဒနီယကံ၊ ၃။အပရာပရိယဝေဒနိယကံ၊

၄။ အဟောသိကံတို့ ဖြစ်ပါသည်။

## ပါကကာလ၏အစွမ်းဖြင့် ပြားသော ကံ(၄)မျိုး အခိပ္ပါယ်

၁။ ဇော (၇)ကြိမ်တွင် ပဌမဇောစေတနာသည် **"ဒိဋ္ဌဓမ္မဝေဒနီယကံ"** မည်၏။ ထိုဒိဋ္ဌဓမ္မဝေဒနီယကံသည် ကံပြုရာ ယခုပစ္စုပ္ပန်ဘဝ၌ပင် အကျိုးပေးပါသည်။

၂။ သတ္တမဇောစေတနာသည် **"ဥပပဇ္ဇဝေဒနီယကံ"** မည်၏။ ထိုဥပပဇ္ဇဝေဒနီယကံသည် ပဋိသန္ဓေကျိုး, ပဝတ္တိကျိုး နှစ်မျိုးလုံးကိုဖြစ်စေ, တစ်မျိုးမျိုးကိုဖြစ်စေ အခြားမဲ့ ဒုတိယဘဝ၌ အကျိုးပေးပါသည်။

၃။ အလယ်ဇောငါးချက် စေတနာသည် **"အပရာပရိယဝေဒနီယကံ"** မည်၏။ ထိုအပရာပရိယဝေဒနီယကံသည် တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် အကျိုးပေးခွင့်ရှိ၏။

၄။ အကျိုးပေးသင့်သော ကာလကိုလွန်၍ လည်းကောင်း၊ အရဟတ္တမဂ်ဖြင့် တဏှာ အကြောင်းရင်းကို ပယ်သဖြင့် အာသေဝနပစ္စည်း မရ၍ လည်းကောင်း အကြောင်းချို့ကာ အကျိုးမပေးသော ဇော (၇)ချက် စေတနာသည် **"အဟောသိကံ"** မည်၏။

## ဇော(၇)ချက်၏ အဟောသိကံဖြစ်ပုံ

ပဌမဇောသည် အကျိုးမပေးဘဲ ပစ္စုပ္ပန်ဘဝကို လွန်လျှင် အဟောသိကံ ဖြစ်၏၊ သတ္တမဇောသည် အကျိုးမပေးဘဲ ဒုတိယဘဝကို လွန်လျှင် အဟောသိကံ ဖြစ်၏၊ အလယ်ဇောငါးချက်သည် အကျိုးမပေးဘဲ ဘဝပြတ်လျှင် အဟောသိကံ ဖြစ်၏။

**ပဇော ဒိဋ္ဌ, ခုဘဝ၊ မုချအကျိုးပေးတာ။ ဆုံးဇော ဥပ, ဒုဘဝ၊ မုချကျိုးပေးမှာ။**
**လယ်ဇောငါးဝ, အပရ၊ တမှ နိဗ္ဗူတာ။ အကျိုးမပေးသော ထိုထိုဇော၊ အဟောသိကံပါ။**

**မေး။ မောင်ပုဏ္ဏသည် ရှင်သာရိပုတ္တရာအား မျက်နှာသစ်ရေနှင့် ဒန်ပူများကို လှူဒါန်းသဖြင့် တစ်နေ့ တည်းမြေကြီးကရွှေသီး၍ သူဌေးကြီးဖြစ်ရခြင်းသည် အဘယ်ကံအကျိုးပေးခြင်း ဖြစ်ပါသနည်း ။**

**ဖြေ။** ဒိဋ္ဌဓမ္မဝေဒနီယကံအကျိုးပေးခြင်း ဖြစ်ပါသည်။

**မေး။ နန္ဒိယကျောင်းဒကာသည် မြတ်စွာဘုရားအား ကျောင်းဆောက်လှူဒါန်းခဲ့ပြီး နောက်ဘဝ၌ နတ်သားကြီးဖြစ်ရခြင်းသည် အဘယ်ကံအကျိုးပေး ခြင်း ဖြစ်ပါသနည်း။**

**ဖြေ။** ဥပပဇ္ဇဝေဒနီယကံအကျိုးပေးခြင်း ဖြစ်ပါသည် ။

**မေး။ ဒေဝဒတ်သည် သံဃာသင်းခွဲခြင်း၊ ဘုရားရှင်အား သွေးစိမ်းတည်အောင် ပြုခြင်းတို့ကြောင့် နောက်ဘဝ၌ ငရဲသို့လားရခြင်းသည် အဘယ်ကံ အ ကျိုးပေးခြင်း ဖြစ်ပါသနည်း ။**

**ဖြေ။** ဥပပဇ္ဇဝေဒနီယကံအကျိုးပေးခြင်းဖြစ်ပါသည်။

**စာပိုဒ် ၅၃ ဖြင့် –** ပါကဋ္ဌာန၏ အစွမ်းဖြင့် ပြားသော ကံ၄-ပါးကို ပြပါသည်။

## ပါကဋ္ဌာန (အကျိုးပေးရာ ဘုံဋ္ဌာန) ၏ အစွမ်းအားဖြင့် ကံ၄–ပါးကား–

အကုသိုလ်ကံ, ကာမာဝစရကုသိုလ်ကံ, ရူပါဝစရကုသိုလ်ကံ, အရူပါဝစရကုသိုလ်ကံ-တို့ဖြစ်ပါသည်။

ပဋိသန္ဓေကျိုးကိုပေးရာဖြစ်သော ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံဋ္ဌာနကို အကြောင်း ပြု၍ အမည်ရသော ကံမျိုးကို **"ပါကဋ္ဌာနကံ"** ဟုခေါ်ပါသည်။

## ကမ္မစတုက္ကတွင် ပါကဋ္ဌာနကိုသာ အကျယ်ပြရခြင်းအကြောင်း–

ကမ္မစတုက္ကတွင် ရှေ့စတုက္က၃- ပါးမှာ သုတ္တန်နည်းများဖြစ်၏၊ ပါကဋ္ဌာန ၁-ပါးတည်းသာ အဘိဓမ္မာနည်းဖြစ်ဖြစ်၏၊ ထို့ကြောင့် တတ္ထ အကုသလံ ကာယကမ္မံမှစ၍ ကမ္မစတုက္ကကုန်အထိ အကျယ်ပြတော်မူပါသည်။

**စာပိုဒ် ၅၄–ဖြင့်–** ကမ္မဒွါရ၏အစွမ်းဖြင့် ပြားသော အကုသိုလ်ကံ ၃- ပါးကို ပြပါသည်။

## ကမ္မဒွါရ၏အစွမ်းဖြင့် ပြားသော အကုသိုလ်ကံ ၃– ပါးကား–

အကုသိုလ် - ကာယကံ, ဝစီကံ, မနောကံတို့ဖြစ်ပါသည်။

**တတ္ထ အကုသလံ ကာယကမ္မံ စသည်ဖြင့်** - အကုသိုလ်ကာယကံ ၃-ပါးကို ပြပါသည်။

## အကုသိုလ် ကာယကံ ၃-ပါးကား

၁။ ပါဏာတိပါ၊ ၂။ အဒိန္နာဒါန၊ ၃။ ကာမေသုမိစ္ဆာစာရတို့ဖြစ်ပါသည် ။

### ပါဏာတိပါတ အဓိပ္ပါယ်-

ဇီဝိတိန္ဒြေကို ဖြေးဖြေးမကျစေပဲ လျှင်မြန်စွာ ကျစေခြင်းသည် **"ပါဏာတိပါတ"** မည်ပါသည် ။

(က) **ပါဏအရ-** ပညတ်အားဖြင့် သတ္တဝါရ၏ ။ ပရမတ်အားဖြင့် ဇီဝိတိန္ဒြေ ရ၏ ။

(ခ) **ပါဏာတိပါတအရ-** ထိုဇီဝိတိန္ဒြေသတ္တဝါ၌ သတ္တဝါဟုအမှတ်ရှိသောသူတို့၏ ဇီဝိတိန္ဒြေကို ဖြတ်ကြောင်း ကာယပယောဂ, ဝစီပယောဂကို ဖြစ်စေတတ်သော သန္နိဋ္ဌာပက သတ္တမဇော စေတနာ ရ၏ ၊

### အဒိန္နာဒါန အဓိပ္ပါယ်

အရှင်သည် ကိုယ်နှုတ်ဖြင့်မပေးအပ်သော သူတစ်ပါး၏ ဥစ္စာကို ခိုးယူခြင်းသည် **"အဒိန္နာဒါန"** မည်ပါသည် ။

### အဒိန္နာဒါနအရ-

သူတစ်ပါးဥစ္စာ၌ သူတစ်ပါးဥစ္စာဟုအမှတ်ရှိသောသူ၏ သူတစ်ပါးဥစ္စာကို ခိုးယူတတ်သော ကာယပယောဂ၊ဝစီပယောဂကို ဖြစ်စေတတ်သော ခိုးယူကြောင်းဖြစ်သော စေတနာရ၏။

### ကာမေသုမိစ္ဆာစာရအဓိပ္ပါယ်

မေထုန်ကိုကျူးလွန်ခြင်းဟုဆိုအပ်သော ကာမဂုဏ်တို့၌ မှားယွင်း၍ ကျင့်ခြင်း ဟုဆိုအပ်သော ယုတ်မာသောအကျင့်သည် **"ကာမေသုမိစ္ဆာစာရ"** မည်ပါသည် ။

## ကာမေသုမိစ္ဆာစာရ အရ–

မေထုန်မှီဝဲသည်၏အစွမ်းဖြင့် ကာယဒွါရ၌ဖြစ်သော မသွားလာအပ်သောအရာကို လွန်ကျူးကြောင်းဖြစ်သော စေတနာရ၏ ။

## သုရာပါနကို ကာမေသုမိစ္ဆာစာရ၌ သွင်းယူပုံ

အရက်သေစာ သောက်စားခြင်းဟုဆိုအပ်သော သူရာ မေရယမဇ္ဇပမာဒဋ္ဌာနကို ကာမ ဂုဏ်၌ မှားယွင်းသော အကျင့်ဖြစ်သောကြောင့် ကာမေသုမိစ္ဆာစာရ၌ သွင်းယူရပါသည်။

**မှတ်ချက်။ ။** အရက် သေစာ သောက်စားခြင်းသည် ကာယကံအကုသိုလ် ဖြစ်ပါသည်။

## "ကာယကံ" မည်ပုံ

ကာယဝိညတ်ဟုဆိုအပ်သော ကာယဒွါရ၌ များသောအားဖြင့် ဖြစ်သောကြောင့် **"ကာယကံ"** မည်၏။

**မေး။ ကာယဒွါရေ ဗာဟုလ္လဝုတ္တိတော၌ အဘယ့်ကြောင့် "ဗာဟုလ္လ" သဒ္ဒါကို ထည့်၍ ဆိုပါသနည်း။**

**ဖြေ။** ကာယကံသည် ကာယဒွါရ၌ များသောအားဖြင့်ဖြစ်သည်၊ အမြဲဖြစ်သည်မဟုတ်၊ အပွအားဖြင့် "သေစေ" ဟု အမိန့်ချသောမင်း စသည်တို့အား ဝစီဒွါရကြောင့်လည်း ဖြစ်သေး၏ဟုသိစေလိုသောကြောင့် "ဗာဟုလ္လ"သဒ္ဒါကို ဆိုပါသည် ။

**မုသာဝါဒေါ စသော စာပိုဒ် ၅၆ ဖြင့် –** ဝစီကံ ၄-ပါးကို ပြပါသည်။

## ဝစီကံ ၄ ပါးအဖွင့်

(၁) **မုသာဝါဒ =** မဟုတ်မမှန်သောဝတ္ထုကို ဟုတ်မှန်သောအားဖြင့် သူတစ်ပါးကို သိစေလိုသူ၏ ထိုသို့သိစေခြင်း ကာယပယောဂ၊ ဝစီပယောဂကို ဖြစ်စေ တတ်သော စေတနာသည် မုသာဝါဒမည်၏ ။

(၂) **ပိသုဏဝါစာ =** သူတစ်ပါးအား အချစ်ပျက်စေ၍ မိမိကိုချစ်စေလိုသဖြင့် သူတစ်ပါး အချစ်ပျက်ခြင်းကို ဖြစ်စေတတ်သောကာယပယောဂ ဝစီပယောဂကို ဖြစ်စေ တတ်သော စေတနာသည် ပိသုဏဝါစာမည်၏ ။

(၃) **ဖရုသဝါစာ =** သူတစ်ပါးမြတ်နိုးခြင်းကိုဖြတ်စေတတ်သော ကာယပယောဂ၊ ဝစီပယောဂကို ဖြစ်စေတတ်သော စင်စစ်ကြမ်းတမ်းသော စေတနာသည် ဖရုသဝါစာ မည်၏ ။

(၄) **သမ္ဖပ္ပလာပ =** သီတာမိဖုရားကို ဆောင်ခြင်းစသော အကျိုးမရှိသော အနက်ကို သိစေတတ်သော ကာယပယောဂ, ဝစီပယောဂကို ဖြစ်စေတတ်သော စေတနာသည် **သမ္ဖပ္ပလာပ** မည်၏။

## “ဝစီကံ” မည်ပုံ

ဝစီဝိညတ်ဟုဆိုအပ်သော ဝစီဒွါရ၌ များသောအားဖြင့် ဖြစ်သောကြောင့် “ဝစီကံ” မည်၏။

## ကာယဒွါရနှစ်ခုအထူး

**ပကိဏ်းပိုင်း ဒွါရသင်္ဂဟလာ ကာယဒွါရ အရ-** ကာယပသာဒရုပ်ကို ရပါသည်။

**ဝီထိမုတ်ပိုင်း ကမ္မစတုက္ကလာ ကာယဒွါရ အရ-** ကာယဝိညတ်ကို ရပါသည်။

**အဘိဇ္ဈာ ဗျာပါဒေါ စသော စာပိုဒ် ၅၇ ဖြင့်-** မနောကံ ၃-ပါးကို ပြပါသည်။

## မနောကံ ၃- ပါး

၁။ အဘိဇ္ဈာ၊ ၂။ ဗျာပါဒ၊ ၃။ မိစ္ဆာဒိဋ္ဌိတို့ဖြစ်ပါသည်။

## (၁) အဘိဇ္ဈာအဓိပ္ပါယ်၊

သူတစ်ပါးစည်းစိမ်ကို ရှေးရှုကာ လောဘ၏အစွမ်းဖြင့် ကြံတတ်သောကြောင့် အဘိဇ္ဈာ မည်ပါသည် ။

## (၂) ဗျာပါဒအဓိပ္ပါယ်

စီးပွားချမ်းသာပျက်စီးကြောင်းဖြစ်သောကြောင့် ဗျာပါဒ မည်၏ ။

## (၃) မိစ္ဆာဒိဋ္ဌိအဓိပ္ပါယ်

ဖောက်ပြန်သောအားဖြင့် ရှုတတ်သောကြောင့် မိစ္ဆာ ဒိဋ္ဌိ မည်ပါသည် ။

**မေး။ အဘယ်အကျိုးငှါ အညတြာပိ ဝိညတ္တိယာဟု ဆိုပါသနည်း ။**

**ဖြေ။** မနောကံဟူသည် ကာယဝိညတ်၊ ဝစီဝိညတ်တည်းဟူသော ဝိညတ်ကြောင့် ဖြစ်သော တရားမျိုးမဟုတ်ဟု အဖြစ်ကို သိစေခြင်းအကျိုးငှါ အညတြာပိ ဝိညတ္တိယာ-ဟူသော စကားကို မိန့်ဆိုပါသည် ။

**မေး။ အညတြာပိ ဝိညတ္တိယာ၌ အညအပါဒါန်နှင့် အညအရတို့ကိုဖော်ပြခဲ့ပါ။**

**ဖြေ။** (က) အညအပါဒါန်ကား- ကာယဝိညတ်၊ ဝစီဝိညတ် ရ၏ ။

(ခ) အညအရ- မနောဒွါရ ရ၏ ။

## မနောကံ အဓိပ္ပါယ်

မနောဒွါရဟုဆိုအပ်သော စိတ်၌ များသောအားဖြင့် ဖြစ်သောကြောင့် မနောကံမည်၏။

**တေသု ပါဏာတိပါတော စသော စာပိုဒ် ၅၈ ဖြင့်–**

ဒေါသမူလကြောင့် ဖြစ်သော အကုသိုလ်ကံတို့ကို (ကမ္မပထများ၊ ဒုစရိုက်တို့ကို) ပြပါသည်။

## ဒေါသအရင်းခံ၍ ဖြစ်သော အကုသိုလ်ကံများ

၁။ ပါဏာတိပါတ၊ ၂။ ဖရုသဝါစာ၊ ၃၊ ဗျာပါဒ ပေါင်း (၃)ပါးဖြစ်ပါသည်။

**မေး။ မောင်ဘသည် ကြက်သားကိုစားချင်၍ ကြက်တစ်ကောင်ကို သတ်ရာ မောင်ဘသန္တာန်ဖြစ် သင့် သောမူလကို ဖော်ပြခဲ့ပါ ။**

**ဖြေ။** ဒေါသမူလဖြစ်ပါသည် ။

**မေး။ သူပုန်များသည် ရထားကို မိုင်းဗုံးထောင်ရာ၌ ဖြစ်သင့်သောကံနှင့်မူလကို ဖော်ပြခဲ့ပါ ။**

**ဖြေ။** ဗျာပါဒမနောကံနှင့် ဒေါသမူလဖြစ်ပါသည် ။

**မေး။ မောင်ဘသည် ငါးများကိုသေစေရန် ရေကန်ထဲသို့ အဆိပ်များချရာ၌ ဖြစ်သင့်သောကံနှင့် မူလကိုဖော်ပြခဲ့ပါ ။**

**ဖြေ။** ဗျာပါဒမနောကံနှင့် ဒေါသမူလဖြစ်ပါသည် ။

**ကာမေသုမိစ္ဆာစာရော စသော စာပိုဒ် ၅၉ ဖြင့်-**

လောဘမူလကြောင့် ဖြစ်သော အကုသိုလ်ကံများကို ပြပါသည်။

**လောဘအရင်းခံ၍ ဖြစ်သောကံ ၃ မျိုး-**

၁။ ကာမေသုမိစ္ဆာစာရ၊ ၂။ အဘိဇ္ဈာ၊ ၃။ မိစ္ဆာဒိဋ္ဌိတို့ဖြစ်ပါသည်။

**မေး။ ဦးဘသည် အိမ်ပေါက်ရောက်နေသောအလှူခံကို မလှူပဲ ဆဲဆိုလွှတ်ရာ ဦးဘသန္တာန်၌ ဖြစ်သင့်သောကံနှင့် မူလကိုဖော်ပြခဲ့ပါ ။**

**ဖြေ။** (က) အလှူခံကိုမလှူခြင်းသည် အဘိဇ္ဈာမနောကံနှင့် လောဘမူလတို့ ဖြစ်ပါသည် ။

(ခ) ဆဲဆို၍လွှတ်ခြင်းသည် ဖရုသဝါစာ၊ ဝစီကံနှင့် ဒေါသမူလတို့ ဖြစ်ပါသည် ။

**မေး။ ဦးဒေါနသည် သူတစ်ပါးသမီးပျိုကိုကာမဂုဏ်လွန်ကျူးပြီး သတ်ပစ်လိုက်ရာ ဦးဒေါန သန္တာန်၌ဖြစ်သော ကံနှင့် မူလတို့ကိုဖော်ပြခဲ့ပါ ။**

ဖြေ။ (က) သူတစ်ပါးသမီးပျိုကို ကာမဂုဏ်ဖြင့် လွန်ကျူးခြင်းသည် ကာမေသု မိစ္ဆာစာရ-ကာယကံနှင့် လောဘမူလကြောင့် ဖြစ်ပါသည်။

(ခ) အမျိုးသမီးကိုသတ်ပစ်လိုက်ခြင်းသည် ပါဏာတိပါတ- ကာယကံနှင့် ဒေါသမူလကြောင့် ဖြစ်ပါသည် ။

**သေသာနိ စတ္တာရိပိ စသော စာပိုဒ် ၆ဝ ဖြင့်–**

လောဘ ဒေါသဟူသော မူလနှစ်ပါးကြောင့် ဖြစ်သော အကုသိုလ်ကံတို့ကို ပြပါသည်။

**လောဘ ဒေါသ မူလနှစ်ပါးကြောင့် ဖြစ်သော အကုသိုလ်ကံများ**

အဒိန္နဒါန၊ မုသာဝါဒ၊ ပိသုဏဝါစာ၊ သမ္ဖပ္ပလာပတို့ ဖြစ်ပါသည်။

**ကံ၏ဖြစ်ကြောင်းတရားများ နိယံ**

ကာမေ, ဘိဇ္ဈာ၊ ဒိဋ္ဌိမှာ၊ ဖြစ်လာ လောဘကြောင့် ။

ပါဏ, ဖရုသာ၊ ဗျာပါဒ၊ ဖြစ်လာ ဒေါသကြောင့်။

အ, မု, ပိ, သံ၊ ဤလေးတန်၊ ဖြစ်ပြန် လော, ဒေါကြောင့်။

**မေး။ သေသာနိ စတ္တာရိပိ ဒွိဟိ မူလေဟိ–၌ (က) သေသအရနှင့် သေသအပါဒါန်၊ (ခ) စတ္တာရိနှင့် ဒွိဟိ သရုပ်တို့ကို ဖော်ပြခဲ့ပါ ။**

**ဖြေ။** (က) သေသအရ- အဒိန္နဒါန၊ မုသာဝါဒ၊ ပိသုဏဝါစာ၊ သမ္ဖပ္ပလာပတို့ ဖြစ်ပါသည် ။

သေသအပါန်- ပါဏာတိပါတ၊ ဖရုသဝါစာ၊ ဗျာပါဒ၊ ကာမေသုမိစ္ဆာစာရ၊ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိ၊ ပေါင်း (၆)ပါး ဖြစ်ပါသည် ။

(ခ) စတ္တာရိအရ- အဒိန္နဒါန၊ မုသာဝါဒ၊ ပိသုဏဝါစာ၊ သမ္ဖပ္ပလာပ ။

ဒွိဟိအရ- လောဘမူလ၊ ဒေါသမူလတို့ဖြစ်ပါသည်။

## ကံ၏ဖြစ်ကြောင်းတရားများတွင် မောဟကို အထူးမဆိုရခြင်းအကြောင်း-

မောဟကြောင့် မဖြစ်သော အကုသလကမ္မပထတရားဟူ၍ မရှိ၊ အကုသလ ကမ္မပထ ဖြစ်တိုင်း မောဟက ပါမြဲသာ ဖြစ်သောကြောင့် အားလုံးနှင့် ဆက်ဆံသော မောဟကို အထူး မဆိုဘဲ လောဘနှင့် ဒေါသကိုသာ အထူးဆိုရခြင်း ဖြစ်ပါသည်။

**အကုသလကမ္မပထတရား ၁၀-ပါးပြ ပါဠိ** = စာပိုဒ် ၅၅/၅၆/၅၇

## အကုသလကမ္မပထတရား ၁၀-ပါး ဝ၁- ဒုစရိုက်တရား ၁၀- ပါး

အကုသိုလ် ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါး၊ မနောကံ ၃-ပါး ပေါင်း ၁၀-ပါးဖြစ်ပါသည်။

## အကုသလကမ္မပထမည်ပုံ

အပါယ်ရောက်ကြောင်း မကောင်းသော လမ်းခရီးဖြစ်သော အကုသိုလ်များကို အကုသလကမ္မပထဟု ခေါ်ပါသည်။

**မှတ်ချက်။** မကောင်းသော အကျင့်စရိုက်၏အဖြစ်ကြောင့် ၎င်း ၁၀-ပါးကို ဒုစရိုက် ၁၀-ပါး ဟု လည်း ခေါ်ပါသည်။

**စိတ္တုပ္ပါဒဝသေန စသော စာပိုဒ် ၆၁ ဖြင့်-**

အကုသလကမ္မပထ ၁၀-ပါး၏ တရားကိုယ်ကို ပြပါသည်။

**အကုသလကမ္မပထ ၁၀-ပါး၏ တရားကိုယ် -**

**(ဝ၁) အကုသလကမ္မပထ ၁၀-ပါး၏ ဖြစ်ကြောင်း စိတ္တုပ္ပါဒ် တရားများ-**

အကုသိုလ်စိတ် ၁၂-ပါး ဖြစ်ပါသည်။

## ကုသိုလ်ကာယကံ (၃)ပါး

ပါဏာတိပါတဝိရတီ၊ အဒိန္နဒါနဝိရတီ၊ ကာမေသုမိစ္ဆာစာရဝိရတီ၊ ပေါင်း (၃)ပါးဖြစ်ပါသည် ။

## ကုသိုလ်ဝစီကံ (၄)ပါး

၁။ မုသာဝါဒဝိရတီ၊ ၂။ ပိသုဏဝါစာဝိရတီ၊ ၃။ ဖရုသဝါစာဝိရတီ၊ ၄။ သမ္ဖပ္ပလာပ ဝိရတီ၊ ပေါင်း (၄)ပါးဖြစ်ပါသည် ။

## ကုသိုလ်မနောကံ (၃)ပါး

၁။ အနဘိဇ္ဈာ၊ ၂။ အဗျာပါဒ၊ ၃။ သမ္မာဒိဋ္ဌိ ပေါင်း (၃)ပါးဖြစ်ပါသည်။

## ကုသလကမ္မပထတရား(၁၀)ပါး၊ (ဝါ) သုစရိုက်(၁၀)ပါး

ကုသိုလ်ကာယကံ(၃)ပါး၊ ကုသိုလ်ဝစီကံ(၄)ပါး၊ ကုသိုလ်မနောကံ(၃)ပါး၊ ပေါင်း (၁၀)ပါး ဖြစ်ပါသည် ။

## ကုသလကမ္မပထအပြား(၃၀)

ကုသလကမ္မပထ(၁၀)ပါးအကျဉ်းကို ဒါန၊ သီလ၊ ဘာဝနာ(၃)ပါးဖြင့် မြှောက်၊ (၁၀ × ၃- ၃၀) ၃၀-ရ၏၊ ၎င်းကို ကုသလကမ္မပထအပြား (၃၀)ဟု ခေါ်သည် ။

**မေး။ ကာမကုသိုလ်ကံဖြစ်ကြောင့် စိတ်များကို သင်္ဂဟထောက်၍ဖော်ပြခဲ့ပါ ။**

**ဖြေ။** စိတ္တုပ္ပါဒဝသေန ပနေတံ အဋ္ဌဝိဓံဟောတိ- ဟူသော သင်္ဂဟကိုထောက်၍ မဟာကုသိုလ် စိတ်(၈)ပါးတို့ ဖြစ်ပါသည်။

**ကုသလကမ္မပထ ၁၀-ပါး၊ (သုစရိုက် ၁၀-ပါး) ဖြစ်ကြောင်းစိတ်ကား-**

မဟာကုသိုလ်စိတ်(၈)ပါး ဖြစ်သည်။

## ကာမဝစရကံ (၂၀)

အကုသိုလ်စိတ်(၁၂)၊ မဟာကုသိုလ်စိတ်(၈)ပါး ပေါင်း(၂၀)သောစိတ်တို့၌ ယှဉ်သောစေတနာ (၂၀)ဖြစ်သည်။

**ကာမာဝစရကုသလမ္ပိစသော စာပိုဒ် ၆၂ ဖြင့်–**

ကာမကုသိုလ်ကံ ၃-ပါး( တနည်း- ကုသလကမ္မပထတရား ၁၀ပါး) ကို ပြပါသည်။

**တထာ ဒါန စသော စာပိုဒ် ၆၃ ဖြင့်–** ပုညကိရိယ ဝတ္ထု၃-ပါးကို ပြပါသည်။

**ပုညကိရိယ ဝတ္ထု ၃–ပါး –** ဒါန၊ သီလ၊ ဘာဝနာတို့ဖြစ်ပါသည်။

## ကုသလကမ္မပထအပြား(၃၀)

ကုသလကမ္မပထ(၁၀)ပါးအကျဉ်းကို ဒါန၊ သီလ၊ ဘာဝနာ(၃)ပါးဖြင့် မြှောက်၊ (၁၀ × ၃- ၃၀) ၃၀-ရ၏၊ ၎င်းကို ကုသလကမ္မပထအပြား (၃၀)ဟု ခေါ်သည် ။

**စာပိုဒ် ၆၄ ဖြင့် –** ကာမကုသိုလ်ကံ ၈- ပါး ဝါ- ကုသလကမ္မပထတရား ၁၀-ပါး၏ တရား ကိုယ်ကို ပြပါသည်။

**ကာမကုသိုလ်ကံ ၈– ပါး ဝါ– ကုသလကမ္မပထတရား (၁၀)ပါး၏ တရားကိုယ် –**

မဟာကုသိုလ်စိတ် ၈- ပါးဖြစ်ပါသည်။

**မေး။ ကာမကုသိုလ်ကံဖြစ်ကြောင့် စိတ်များကို သင်္ဂဟထောက်၍ဖော်ပြခဲ့ပါ ။**

**ဖြေ။** စိတ္တုပ္ပါဒဝသေန ပနေတံ အဋ္ဌဝိဓံဟောတိ-ဟူသော သင်္ဂဟကိုထောက်၍ မဟာကုသိုလ် စိတ်(၈)ပါးဖြစ်ပါသည် ၊

**ကုသလကမ္မပထ (၁၀)ပါး၊ (ဝါ) သုစရိုက် (၁၀)ပါး ဖြစ်ကြောင်းစိတ်ကား-**

မဟာကုသိုလ်စိတ်(၈)ပါး ဖြစ်သည် ။

**ဒါန သီလ စသော စာပိုဒ် ၆၅ ဖြင့် -** ပုညကိရိယဝတ္ထု ၁၀- ပါးကို ပြပါသည်။

**ပုညကိရိယဝတ္ထု ၁၀- ပါး**

**၁။ ဒါန-** ပေးကမ်းလှူဒါန်းမှု၊ (ပရိစ္စာဂစေတနာရ၏)။

**၂။ သီလ-** ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးစသော သီလဆောက်တည်မှု။

**၃။ ဘာဝနာ-** ကမ္မဋ္ဌာန်း စီးဖြန်းပွားများမှု ။

**မှတ်ချက်။ ။** အပ္ပနာသို့မရောက်သေးသော ဂေါတြဘုအဆုံးရှိသော စေတနာသည် ဘာဝနာမည်၏။ (အပြစ်ကင်းသော အတတ်ပညာ အစရှိသည်ကို သင်ကြားသော စေတနာကို ဘာဝနာ၌ သွင်းပါ) ။

**၄။ အပစာယန-** အသက်၊ သိက္ခာ၊ ဂုဏ်ကြီးသောသူတို့အား ရိုသေမှု။

**၅။ ဝေယျာဝစ္စ-** သူတစ်ပါးကုသိုလ်ကိစ္စ၌ ကူညီဆောင်ရွက်မှု။

**၆။ ပတ္တိဒါန-** မိမိရသောကုသိုလ်၏ အဖို့ကိုအမျှပေးဝေမှု ။

**၇ ။ ပတ္တာနုမောဒန-** မိမိသို့ရောက်လာသော ကုသိုလ်အဖို့ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်မှု။

**၈။ ဓမ္မဿဝန-** တရားနာမှု။

**၉။ ဓမ္မဒေသနာ-** လာဘ်လာဘကို မငဲ့ပဲ တရားဟောမှု၊

**၁၀။ ဒိဋ္ဌိဇုကမ္မ-** အယူကိုဖြောင့်မတ်စွာ ယူမှု။

ဤ ၁၀- ပါးကို ကောင်းသောအကျိုးတရား၏ တည်ရာဖြစ်၍ ပြုသင့်ပြုထိုက်သောကြောင့် **“ပုညကိရိယဝတ္ထု”** ဟုဆိုပါသည်။

**သုစရိုက် ၁၀-ပါးနှင့် ပုညကြိယာဝတ္ထု ၁၀-ပါး တူပါသလော? ရှင်းပြပါ။**

သုစရိုက် ၁၀-ပါးမှာ ပါဏာတိပါတ ဝေရာမဏီစသော ၁၀-ပါးဖြစ်၍ ပုညကြိယာဝတ္ထု ၁၀-ပါးမှာ ဒါန-စသော ၁၀-ပါးဖြစ်၍ မတူပါ။

## ပုညကြိယာဝတ္ထု ၁၀-ပါးကို ၃-ပါး၌ သွင်းပုံ

ဒါန သီလ ဘာဝနာကို အစဉ်တိုင်းထား၍ အစဖြစ်သော အပစာယန, ဝေယျာဝစ္စ ၂-ပါးကို အလယ်ဖြစ်သော သီလ၌ သွင်း၊

အလယ်ဖြစ်သော ပတ္တိဒါန, ပတ္တာနုမောဒန ၂-ပါးကို အစဖြစ်သော ဒါန၌ သွင်း၊

နောက်ဖြစ်သော ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မ ၃-ပါးကို နောက်ဆုံးဘာဝနာ၌ သွင်းရပါသည်။

**နိယံ ။** ဒါန သီလ ဘာဝနာ သုံးဖြာစဉ်၍ခင်း၊

စ,နှစ်-ကိုလယ်၊ လယ်,နှစ်-ကို - စ၊

နောက်မှ နောက်ချင်းသွင်း။ **(သရူပဘေဒနီ)**

## ပတ္တိဒါနနှင့်ပတ္တာနုမောဒန၂-ပါးကိုဒါန၌သွင်းရခြင်းအကြောင်း

ဒါနသည် ဣဿာ,မစ္ဆရိယတို့နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ပတ္တိဒါန, ပတ္တာနုမောဒန တို့လည်း ဣဿာ, မစ္ဆရိယတို့နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ဤသို့ ဆန့်ကျင်ဘက်အားဖြင့် လက္ခဏာတူသောကြောင့် ပတ္တိဒါနနှင့် ပတ္တာနုမောဒန နှစ်ပါးကို ဒါန၌ သွင်းယူရပါသည်။

## အပစာယနနှင့် ဝေယျာဝစ္စ၂-ပါးကို သီလ၌ သွင်းယူရခြင်းအကြောင်း

အပစာယနနှင့် ဝေယျာဝစ္စတို့မှာ သူတော်ကောင်းတို့၏ စာရိတ္တသီလဖြစ်သောကြောင့် သီလ၌ သွင်းယူရပါသည်။

## ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မတို့ကို ဘာဝနာ၌ သွင်းယူရခြင်းအကြောင်း

ဘာဝနာဟူသည် ကုသိုလ်တရားကို တိုးပွားစေမှုပင် ဖြစ်သောကြောင့် တရားဟောမှု တရားနာမှု အယူကိုဖြောင့်မှန်အောင်ပြုမှုများလည်း ကုသိုလ်တရားကို ဧကန် တိုးပွား စေနိုင်

သော အမှုပင် ဖြစ်သောကြောင့် ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မတို့ကို ဘာဝနာ၌ သွင်းယူရပါသည်။ (ဋီကာကျော်၊နှာ-၁၇၇၊၈)

**အမျှဝေခြင်း၊ သာဓုခေါ်ခြင်းသည် ဒါနကုသိုလ်လော, သီလကုသိုလ်လော? ရှင်းပြပါ။**

အမျှဝေခြင်း-ပတ္တိဒါန၊ သာဓုခေါ်ခြင်း-ပတ္တာနုမောဒနတို့သည် ဒါနသဘောရှိသောကြောင့် ဒါနကုသိုလ် ဖြစ်ပါသည်။

**ကြီးသူတို့ကို အရိုအသေပေးခြင်း၊ ကုသိုလ်ရေး၌ အကူအညီ ပေးခြင်းတို့သည် ဒါနကုသိုလ်လော, သီလကုသိုလ်လော? ရှင်းပြပါ။**

ကြီးသူတို့ကို အရိုအသေပေးခြင်း– အပစာယန၊ ကုသိုလ်ရေး၌ အကူအညီ ပေးခြင်း-ဝေယျာဝစ္စတို့သည် စာရိတ္တသီလ ဖြစ်သောကြောင့် သီလကုသိုလ် ဖြစ်ပါသည်။

**တရားဟောခြင်း၊ တရားနာခြင်းတို့သည် ဒါနကုသိုလ်လော, သီလကုသိုလ်လော? ရှင်းပြပါ။**

တရားဟောခြင်း-ဓမ္မဒေသနာ၊ တရားနာခြင်း-ဓမ္မဿဝနတို့သည် ဘာဝနာကုသိုလ် ဖြစ်ပါသည်။

**စာပိုဒ် ၆၆ – တံ ပနေတံ စသောပါဌ်ဖြင့်** ကာမာဝစရကံ၂၀- ကို ပြပါသည်။

### ကာမာဝစရကံ (၂၀)

အကုသိုလ်စိတ်(၁၂)၊ မဟာကုသိုလ်စိတ်(၈)ပါး ပေါင်း(၂၀)သောစိတ်တို့၌ ယှဉ်သော စေတနာ (၂၀) ဖြစ်သည်။

**ရူပါဝစရကုသလံ စသော စာပိုဒ် ၆၇ ဖြင့် –** ရူပါဝစရကုသိုလ်ကံ ၅-ပါးကို ပြပါသည်။

## အဓိပ္ပါယ်

ရူပါဝစရ ကုသိုလ်ကံသည် ကာယကံ ဝစီကံ မနောကံ-ဟု သုံးမျိုးမရှိ မနောကံ တစ်မျိုးသာ ရှိပါသည်။ ထို မနောကံသည်လည်း ဒါန, သီလ, ဘာဝနာ-ဟု သုံးမျိုးမရှိ၊ ဘာဝနာ တစ်မျိုးသာ ရှိပါသည်။ ထိုဘာဝနာသည်လည်း ကာမကုသိုလ်က မနောကံဘာဝနာမျိုး မဟုတ်၊ အပ္ပနာဈာန်သို့ရောက်သော မနောကံ ဘာဝနာ ဖြစ်ပါသည်။ ဈာန်အင်္ဂါတို့နှင့် ယှဉ်ပုံ ၅-မျိုးပြားသောကြောင့် ရူပါဝစရ ကုသိုလ်ကံ ၅-မျိုးပြားရပါသည်။

**ရူပဘုံသား ဖြဟ္မာကြီးများ အလှူပေးခြင်း, သီလဆောက်တည်ခြင်း ရှိ/ မရှိ**

စာပိုဒ်-၆၇-ကိုထောက်၍ မရှိပါ။

**တထာ စသော စာပိုဒ် ၆၈–ဖြင့် –** အရူပါဝစရကုသိုလ်ကံ ၄-ပါးကို ပြပါသည်။

## အဓိပ္ပါယ်

အရူပါဝစရ ကုသိုလ်ကံသည်လည်း ကာယကံ ဝစီကံ မနောကံ-ဟု သုံးမျိုးမရှိ၊ မနောကံ တစ်မျိုးသာ ရှိပါသည်။ ဒါန,သီလ, ဘာဝနာ သုံးမျိုးမရှိ၊ ဘာဝနာ တစ်မျိုးသာရှိပါသည်။ ကာမကုသိုလ်က မနောကံဘာဝနာမျိုးမဟုတ်, အပ္ပနာဈာန်သို့ရောက်သော မနောကံ ဘာဝနာ ဖြစ်ပါသည်။ ကောင်းကင်ပညတ်အာရုံစသော အာရုံ ၄-မျိုးပြားသောကြောင့် အရူပကုသိုလ်ကံ လေးမျိုး ပြားရပါသည်။

**မေး။ ရူပါဝစရ၊ အရူပါဝစရကံတို့သည် ကာယကံ စသော ကံသုံးပါး၊ ဒါန၊ သီလ၊ ဘာဝနာသုံးပါးတို့တွင် အဘယ်၌ သွင်းမည်နည်း သင်္ဂဟထောက်၍ဖြေခဲ့ပါ။**

**ဖြေ။** ရူပါဝစရနှင့် အရူပါဝစရကံတို့သည် ကံ ၃-ပါးတို့တွင် မနောကံသာ ဖြစ်ပါသည် ။

**(သင်္ဂဟ)** ရူပါဝစရကုသလံပန မနောကမ္မမေဝ၊တထာ အရူပါဝစရကုသလဉ္စ မနောကမ္မံ။

ဒါန၊ သီလ၊ ဘာဝနာသုံးပါးတို တွင် ဘာဝနာမယ အပ္ပနာပတ္တ ဖြစ်ပါသည် ။

**(သင်္ဂဟ)** တဉ္စ ဘာဝနာမယံ အပ္ပနာပတ္တံ၊ တမ္ပိ ဘာဝနာမယံ အပ္ပနာပတ္တံ။

**ဒါနပြုရုံ, သီလဆောက်တည်ရုံမျှဖြင့် ဗြဟ္မာ့ပြည်သို့ ရောက်နိုင်/မရောက်နိုင် သာဓကဖြင့် ရှင်းပြပါ။**

ရူပ, အရူပဈာန်များသည် ဘာဝနာကြောင့်သာ ရနိုင်သော တရားများ ဖြစ်သောကြောင့် ဒါနပြုရုံ သီလဆောက်တည်ရုံမျှဖြင့် ဗြဟ္မာ့ပြည်သို့ မရောက်နိုင်ပါ။

**သာဓက–** ဝီထိမုတ်ပိုင်း စာပိုဒ်- ၆၇၊ ၆၈။

**ဗ္ဗော့ကုသလကမ္မမုဒ္ဓစ္စရဟိတံ စသော စာပိုဒ် ၆၉ ဖြင့် –** အကုသိုလ်ကံ၏ ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌ အကျိုးပေးရာဌာနနှင့် အကျိုးပေးပုံကို ပြပါသည်။

**အကုသိုလ်ကံ၏ ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌ အကျိုးပေးရာဌာနနှင့် အကျိုးပေးပုံ**

ဥဒ္ဓစ္စမှတပါးသော အကုသိုလ်ကံ ၁၁-ပါးသည် အပါယ်လေးဘုံ၌ ပဋိသန္ဓေ အကျိုးကို ပေးပါသည်။

ပဝတ္တိအခါ၌ကား ဥဒ္ဓစ္စနှင့်တကွ အကုသိုလ်ကံ ၁၂-ပါးလုံးသည် ကာမ ၁၁-ဘုံ၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ အကုသလဝိပါက်စိတ် ၇-ပါး ဟူသော ပဝတ္တိအကျိုးကို ထိုက်သည့် အားလျော်စွာ ပေးပါသည်။

**ဗ္ဗော့ ကုသလကမ္မမုဒ္ဓစ္စ ရဟိတံ၌ ဥဒ္ဓစ္စစေတနာကို ကြဉ်ရခြင်းအကြောင်း**

ဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေကျိုးကို မဖြစ်စေနိုင်သောကြောင့် ကြဉ်ရပါသည် ။

**ဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေကျိုးကို မပေးနိုင်ခြင်းအကြောင်း**

ဥဒ္ဓစ္စစေတနာသည် နာနာက္ခဏိကကမ္မပစ္စည်းမတပ်သောကြောင့် ပဋိသန္ဓေကျိုးကို မပေး ရခြင်းဖြစ်ပါသည်။

**ရူပလောကေ စ ယထာရဟံ ဝိပစ္စတိ၌ ယထာရဟ အကျိုးပေးပုံ၊**
**ဝ၁– ပဝတ္တိအခါ အကုသိုလ်ကံ ၁၂–ပါးတို့ ယထာရဟ အကျိုးပေးပုံ**

အကုသိုလ်ကံ ၁၂ – ပါးသည် ကာမ ၁၁ –ဘုံ၌ အကုသလဝိပါက်စိတ် ၇ - ပါးဟူသော

ပဝတ္တိကျိုးကို ပေးပါသည်။

အသညသတ်ကြဉ်သော ရူပ ၁၅ -ဘုံ၌ကား ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ ဟူသော အကျိုးတို့ကိုသာ ပေးနိုင်ပါသည်။

**အပါယ်မကျနိုင်သော အကုသိုလ်ကံ =** ဥဒ္ဓစ္စကံ။

**အကုသိုလ်စိတ်ဖြစ်ပါလျှက် အပါယ်လေးပါး၌ မဖြစ်စေတတ်သောစိတ် =**

ဥဒ္ဓသဟဂုတ်စိတ်ဖြစ်ပါသည်။

**သာဓက**= ဌတ္တာကုသလကမ္မမုဒ္ဓစ္စရဟိတံ အပါယဘူမိယံ ပဋိသန္ဓိံ ဇနေတိ။

**အပါယ်ပဋိသန္ဓေမျိုးစေ့ကို မချပေးနိုင်သော အကုသိုလ် =**

ဥဒ္ဓစ္စသဟဂုတ်စိတ် ဖြစ်ပါသည်။

**အပါယ်ပဋိသန္ဓေမျိုးစေ့ကို ချပေးနိုင်သော အကုသိုလ်ကား=**

ဥဒ္ဓစ္စ သဟဂုတ်စိတ်ကြဉ် အကုသိုလ်စိတ် ၁၁-ပါး ဖြစ်ပါသည်။

**သာဓက=** ဌတ္တာကုသလကမ္မ မုဒ္ဓစ္စရဟိတံ အပါယဘူမိယံ ပဋိသန္ဓိံ ဇနေတိ။

**ကာမာဝစရကုသလမ္ဗိစသော စာပိုဒ် ၇၀ ဖြင့် -** ကာမာဝစရကုသိုလ်ကံ၏ ပဋိသန္ဓေအခါ, ပဝတ္တိအခါ တို့၌ အကျိုးပေးရာဌာနနှင့် အကျိုးပေးပုံကို ပြပါသည်။

**ကာမာဝစရကုသိုလ်ကံ၏ ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌ အကျိုးပေးရာဌာနနှင့် အကျိုးပေးပုံ**

ကာမာဝစရကုသိုလ်ကံ (၈) ပါးသည် ကာမသုဂတိ (၇) ဘုံ၌သာ ပဋိသန္ဓေ အကျိုးကို ပေးပါသည်။

ပဝတ္တိအခါ ကာမသုဂတိ (၇) ဘုံ၌ မဟာဝိပါက်စိတ် (၈) ပါးဟူသော အကျိုးနှင့် ကာမ (၁၁) ဘုံ၊ အသညသတ်ကြဉ်သော ရူပ (၁၅) ဘုံ၌ အဟိတ်ကုသလဝိပါက်စိတ် (၈) ပါးဟူသော ပဝတ္တိ အကျိုးတို့ကို ထိုက်သည်အားလျော်စွာ ပေးပါသည်။

### ကာမကုသိုလ်ကံ၏ အကျိုးပေးရာဘုံဌာနကား

ပဋိသန္ဓေအကျိုးအတွက် ကာမသုဂတိ ၇-ဘုံ၊ (မဟာဝိပါက်ဟူသော ပဝတ္တိအကျိုး အတွက်) ကာမ ၁၁-ဘုံ၊ (အဟိတ်ကုသလဝိပါက်ဟူသော ပဝတ္တိကျိုးအတွက်) ကာမ ၁၁-ဘုံ၊ အသညသတ်ကြဉ် ရူပ ၁၅-ဘုံ ဖြစ်ပါသည်။

### ပဝတ္တိအခါ ကာမာဝစရကုသိုလ်ကံ (၈) ပါးတို့ ယထာရဟ အကျိုးပေးပုံ

ကာမာဝစရကုသိုလ်ကံ (၈) ပါးသည် ကာမ ၁၁-ဘုံ၌ အဟိတ်ကုသလဝိပါက်စိတ် (၈) ပါးဟူသော ပဝတ္တိအကျိုးကို ပေးပါသည်။ အသညသတ်ကြဉ် ရူပ ၁၅-ဘုံတို့၌ ကုသလဝိပါက် စက္ခုဝိညာဉ်, သောတဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ ၂-ပါးဟူသော အကျိုးတို့ကို ပေးပါသည်။

### သီလသက်သက်ကို ဆောက်တည်ကာမျှဖြင့် နိဗ္ဗာန်သို့ တိုက်ရိုက်ရောက်နိုင်/ မရောက်နိုင်

(စာပိုဒ်-၇၀) ကိုထောက်၍ ကာမာဝစရကုသိုလ်ကံ (၈) ပါးသည် ကာမသုဂတိ (၇) ဘုံ၌သာ ပဋိသန္ဓေ အကျိုးကိုပေးသောကြောင့် သီလသက်သက်ကို ဆောက်တည်ကာမျှဖြင့် နိဗ္ဗာန်သို့ တိုက်ရိုက် မရောက်နိုင်ပါ။

**၇၁။** ကာမာဝစရကုသိုလ်ကံ၏အပြားနှင့် ထိုကံတို့၏ အကျိုးများကို ခွဲခြားပြလိုသောကြောင့် **"တတ္ထာပိ"** အစရှိသော စကားရပ်ကို မိန့်ဆိုရပေသည်။

ပြုလုပ်စဉ် အခိုက်အတန့်၌ ကံ၏အကျိုးကို သိမြင်နားလည်နိုင်သော ကမ္မဿကတဉာဏ် တွဲယှဉ်ပါဝင်သော ကုသိုလ်မျိုးကို ("အလောဘ, အဒေါသ, အမောဟ" ဟိတ် ၃-ပါး ပါရှိသောကြောင့်) **"တိဟိတ်ကုသိုလ်"** ဟုခေါ်သည်၊ တရားကိုယ်မှာ- မဟာကုသိုလ်ဉာဏ သမ္ပယုတ် စိတ် ၄-ပါးဖြစ်သည်။

ပြုလုပ်စဉ် အခိုက်အတန့်၌ ကံ၏အကျိုးကို သိမြင်နားလည်သော ဉာဏ်တွဲယှဉ်ပါဝင်မှု မရှိသော ကုသိုလ်မျိုးကို( “အလောဘ, အဒေါသ” ဟိတ် ၂-ပါးသာပါရှိသောကြောင့်) **“ဒွိဟိတ်ကုသိုလ်”** ဟုခေါ်သည်၊ တရားကိုယ်မှာ- မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ၄-ပါး ဖြစ်သည်။

ထိုကုသိုလ်တို့သည် မပြုခင်မှာဖြစ်စေ, ပြုပြီးသည့် နောက်ပိုင်းမှာဖြစ်စေ ကုသိုလ်စိတ်များ ခြံရံနေလျှင် သာလွန်မြင့်မြတ် ဥက္ကဋ္ဌအဖြစ်သို့ ရောက်၏၊ ပြုပြီးသောကုသိုလ်ကို သတိရတိုင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြန်လျှင်လည်း အလွန့်အလွန် မြင့်မြတ်လေတော့သည်။

မပြုခင်မှာဖြစ်စေ, ပြုပြီးသည့်နောက်ပိုင်းမှာဖြစ်စေ အကုသိုလ်များ ခြံရံနေလျှင် အညံ့စား ဩမကအဖြစ်သို့ ရောက်သည်၊ ပြုပြီးသောကုသိုလ်ကို သတိရတိုင်း နှလုံးမသာမယာ ဖြစ်ပါမူကား သာ၍ပင် ယုတ်ညံ့လေတော့သည်။

**ဆောင်။ ။**

ကုသိုလ်ပြုစဉ် ကံ-ကျိုးမြင်သိ ဉာဏ်မရှိ ဒွိဟိတ်ကုသိုလ်ခေါ်။

ကုသိုလ်ပြုစဉ် ကံ-ကျိုးမြင်သိ ဉာဏ်ယှဉ်ဘိ တိဟိတ်ကုသိုလ်ခေါ်။

ရှေ့နောက်နှစ်ရပ် ကုသိုလ်ညှပ် ဥက္ကဋ္ဌ ဆင့်၍ခေါ်။

ရှေ့နောက်နှစ်တန် အကုခြံ တဖန်ဩမကခေါ်။

ထိုတွင် တိဟိတ်ဥက္ကဋ္ဌကုသိုလ်သည် မဟာဝိပါက် ဉာဏသမ္ပယုတ် ပဋိသန္ဓေကျိုးကို ပေး၍ မဟာဝိပါက် ၈-ပါး၊ အဟိတ်ကုသလဝိပါက် ၈-ပါး၊ ပေါင်း ၁၆-ပါးသော ပဝတ္တိကျိုးကို ပေးသည်။

၇၂။ တိဟိတ်ဩမကကုသိုလ်နှင့် ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်သည် မဟာဝိပါက် ဉာဏဝိပ္ပယုတ် ပဋိသန္ဓေကျိုးကို ပေး၍ မဟာဝိပါက်ဉာဏဝိပ္ပယုတ် ၄-ပါး၊ အဟိတ်ကုသလဝိပါက် ၈-ပါး၊ ပေါင်း ၁၂-ပါးသော ပဝတ္တိကျိုးကိုပေးသည်။

၇၃။ ဒွိဟိတ်သြမကကုသိုလ်သည် အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ ပဋိသန္ဓေကျိုးကိုပေး၍ "အဟိတ်ကုသလဝိပါက် ၈-ပါး" ဟူသော ပဝတ္တိကျိုးကို ပေးသည်။

ဤပြဆိုခဲ့ပြီးသော စကားရပ်သည် အများလက်ခံအတည်ပြုထားသော တိပိဋကစူဠနာဂ ထေရ်၏ အယူအဆ သမာနဝါဒဖြစ်သည်။

**စာပိုဒ် ၇၄ လာ ဂါထာတို့ဖြင့်** ကေစိဝါဒ ဝါ- မဟာဓမ္မရက္ခိတမထေရ်၏ ဝါဒကို ပြပါသည်။

မောရဝါပီအရပ်၌ သီတင်းသုံးသော ကေစိဆရာ မဟာဓမ္မရက္ခိတ မထေရ်ကမူ အသင်္ခါရိက ကုသိုလ်ကံသည် သသင်္ခါရိက အကျိုးကိုမပေး၊ သသင်္ခါရိက ကုသိုလ်ကံလည်း အသင်္ခါရိကအကျိုးကို မပေးနိုင်-ဟုဆို၏။

**ထိုဆရာ၏အလိုအားဖြင့် ရေတွက်လျှင်-**

တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည် အသင်္ခါရိက မဟာကုသိုလ် ဉာဏသမ္ပယုတ်ဖြစ်အံ့ - အဟိတ်ကုသလဝိပါက် ၈-ပါး၊ မဟာဝိပါက် အသင်္ခါရိက ၄-ပါး ဤ ၁၂-ပါးသော အကျိုးကို ပေး၏။

တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည် သသင်္ခါရိကဖြစ်အံ့- အဟိတ်ကုသလဝိပါက် ၈-ပါး၊ မဟာဝိပါက် သသင်္ခါရိက ၄-ပါး ဤ ၁၂-ပါးသော အကျိုးကို ပေး၏။

တိဟိတ်သြမက၊ ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံသည် အသင်္ခါရိက ဖြစ်အံ့ - အဟိတ်ကုသလ ဝိပါက်စိတ် ၈-ပါး၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ၂-ပါး၊ ပေါင်း ၁၀-ပါးသော အကျိုးကို ပေး၏။

တိဟိတ်သြမက၊ ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံသည် သသင်္ခါရိကဖြစ်အံ့ - အဟိတ်ကုသလ ဝိပါက်စိတ် ၈-ပါး၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ၂-ပါး၊ ပေါင်း ၁၀-ပါးသော အကျိုးကို ပေး၏။

ဒွိဟိတ် သြမက ကုသိုလ်ကံကား- အသင်္ခါရိကဖြစ်စေ, သင်္ခါရိကဖြစ်စေ အဟိတ် ကုသိုလ်ဝိပါက်စိတ် ၈-ပါးဟူသော အကျိုးကိုသာ ပေးပါသည်။

## တေသံ ဒွါဒသပါကာနိ-၌ ဒွါဒသ-အရ

အဟိတ်ကုသလဝိပါက် စိတ် ၈ ပါး၊ မဟာဝိပါက် အသင်္ခါရိက ၄-ပါး ပေါင်း ၁၂-ပါး (တနည်း) အဟိတ်ကုသလ ဝိပါက်စိတ် ၈-ပါး၊ မဟာဝိပါက် သသင်္ခါရိက ၄-ပါး၊ ပေါင်း ၁၂-ပါး ဖြစ်ပါသည်။

## ဒသာဌ စ ယထာက္ကမံ-၌ ဒသ-အရ

အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ၂-ပါး၊ ပေါင်း ၁၀-ပါး၊ (တနည်း) အဟိတ် ကုသလဝိပါက်စိတ် ၈-ပါး၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ၂-ပါး၊ပေါင်း ၁၀-ပါး ဖြစ်ပါသည်။

**အဋ္ဌ-အရ ကား-** အဟိတ်ကုသလဝိပါက်စိတ် (၈) ပါး ဖြစ်ပါသည်။

## ဉာဏ်စမ်းမေးခွန်းများ

### သာသနာ့ အာဇာနည်ဖြစ်ရသူအကြောင်းကံ –

တိဟိတ် ဥက္ကဋ္ဌကုသိုလ်ကံကြောင့် တိဟိတ်ပဋိသန္ဓေနေခဲ့သူဖြစ်၍ "သာသနာ့ အာဇာနည်" ဖြစ်ရပါသည်။ [စာပိုဒ်-၇၁]

### ဤဘဝ၌ မဂ်ဖိုလ် မရနိုင်သူ အကြောင်းကံ

တိဟိတ်ဩမက, ဒွိဟိတ် ဥက္ကဋ္ဌ ကုသိုလ်ကံကြောင့် ဒွိဟိတ်ပဋိသန္ဓေနေခဲ့ရ၍ "ဤဘဝ၌ မဂ်ဖိုလ် မရနိုင်သူ" ဖြစ်ရပါသည်။ (စာပိုဒ်-၇၂) ကိုထောက်။

### ကိုယ်အင်္ဂါချို့တဲ့သူ အကြောင်းကံ

ဒွိဟိတ် ဩမက ကုသိုလ်ကံကြောင့် အဟိတ်ပဋိသန္ဓေနေခဲ့သူဖြစ်၍ "ကိုယ်အင်္ဂါ ချို့တဲ့သူ" ဖြစ်ရပါသည်။ (စာပိုဒ်-၇၃) ကိုထောက်။

## ကာမာဝစရကုသိုလ်ကံ အပြားကို ပြည့်စုံစွာရေးခဲ့ပါ။

ကာယကံ, ဝစီကံ, မနောကံအားဖြင့် ၃ ပါး၊ ဒါန, သီလ, ဘာဝနာ-အားဖြင့် ၃-ပါး၊ ပုညကိရိယဝတ္ထုအားဖြင့် ၁၀-ပါး၊ တိဟိတ် ဥက္ကဋ္ဌ, တိဟိတ်ဩမက, ဒွိဟိတ်ဥက္ကဋ္ဌ, ဒွိဟိတ် ဩမက အားဖြင့် ၄-ပါးတို့ဖြစ်ပါသည်။

### ရူပါဝစရကုသလံ (ပ) မဟာဖြဟ္မေသု ပါဠ်တို့ဖြင့် –

ရူပါဝစရ ပဌမစျာန်ရပြီးသော ပုဂ္ဂိုလ်များ ရောက်နိုင်သော ဘုံတို့ကို ပြပါသည်။

## ရူပါဝစရ ပထမစျာန်ရပြီးသော ပုဂ္ဂိုလ်များ ရောက်ရှိနိုင်သောဘုံ

ရူပါဝစရကုသိုလ် ပထမစျာန်ကို ပရိတ္တစျာန်ဖြစ်အောင် ပွားများလျှင် ဗြဟ္မပါရိသဇ္ဇာဘုံ၊ မဇ္ဈိမစျာန်ဖြစ်အောင် ပွားများလျှင် ဗြဟ္မပုရောဟိတာဘုံ၊ ပဏီတစျာန်ဖြစ်အောင် ပွားများလျှင် မဟာဗြဟ္မာဘုံသို့ ရောက်ရှိပါသည်။ (စာပိုဒ်-၇၅,၇၆,၇၇)

### တထာ ဒုတိယဇ္ဈာနံ (ပ) အာဘဿရေသု ပါဠ်တို့ဖြင့်–

ရူပါဝစရ ဒုတိယစျာန်နှင့် တတိယစျာန်ရပြီးသောပုဂ္ဂိုလ်များ ရောက်နိုင်သော ဘုံတို့ကို ပြပါသည်။

## ရူပါဝစရ ဒုတိယစျာန်နှင့် တတိယစျာန်ရပြီးသော ပုဂ္ဂိုလ်များ ရောက်နိုင်သော ဘုံ

ရူပါဝစရကုသိုလ်ဒုတိယစျာန်နှင့် တတိယစျာန်ကို ပရိတ္တစျာန် ဖြစ်အောင် ပွားများလျှင် ပရိတ္တာဘာဘုံ၊ မဇ္ဈိမစျာန်ဖြစ်အောင် ပွားများလျှင် အပ္ပမာဏာဘာဘုံ၊ ပဏီတစျာန်ဖြစ်အောင် ပွားများလျှင် အာဘဿရာဘုံသို့ ရောက်ရှိနိုင်ပါသည်။(စာပိုဒ်-၇၈,၇၉,၈၀)

### စတုတ္ထဇ္ဈာနံ (ပ) သုဘကိဏှေသု ပါဠ်တို့ဖြင့် –

ရူပါဝစရ စတုတ္ထစျာန်ရပြီးသော ပုဂ္ဂိုလ်များ ရောက်နိုင်သော ဘုံတို့ကို ပြပါသည်။

## ရူပါဝစရ စတုတ္ထစျာန်ရပြီးသော ပုဂ္ဂိုလ်များ ရောက်နိုင်သော ဘုံ

စတုတ္ထစျာန်ကို ပရိတ္တစျာန်ဖြစ်အောင် ပွားများလျှင် ပရိတ္တသုဘာဘုံ၊ မဇ္ဈိမစျာန် ဖြစ်အောင် ပွားများလျှင် အပ္ပမာဏသုဘာဘုံ၊ ပဏီတစျာန်ဖြစ်အောင် ပွားများလျှင် သုဘကိဏှာဘုံသို့ ရောက်ရှိနိုင်ပါသည်။ (စာပိုဒ်-၈၁,၈၂,၈၃)

**ပဥ္စမဈာန် (ပ) ဥပ္ပဇ္ဇန္တိ ပါဠ်တို့ဖြင့် –**

ရူပါဝစရ ပဥ္စမစျာန်ရပြီးသော ပုဂ္ဂိုလ်များ ရောက်နိုင်သော ဘုံတို့ကို ပြပါသည်။

## ပဥ္စမစျာန်ရပြီးသော ပုဂ္ဂိုလ်များ ရောက်နိုင်သော ဘုံ

အဘိညာဏ်အဖြစ်သို့ မရောက်သေးသော ရူပါဝစရပဥ္စမစျာန်ကို ပွားများလျှင် ဝေဟပ္ဖိုလ်ဘုံ၊ ထိုပဥ္စမစျာန်ကိုပင် သညာ၌ စက်ဆုပ်အောင် ပွားများလျှင် အသညသတ်ဘုံ၊ ပဥ္စမစျာန် ရပြီးသော အနာဂါမ်ပုဂ္ဂိုလ်များ သုဒ္ဓါဝါသငါးဘုံသို့ ရောက်ရှိနိုင်ပါသည်။

(စာပိုဒ်-၈၄,၈၅,၈၆,)

**ပဥ္စမဈာန ဘာဝေတွာ၌ ပဥ္စမစျာန်အရ ယူရမည့် ပဥ္စမစျာန်၊ မယူရမည့် ပဥ္စမစျာန်တို့ကို ရေးခဲ့ပါ။**

**ပဥ္စမစျာန်အရ–** အဘိညာဏ်အဖြစ်သို့ မရောက် သေးသော ရိုးရိုးပဥ္စမစျာန်ကိုယူရမည်။

အဘိညာဏ်ကုသိုလ်သည် တစ်ကြိမ်သာဖြစ်၍ မိမိနှင့်တူသော ဘုံရှိသော ရူပကုသိုလ်ဇောမှ အာသေဝနပစ္စည်းကို မရ၍ အားနည်းသောကြောင့် အကျိုးပေးခြင်းမရှိ။ အကျိုးမပေးသောကြောင့် အဘိညာဏ်အဖြစ်သို့ ရောက်ပြီးသော ပဥ္စမစျာန်ကို မယူရပါ။

## ပရိတ္တ မဇ္ဈိမ ပဏီတတို့ ဖြစ်ပုံ အဓိပ္ပါယ်

စျာန်ရသောအခါ ထိုစျာန်နှင့်ယှဉ်သော အဓိပတိ ၄-ပါးတို့တွင် တပါးပါးက အညံ့စားဖြစ်လျှင် ပရိတ္တ၊ အလယ်အလတ်ဖြစ်လျှင် မဇ္ဈိမ၊ ထက်မြက်နေလျှင် ပဏီတ။

**နိယံ။ ။** ဓိပတိတရား၊ တစ်ပါးပါးပင်၊ ညံ့လျှင်ပရိ၊ လယ်မဇ္ဈိ၊ ထက်ဘိ ပဏီတ။

**မေး။ အနာဂါမ်ပုဂ္ဂိုလ်တို့သည် သုဒ္ဓါဝါသ(၅)ဘုံ၌ အဘယ်နည်းဖြင့် ရောက်နိုင် ပါသနည်း ။**

ပဉ္စမဈာန်ကို ရပြီးသောအနာဂါမ်ပုဂ္ဂိုလ်သည်-

သဒ္ဓိန္ဒြေ ထက်မြက်လျှင် အဝိဟာဘုံသို့ ရောက်သည်။

ဝီရိယိန္ဒြေ ထက်မြက်လျှင် အတပ္ပါဘုံသို့ ရောက်သည် ။

သတိန္ဒြေထက်မြက်လျှင် သုဒဿာဘုံသို့ရောက်သည် ။

သမာဓိန္ဒြေ ထက်မြက်လျှင် သုဒဿီဘုံ သို့ရောက်သည် ။

ပညိန္ဒြေ ထက်မြက်လျှင် အကနိဋ္ဌဘုံသို့ရောက်သည်။

**ဆောင်။**

သဒ္ဓါ, ဝီရိ, သတိ, သမာ, ဓိပညာ, ငါးဖြာဣန္ဒြေခင်း၊

သုဒ္ဓါဘုံငါး, ထက်သူများ, စံစား စဉ်တိုင်းသွင်း။

**သုဒ္ဓါဝါသဘုံတို့၌ ဖြစ်နိုင်သော ပုဂ္ဂိုလ်နှင့် ပဋိသန္ဓေနေနိုင်သော ပုဂ္ဂိုလ်များ**

သုဒ္ဓါဝါသဘုံ၌ ဖြစ်နိုင်သော ပုဂ္ဂိုလ်နှင့် ပဋိသန္ဓေနေနိုင်သော ပုဂ္ဂိုလ်မှာ- အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တမဂ္ဂဋ္ဌာန် အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ် ၃-ယောက်တို့ ဖြစ်နိုင်ပါသည်။

ပဉ္စမဈာန်ရပြီးသော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်များသာ ပဋိသန္ဓေနေနိုင်ပါသည်။

**ဈာနလာဘီ ရှင်ဝါဒီသမားတို့ လားရောက်ရမည့်ဘုံ –** အသညသတ်ဘုံ။ စာပိုဒ် ၈၅ ထောက်။

**အရူပါဝရကုသလဥ္စ (ပ) ဥပ္ပဇ္ဇန္တိ ဖြင့်–**

အရူပကံ၏ အကျိုးပေးရာဘုံကို ပြပါသည်။

**အရူပကံ၏ အကျိုးပေးရာဘုံ (ယထာက္ကမံ အဓိပ္ပါယ်)**

အာကာသာနဉ္စာယတနကုသိုလ်ဈာန်ကို ပွားများလျှင် အာကာသာနဉ္စာယတနဘုံ၊ ဝိညာနဉ္စာယတနကုသိုလ်ဈာန်ကို ပွားများလျှင် ဝိညာနဉ္စာယတနဘုံ၊ အာကိဉ္စညာယတန

ကုသိုလ်စျာန်ကို ပွားများလျှင် အာကိဉ္စညာယတနဘုံ၊ နေဝသညာနာသညာယတနကုသိုလ်စျာန်ကို ပွားများလျှင် နေဝသညာနာသညာယတနဘုံသို့ ရောက်ရှိနိုင်ပါသည်။

**မေး။ မိန်းမများဖြစ်နိုင်သော ဗြဟ္မာ့ဘုံနှင့် မဖြစ်နိုင်သော ဗြဟ္မာ့ဘုံတို့ကို ဖော်ပြပါ ။**

**ဖြေ။** ပုထုဇဉ်ဖြစ်စေ အရိယာဖြစ်စေ သမာပတ်(၈)ပါးရပြီးသော မိန်းမသည် ဗြဟ္မာပါရိသဇ္ဇာဘုံသို့ ရောက်နိုင်ပါသည် ။ မဟာဗြဟ္မာကြီးများ မဖြစ်နိုင်ချေ။

(ကာမဘုံမှ စုတေ၍ ဗြဟ္မာ့ဘုံမှာဖြစ်သည်ကိုသာ ဆိုလိုသည်။

**မိန်းမများ မဟာဗြဟ္မာမဖြစ် နိုင်ခြင်းအကြောင်း**

ယုတ်ညံ့သောဆန္ဒ စသည်တို့နှင့် ယှဉ်သောကြောင့် မဟာဗြဟ္မာကြီးများမဖြစ်နိုင်ပါ ။

**အရိယာများ မပြောင်းသောဘုံ (ဝါ) အရိယာများ ပျော်သောဘုံ**

ဝေဟပ္ဖိုလ်၊ အကနိဋ္ဌာ၊ နေဝညာနာသညာယတနဘုံတို့ ဖြစ်ပါသည်။

၈၈။ **ဣတ္ထံ မဟဂ္ဂတံ (ပ) ပဋိသန္ဓိပဝတ္တိယံ ဂါထာသည်**- ရူပကံ, အရူပကံတို့၏ ပါကဋ္ဌာနကို နိဂုံးအုပ်သော ဂါထာဖြစ်ပါသည်။

တစ်နည်း- မဟဂ္ဂုတ်ကုသိုလ်ကံများ မိမိနှင့်တူသော အကျိုးပေးပုံကို ပြပါသည်။

**ဂါထာအဓိပ္ပါယ်**

ဆိုခဲ့ပြီးသည်အားလျော်စွာ မဟဂ္ဂုတ်ကုသိုလ်ကံသည် သတ်မှတ်ပိုင်းခြားထားသော ဘုံ၌ "ပဋိသန္ဓေအခါ, ပဝတ္တိအခါ" ၂-ပါးလုံးမှာပင် တူသောအကျိုးကိုပေးသည်။

**မဟဂ္ဂုတ်ကံများ တူသော အကျိုးပေးပုံ (ဇနေတိ သဒိသံပါကံ အဓိပ္ပါယ်)**

ပဌမစျာန်ကုသိုလ်က ပဌမစျာန်ဝိပါက်အကျိုးကို ပေးသည်။ (ပ) နေဝသညာနာသညာ

ယတနကုသိုလ်က နေဝသညာနာသညာယတနဝိပါက်အကျိုးကို ပေးသည်၊ ဤသို့ အကြောင်း ကံနှင့်အကျိုးဝိပါက်တို့ တူသည်ကိုပင် "တူသောအကျိုးကို ပေးသည်" ဟုဆိုသည်။

**မဟဂ္ဂုတ်ကုသိုလ်ကံကိုသာ "ဇနေတိ သဒိသံပါကံ" ဟု ဆိုရခြင်း အကြောင်း**

ကာမာဝစရကုသိုလ်, အကုသိုလ်ကံတို့သည် မိမိနှင့် တူသော အကျိုး၊ မတူသော အကျိုး တို့ကို ပေးနိုင်သောကြောင့် ကာမာဝစရကုသိုလ်ကံတို့ကို ဇနေတိ သဒိသံပါကံ ဟု မဆိုဘဲ ပဋိသန္ဓေအခါ၌လည်း တူသော အကျိုးကိုဖြစ်စေ, ပဝတ္တိအခါ၌လည်း တူသော အကျိုးကို ဖြစ်စေနိုင်သော မဟဂ္ဂုတ်ကုသိုလ်ကံကိုသာ ဇနေတိ သဒိသံပါကံ ဟု ဆိုထားပါသည်။

**တူသော အကျိုးကို ပေးသောကံ၊ တူ- မတူ နှစ်မျိုးသော အကျိုးကိုပေးသော ကံတို့ကို သာဓကပြ ဖြေဆိုပါ။**

မဟဂ္ဂုတ် လောကုတ္တရာ ကုသိုလ်ကံ များသည် တူသောအကျိုးကို ပေးသည်။

**သာဓက =** ဝီထိမုတ် စာပိုဒ် ၈၈၊ စိတ်ပိုင်း စာပိုဒ် ၃၄။

ကာမာဝစရ ကုသိုလ်ကံများသည် တူ - မတူ နှစ်မျိုးသော အကျိုးကို ပေးပါသည်။

**သာဓက =** ဝီထိမုတ်ပိုင်းစာပိုဒ် ၇၀။

**ကမ္မစတုက္ကတွင် မပါဝင်သောကံများ**

ဥဒ္ဓစ္စစေတနာကံနှင့် အဘိညာဏ်ဖြစ်သို့ ရောက်ပြီးသော ရူပါဝစရပဥ္စမဈာန် ကုသိုလ်ကံ၊ လောကုတ္တရာ ကုသိုလ်ကံတို့ ဖြစ်ပါသည်။

အကြောင်းကား - ကမ္မစတုက္ကသည် ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးတို့ကို ပေးနိုင်သော ကံတို့ကို ပြရာအခန်းဖြစ်၍ ၎င်းကံတို့သည် ပဋိသန္ဓေအကျိုး မပေးနိုင်ကြသောကြောင့် ဖြစ်ပါသည်။

## စုတိပဋိသန္ဓိက္ကမ

### မရဏုပ္ပတ္တိစတုက္ကခေါ်ပုံ

သတ္တဝါတို့ စုတေရခြင်း၏ ဖြစ်ပုံကိုပြသော စတုက္ကကို မရဏုပ္ပတ္တိစတုက္က ဟုခေါ်ပါသည်။

**စုတေခြင်း၄-မျိုး**

၁။ အာယုက္ခယမရဏ - အသက်တမ်း၏ ကုန်မှုကြောင့် စုတေခြင်း။

၂။ကမ္မက္ခယမရဏ - ကံစွမ်း၏ကုန်မှုကြောင့် စုတေခြင်း။

၃။ ဥဘယက္ခယမရဏ - အသက်တမ်းနှင့် ကံစွမ်း နှစ်ပါးစုံကုန်မှုကြောင့် စုတေရခြင်း။

၄။ ဥပစ္ဆေဒကမရဏ - ကပ်၍ဖြတ်တတ်သော ကံတစ်မျိုးမျိုးကြောင့် စုတေရခြင်း။

**နိယံ**

အသက်တမ်းကုန်၊ ကံစွမ်းကုန်နှင့်၊ အကုန်နှစ်မျိုး၊ ကံဆိုးဖြတ်ချွေ၊ သေရိုးပေ လေးထွေမရဏ။

**သေခြင်းလေးမျိုးကို ဥပမာဆောင်၍ ဖြေဆိုပါ။**

အသက်တမ်းကုန်၍ သေရခြင်းသည် မီးစာကုန်၍ မီးငြိမ်းခြင်းနှင့် တူ၏။

ကံစွမ်းကုန်မှုကြောင့် သေရခြင်းသည် ဆီကုန်၍ မီးငြိမ်းခြင်းနှင့် တူ၏။

အသက် + ကံ နှစ်ပါးစုံကြောင့် သေရခြင်းသည် မီးစာနှင့် ဆီမီးနှစ်မျိုးလုံး ကုန်ခြင်းကြောင့် မီးငြိမ်းသည်နှင့် တူ၏။

သက်တမ်းနှင့် ကံစွမ်း မကုန်သေးသော်လည်း ရှေးကပြုခဲ့သော ဥပစ္ဆေဒက ကံကြောင့် သေရခြင်းသည် လေပြင်းတိုက်ခတ်၍ ဝါ- တမင်ငြိမ်းသက်၍ မီးငြိမ်းခြင်းနှင့် တူပါသည်။

**နိယံ**

မီးစာ အာယု၊ ဆီကံပြု၊ နှစ်ခု ဥဘယ။

ဥပစ္ဆေမှာ၊ လေတိုက်သာ၊ မှတ်ပါ ပမာပြု။

**သေခြင်း၄-မျိုးကို ကာလ မရဏ + အကာလ မရဏ အားဖြင့် ခွဲပုံ**

အာယုက္ခယ, ကမ္မက္ခယ, ဥဘယက္ခယ-တို့သည် ကာလမရဏ ဖြစ်ပါသည်။

ဥပစ္ဆေဒက-သည် အကာလမရဏ ဖြစ်ပါသည်။

**ဥပစ္ဆေဒက မရဏကြောင့် မသေနိုင်သော ပုဂ္ဂိုလ်များ**

ငရဲသူ ငရဲသားများ၊ မြောက်ကျွန်းသူ မြောက်ကျွန်း သားများ၊ အချို့သော နတ်များသည် ဥပစ္ဆေဒကကြောင့် မသေနိုင်ပါ။

**နိယံ**

ငရဲလည်းပါ၊ မြောက်ကျွန်းရွာ၊ နတ်မှာ ကေသဋ္ဌိ၊ ဥပစ္ဆေဒ၊ မရှိပါ၊ ဋီကာမိန့်လေဘိ။

### ဘုရားရှင်တို့၏ ပရိနိဗ္ဗာန်စံခြင်းသည် သေခြင်း၄-မျိုးတွင် အဘယ် သေခြင်း၌ ပါဝင်ပါသနည်း?

ဘုရားရှင်တို့မှာ အသက်အသင်္ချေနေနိုင်သောကံတော်ရှိသော်လည်း လူတို့ သက်တမ်း ၅-ပုံပုံ၍၊ ၁-ပုံချန်ပြီး၊ ပရိနိဗ္ဗာန်ပြုရိုး ထုံးစံဓမ္မတာရှိ၍ သက်တမ်း(၈၀)ကို အာဝေဏိက သက်တမ်းယူတော်မူပြီး၊ သက်တမ်းစေ့သောကြောင့် အာယုက္ခယမရဏဖြင့် ပရိနိဗ္ဗာန်စံတော်မူခြင်း ဖြစ်ပါသည်။

### အာယုက္ခယေန၌ အာယု- အရ

မုချအားဖြင့် ဇီဝိတရုပ် ရ၏။ ဤ၌ ဇီဝိတ၏ တည်ရာအားဖြင့် ထိုထိုဘဝ ထိုထို ခေတ်ကာလ အားလျော်စွာ အသက်တမ်းကို ဥပစာဖြင့် ရပါသည်။

### ကမ္မက္ခယေန - ၌ ကမ္မအရ

ထိုထိုဘဝ၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ဇနကကံနှင့် ထိုဇနကကံ၏ အကျိုးဖြစ်သော ခန္ဓာအစဉ်ကို ကြာရှည်စွာ တည်တံ့အောင် ထောက်ပံ့တတ်သော ဥပထမ္ဘကကံများကို ယူရပါသည်။

### တထာစ မရန္တာနံ -(ပ) အညတရသ္မိံ ပစ္စုပဋ္ဌာတိ ဖြင့်-

စုတေခါနီးကာလ၌ အာရုံ နိမိတ်ထင်လာပုံကို ပြပါသည်။

### တထာစ မရန္တာနံစသော ပါဠိ၏ လိုရင်းအဓိပ္ပါယ်

အာယုက္ခယ စသော အကြောင်း ၄-ပါးတွင် တစ်ပါးပါးသော အကြောင်းကြောင့် စုတေရသော သူတို့မှာ သေခါနီးကာလ၌ ကံ ကမ္မနိမိတ် ဂတိနိမိတ် ၃-မျိုးတွင် တစ်မျိုးမျိုးသည်

ပဋိသန္ဓေ အကျိုးကိုပေးမည့် ကုသိုလ်ကံ အကုသိုလ်ကံ၏ အစွမ်းဖြင့် ဒွါရ ၆-ပါးတို့တွင် တစ်ပါးပါး၌ ထိုက်သလို ထင်လာတတ်ပါသည်။

ကံပြုစဉ် အခါတုန်းက ကံနှင့်ဆက်စပ်၍ တိုက်ရိုက်ရအပ်ဘူးသော "ဥပလဒ္ဓပုဗ္ဗ ကမ္မနိမိတ်"ဖြစ်စေ, ကံပြီးမြောက်ဖို့ရာ အခြံအရံမျှသာဖြစ်သော "ဥပကရဏဘူတ ကမ္မနိမိတ်" ဖြစ်စေ ထင်လာတတ်သည်၊ ဤကမ္မနိမိတ်သည် ထိုက်သည် အားလျော်စွာ အာရုံ ၆-ပါးတွင် တစ်ပါးပါးဖြစ်နိုင်သည်၊ ဒွါရ ၆-ပါးတို့တွင် တစ်ပါးပါးမှာ ထင်လာနိုင်သည်။

သို့မဟုတ် အခြားမဲ့ ဖြစ်ရမည့်ဘဝ၌ တိုက်ရိုက် ရောက်ထိုက်သော "ဥပလဘိတဗ္ဗ ဂတိနိမိတ်" ဖြစ်စေ, အတွင်းအပ အသုံးအဆောင်ဖြစ်သော "ဥပဘောဂဂတိနိမိတ်" ဖြစ်စေ ထင်လာတတ်သည်၊ ဤဂတိနိမိတ်သည် ရူပါရုံတစ်မျိုးသာရှိသည်၊ မနောဒွါရမှာသာ ထင်လာနိုင်သည်။

ထိုသို့ထင်လာခြင်းသည် ပဋိသန္ဓေကျိုးကိုပေးမည့် ကုသိုလ်ကံ,အကုသိုလ်ကံတို့၏ စွမ်းအားကြောင့်ပင် ဖြစ်သည်။

ထိုတွင် ကံပြုစဉ်တုန်းက တွေ့ကြုံရသမျှသော အာရုံများကို **"ကမ္မနိမိတ်"** ဟုခေါ်သည်၊ ထိုကမ္မနိမိတ်သည် "ဥပလဒ္ဓ ပုဗ္ဗကမ္မနိမိတ်, ဥပကရဏဘူတ ကမ္မနိမိတ်" ဟု ၂-မျိုးရှိ၏။ (ကမ္မ-ကံ+နိမိတ္တ-အာရုံ။)

ထိုတွင်-

၁။ ကံနှင့်ဆက်သွယ်၍ တိုက်ရိုက်ရအပ်ဖူးသော ပဓာနအာရုံသည် "ဥပလဒ္ဓပုဗ္ဗ ကမ္မနိမိတ် မည်၏၊

၂။ ကံပြီးမြောက်ဖို့ရာ အခြံအရံမျှသာဖြစ်သော အပဓာနအာရုံသည် "ဥပကရဏ ဘူတ ကမ္မ နိမိတ်" မည်၏။

ဥပမာအားဖြင့် - ကျောင်းဆောက်လုပ် လှူဒါန်းရာ၌ ကျောင်းသည် "ဥပလဒ္ဓ"၊ သက်န်းစသော အခြံအရံများသည် "ဥပကရဏ" ဖြစ်သည်၊ ဘုရားကို ပန်းလှူရာ၌ ဘုရား-သည် "ဥပလဒ္ဓ"၊ ပန်းသည် "ဥပကရဏ" ဖြစ်သည်၊ သားငါးကို သတ်ဖြတ်ရာ၌ကား သားငါးသည် ဥပလဒ္ဓ၊ ပိုက်ကွန်စသော လက်နက်များသည် "ဥပကရဏ" ဖြစ်သည်။

**ဆောင်။**

ကျောင်း ကန် ဘုရား၊ စေတီများနှင့်၊ သားငါးအစ၊ ပဏာန၊ ဥပလဒ္ဓခေါ်။

ဆွမ်းနှင့် သင်္ကန်း၊ ပန်းရေချမ်းတည်း၊ တစ်ခန်းမှတ်ချက်၊ လက်နက်ဓားလှံ၊

ခြံရံဟူသမျှ၊ အဝဝ၊ ဥပကရဏခေါ်။

လားရောက်ရမည့် ဘဝ၌ တွေ့ကြုံရမည့်အာရုံဟူသမျှကို **"ဂတိနိမိတ်"** ဟု ခေါ်သည်။ ဤဂတိနိမိတ်သည်လည်း "ဥပလဘိတဗ္ဗဂတိနိမိတ်, ဥပဘောဂ ဂတိနိမိတ်" ဟု ၂-မျိုး ပြားပြန်သည်။ (ဂတိ-လားရာဂတိ၌ + နိမိတ္တ 'တွေ့ကြုံထိုက်သော အာရုံ။)

ထိုတွင်-

၁။ တိုက်ရိုက်ရောက်ထိုက်သော အရပ်ကို "ဥပလဘိတဗ္ဗ" ဟုခေါ်သည်၊ လူ့ဘုံ သွားမည့်သူ ဖြစ်လျှင် အမိဝမ်းရေ, ငရဲပြည်သွားမည့်သူဖြစ်လျှင် ငရဲဘုံ, ပြိတ္တာ ဖြစ်မည့်သူဖြစ်လျှင် တော တောင်စသည်, နတ်ပြည်သွားမည့်သူဖြစ်လျှင် နတ်ဗိမာန် 'စသည်တို့တည်း။

၂။ ထိုထိုဘုံဘဝ၌ တွေ့ကြုံရမည့် အတွင်း,အပ အသုံးအဆောင် အခြံအရံများကို "ဥပ ဘောဂ" ဟုခေါ်သည်၊ ခွေး, ကျီး, ငရဲမီးလျှံ, နတ်သ္မီး, နတ်သား, ပဒေသာပင် -စသည် တို့တည်း။

**ဆောင်။ ။**

အမိဝမ်းရေ, ငရဲပြေနှင့်, တောခြေ တောင်ယံ, နတ်ဗိမာန်,မှတ်ရန် လဘိတ။

ခွေး လင်းတ ကျီး, ငရဲမီးနှင့်, နတ်သ္မီး နတ်သား, စသည်ကား, မှတ်သား ဥဘောဂ။

**လူ့ဘဝ၌ ပြန်ဖြစ်မည့်သူအား သေခါနီးကာလ၌ ထင်လာသော ဂတိနိမိတ်များ**

လူ့ဘဝ၌ ပြန်ဖြစ်မည့်သူသည် အမိဝမ်းရေ ဂတိနိမိတ်များ ထင်လာပါသည်။

**အပါယ်လေးပါးသို့ ကျရောက်မည့်သူ့အား သေခါနီးကာလ၌ ထင်လာသော ဂတိနိမိတ်များ**

အပါယ်လေးပါးသို့ ကျရောက်မည့်သူသည် ငရဲအိုး, ငရဲထိန်း ငရဲမီးလျှံ, ခွေးနက်ကြီး စသည် ဂတိနိမိတ်များ ထင်လာပါသည်။

**နတ်ပြည်သို့ ရောက်မည့်သူအား သေခါနီးကာလ၌ ထင်လာသော ဂတိနိမိတ်များ**

နတ်ပြည်သို့ရောက်မည့်သူသည် နတ်သမီး, ဗိမာန်, ပဒေသာပင်, ဥယျာဉ်, ရေကန် အစရှိသော ဂတိနိမိတ်များ ထင်လာပါသည်။

**"တတော ပရံ ။ ပ ။ ဗာဟုလ္လေန" ဖြင့် -**

အာရုံထင်လာပြီးနောက် မစုတေခင် စိတ်အစဉ်ဖြစ်နေပုံကို ပြပါသည်။

**"တတော ပရံ ။ ပ ။ ဗာဟုလ္လေန" ဖြင့် ပြသော အဓိပ္ပါယ် (သေခါနီးကာလစိတ်အစဉ်ဖြစ်ပုံ)**

ထိုသို့ အာရုံထင်လာပြီးသည့်နောက် ထင်လာသော အာရုံတစ်ပါးပါးကို အာရုံပြုလျက် ကုသိုလ်ကံက အကျိုးပေးတော့မည်ဖြစ်လျှင် သန့်စင်ကြည်လင်သော ကုသိုလ်စိတ်အစဉ်သည် လည်းကောင်း, အကုသိုလ်ကံက အကျိုးပေးတော့မည်ဖြစ်လျှင် ညစ်နွမ်းသော အကုသိုလ်စိတ် အစဉ်သည်လည်းကောင်း မပြတ်မလပ် အများအားဖြင့် ဖြစ်တတ်သည်၊ ထိုစိတ်အစဉ်သည် ရထိုက်ရောက်ထိုက်သော ဘဝအားလျော်စွာ ရောက်ရမည့် ဘဝသစ်၌ ညွတ်ကိုင်းနေသကဲ့သို့ ဖြစ်နေသည်၊ အရပ်တစ်ပါးသို့ ခရီးသွားမည့်သူသည် ပြင်ဆင်မှုကိစ္စကို ပြုလုပ်နေသော်လည်း သွားရမည့်အရပ်သို့ စိတ်ညွတ်နေသကဲ့သို့တည်း။

**သေခါနီးဝယ် စိတ်အစဉ်သည် မပြတ်ဖြစ်နေသည်ဟု ဆိုသောစကား မုချမှတ်ရ ပါမည်လော? (အဘိဏှံ ပဝတ္တတိ ဗာဟုလ္လေနနှ၌ ဗာဟုလ္လေန သဒ္ဒါထည့်ဆိုရခြင်းအကြောင်း)**

မုချမမှတ်ရပါ၊ အဆောတလျင် ရုတ်တရက် သေရသောသတ္တဝါများ၌ ထိုကဲ့သို့ စိတ် အစဉ် ဖြစ်ခွင့်မရှိ ဖြစ်ဖို့ရန် အချိန်မရ၊ ထို့ကြောင့်ပင် ဗာဟုလ္လေနဟု မိန့်ဆို။

**"တမေဝဝါ ပန (ပ) ဒွါရပတ္တံ ဟောတိ" ဖြင့် -**

တစ်နည်း ကံအာရုံထင်လာပုံကို ပြပါသည်။

ကမ္မနိမိတ်, ဂတိနိမိတ်တို့သည် ကံ၏အစွမ်းအားဖြင့် ဒွါရ၌ထင်လာပါစေတော့၊ ကံသည်ကား ဘယ်နည်းဖြင့် ဒွါရ၌ထင်လာနိုင်ပါသနည်း?၊ ဤသို့စောဒနာဖွယ် ရှိသောကြောင့် ကံအာရုံ ထင်လာပုံကို တစ်နည်းအားဖြင့် ဆက်လက်ပြဆိုရပါသည်။

## တစ်နည်း ကံအာရုံ ထင်လာပုံ

ပဋိသန္ဓေကျိုးကို ပေးတော့မည်ဖြစ်သော ကံသည်ပင်လျှင် မိမိကို အသစ်ပြုပြင်သည်၏ အစွမ်းဖြင့် (ယခုလတ်တလောပြုနေရသလို) စိတ်အာရုံ၌ ပေါ်လွင်ထင်လာတတ်သည်။ မနောဒွါရသို့ ရောက်သည်၊ မနောဒွါရ၌ထင်သည်-ဟု ဆိုလိုသည်။

'တမေဝဝါ' ၌ 'ဧဝ' သဒ္ဒါသည် အဝဓာရဏအနက် ရှိ၏။

ထိုဧဝသဒ္ဒါဖြင့် တမေဝဝါ “ကံကသာ မိမိ၏အစွမ်းကြောင့် ဒွါရပတ္တဖြစ်သည်၊ ကမ္မနိမိတ်, ဂတိနိမိတ်တို့သည် မိမိ၏အစွမ်းကြောင့် ဒွါရပတ္တ မဖြစ်ကုန်၊ ကံ၏ အစွမ်းကြောင့်သာ ဒွါရပတ္တဖြစ်ကုန်၏” ဟူသော အနက်ကိုပြသည်။

“ဝါ' သဒ္ဒါသည် သမ္ပိဏ္ဍနအနက် ရှိ၏၊

ယင်း 'ဝါ'သဒ္ဒါဖြင့် “ကမ္မနိမိတ်, ဂတိနိမိတ်တို့သာ ကံ၏အစွမ်းကြောင့် ထင်လာကုန်သည်မဟုတ်သေး၊ ကံလည်း ကံ၏အစွမ်းကြောင့် ထင်သေး၏” ဟူသော အနက်ကို ပေါင်းသည်။

၉၁။ **“ပစ္စာသန္နမရဏာသ” အစရှိသော စကားရပ်သည်** မရဏာသန္နဝီထိများကို ပြသော စကားရပ်ဖြစ်သည်။

တစ်နည်း - သတ္တဝါတစ်ဦးတစ်ယောက် သေဆုံးပုံကို ပြဆိုသောပါဠိဖြစ်သည်။

## အဓိပ္ပါယ်

စုတေဖို့ရန် အလွန်နီးကပ်နေသော သတ္တဝါ၏ ဝီထိစိတ်အဆုံးမှာဖြစ်စေ, ဘဝင်အကုန်မှာ ဖြစ်စေ စုတိစိတ်ဖြစ်၍ ချုပ်သည်၊ ပစ္စုပ္ပန်ဘဝမှ ပြောင်းရွှေ့ ရွှေ့လျောသည်ကိုပင် “စုတေ

သည်၊ သေသည်” ဟုခေါ်သည်၊ ထိုစုတိစိတ်သည် ပစ္စုပ္ပန်ဘဝ၏ နောက်ဘိတ်ဆုံးစိတ်ပင် ဖြစ်သည်။

## ပစ္စာသန္န မရဏ အဓိပ္ပါယ်

ထိုစကားရပ်၌ မရဏာသန္နဝီထိကျပြီးသည့်နောက် စုတေမည့်သတ္တဝါ, သို့မဟုတ် မရဏာသန္နဝီထိနောင် ဘဝင်အနည်းငယ် ကျပြီးသည်နောက် စုတေမည့် သတ္တဝါတို့ကို “ပစ္စာသန္န မရဏ= စုတေဖို့ရန် အလွန်နီးကပ်နေသော သတ္တဝါ” ဟု ဆိုရသည်။

### မရဏာသန္နဝီထိများ

ဝီထိစိတ္တဝသာနေ စဝနဝသေန ဖြင့်-

၁။ ဇောနောင် စုတိကျသော ဝီထိ

၂။ တဒါရုံနောင် စုတိကျသော ဝီထိတို့ကိုပြသည်။

ဘဝင်္ဂက္ခယေဝါ စဝနဝသေန-ဖြင့်

၃။ ဇော ဘဝင်နောင် စုတိကျသောဝီထိ

၄။ တဒါရုံ ဘဝင်နောင် စုတိကျသောဝီထိတို့ကို ပြသည်။

ဤစကား ၂- ရပ်ကို ပေါင်းစပ်လျက် အချုပ်အားဖြင့် မရဏာသန္န ၄-ဝီထိ ရှိကြောင်းကို သိရာ၏၊ ထိုမရဏာသန္နဝီထိသည် “ပဥ္စဒွါရဝီထိ, မနောဒွါရဝီထိ” အားဖြင့် ၂-မျိုးပင် ရှိနိုင် ပါသည်။

မှတ်ချက် ။ ။ ဤလေးဝီထိသည် ကာမပဋိသန္ဓေစိတ်၏ အာရုံနောက်၌ ချရမည်။

## အတိမဟန္တာရုံ မဟန္တာရုံဝီထိကို ခွဲပုံ နိယံ

တဒါ ဘဝင်စု တဒါစု နှစ်ခု တိမဟန္တ၊

ဇော ဘဝင်စု ဇောနောင်စု နှစ်ခုမဟန္တ။

**ပဋိသန္ဓေ(ပွန်ဘဝ)၏ - အစ , အလယ်, အဆုံး စိတ်များ**

အစဖြစ်သောစိတ် - ပဋိသန္ဓေစိတ်။ အလယ်ဖြစ်သောစိတ် - ဝီထိစိတ်နှင့် ဘဝင်စိတ်။ အဆုံးဖြစ်သောစိတ် - စုတိစိတ်။

**"တသ္မိံ နိရုဒ္ဓါဝသာနေ ( ပ ) ပတိဋ္ဌာတိ ဘဝဏ္ဍ ရေ" ဟူသော စကားရပ်ဖြင့်** -

ပဋိသန္ဓေစိတ် ဖြစ်ပုံကို ပြသည်။ (ဘဝကူးပုံပြ ပါဠိ)

**တသ္မိံ နိရုဒ္ဓါဝသာနေ တဿာနန္တရမေဝ ပဋိသန္ဓိ သင်္ခါတံ မာနသံ ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ - ဖြင့်** စုတေသည်၏ အခြားမဲ့၌ ကာလမခြားဘဲ ပဋိသန္ဓေစိတ်သည် ဥပါဒ်လျှင် ဥပါဒ်ချင်း ဘဝသစ်၌ တည်နေသည်ကို သိစေပါသည်။ (အနုစ်ချုပ် ပါဠိ အဓိပ္ပါယ် ဖြစ်သည်။)

**တထာ ဂဟိတံ အာရမ္မဏံ အာရဗ္ဘ - ဖြင့်** ပဋိသန္ဓေစိတ်သည် မသေမီ ဘဝဟောင်းက မရဏာသန္နဇောသည် ယူအပ်သော အာရုံကို ဆက်၍ အာရုံပြုသည်ကို သိစေပါသည်။

**သဝတ္ထုကံ အဝတ္ထုကမေဝဝါ - ဖြင့်** ပဋိသန္ဓေစိတ်သည် ကာမဘုံ, ရူပဘုံ ဖြစ်လျှင် ထိုဘုံ၌ မှီရာဟဒယဝတ္ထုရုပ်ရှိသောကြောင့် ထိုဟဒယဝတ္ထုကို မှီ၍ ဖြစ်သည်။ (သဝတ္ထုကအရ)

အရူပဘုံ၌ ဖြစ်လျှင် ထိုဘုံ၌ မှီရာဝတ္ထုရုပ်မရှိသောကြောင့် ဝတ္ထုရုပ်ကို မမှီမူ၍ ဖြစ်ပါသည်။ (အဝတ္ထုကအရ)ကို သိစေပါသည်။

**ယထာရဟံ အဝိဇ္ဇာနုသယ ပရိက္ခိတ္တေန တဏှာနုသယ မူလကေန သင်္ခါရေန ဇနိယမာနံ - ဖြင့်** ပဋိသန္ဓေစိတ်သည် သူ့အလိုလို ဖြစ်လာသည်မဟုတ်။ (ပြဟ္မာ ဗိဿနိုး တန်ခိုးကြီးမားသော ဘုရားသခင် စသည်တို့ ဖန်ဆင်းမှုကြောင့် ဖြစ်ပေါ်လာသည်မဟုတ်) ထိုက်သည့် အားလျော်စွာ ကုသိုလ်ကံ - အကုသိုလ်ကံ တည်းဟူသော သင်္ခါရကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ် ပါသည်။

ထိုသင်္ခါရ၌ အဝိဇ္ဇာနုသယ (မောဟ) ခြံရံလျက်ရှိ၍ တဏှာနုသယ (လောဘ) အရင်းခံ လျက် ရှိသည်ကို သိစေပါသည်။

**သမ္ပယုတ္တေဟိ ပရိဂ္ဂယှမာနံ – ဖြင့်** ပဋိသန္ဓေစိတ် ဖြစ်ပေါ်လာရာ၌ သူချည်းသက်သက် ဖြစ်ပေါ် လာသည်မဟုတ်၊ ဖဿစသော ယှဉ်ဘက် သဟဇာတ်တရားများသည် ထိုပဋိသန္ဓေ စိတ်ကို ခြံရံလျက် ပါလာကြသည်ကို သိစေပါသည်။

**သဟဇာတာန မဓိဋ္ဌာနဘာဝေန ပုဗ္ဗင်္ဂမဘူတံ – ဖြင့်** ထိုသို့ ပဋိသန္ဓေစိတ်သည် ဖဿ စသော သဟဇာတ်တရားတို့နှင့် တကွဖြစ်ပေါ်လာရသော်လည်း သဟဇာတ်တရားတို့၏ တည် ရာမှီရာဖြစ်သော ကြောင့် ပဋိသန္ဓေစိတ်သည် ထိုသဟဇာတ်တရားတို့၏ ရှေ့သွားခေါင်းဆောင် ဖြစ်သည်ကို သိစေပါသည်။

**ဘဝန္တရ ပဋိသန္ဓာနဝသေန ပဋိသန္ဓိ သခ်ီါတံ မာနသံ – ဖြင့်** ရှေ့ နောက်ဖြစ်သော ဘဝ အထူးတို့ကို တစပ်တည်းကဲ့သို့ ဆက်စပ်တတ်သောကြောင့် ထိုစိတ်ကို ပဋိသန္ဓေစိတ်ဟု ခေါ်သည်ဟု သိစေပါသည်။

## ပဋိသန္ဓေစိတ် ဖြစ်ပုံအခြင်းအရာ

ပဋိသန္ဓေစိတ်သည် စုတိ၏အခြားမဲ့၌သာလျှင် ဖြစ်သည်။ မရဏာသန္နဇောသည် ယူအပ်သောအာရုံကို အာရုံပြုသည်။ ပဉ္စဝေါကာရဘုံ၌ ဟဒယဝတ္ထုကို မှီ၍ လည်းကောင်း၊ စတုဝေါကာရဘုံ၌ ဝတ္ထုရုပ်ကို မမှီဘဲလည်းကောင်း ဖြစ်သည်၊ အဝိဇ္ဇာနုသယ ခြံရံလျက် တဏှာနုသယအရင်းခံရှိသော ကုသိုလ်, အကုသိုလ်ကံကြောင့် ဖြစ်သည်။ သမ္ပယုတ် တရားများလည်း ခြံရံလျက် ပါသည်။ တကွဖြစ်ဘက်တရားတို့၏ တည်ရာမှီရာလည်း ဖြစ်, ရှေ့သွားခေါင်းဆောင်လည်းဖြစ်သည်။ ရှေ့နောက် ဖြစ်သော ဘဝအထူးကို တစပ်တည်းကဲ့သို့ ဥပါဒ်လျှင် ဥပါဒ်ခြင်း ဘဝသစ်၌ ဖြစ်သည်။ (၁၃၅၆-ခု, ၆၃-ခု အကြီးတန်း)

## စုတိစိတ်နှင့် ပဋိသန္ဓေအကြား ယာယီဘဝ မရှိ

တသ္မိံ နိရုဒ္ဓါဝသာနေ တဿာနန္တရမေဝကို ထောက်ပါ။ (၁၃၆၂-ခု အကြီးတန်း)

## လူသေလျှင် အိမ်မှာ ၇-ရက်နေသည် ဟူသောစကား

တသ္မိံ နိရုဒ္ဓါဝသာနေ တဿာနန္တရမေဝ ကို ထောက်၍ မမှန်ပါ။

(၁၃၆၃-ခု အလတ်တန်း)

**သေငယ်ဇောနှင့် မျောနေသူ၏ စုတိအနန္တရရှေ့စိတ်**

ဒုတိယတဒါရုံ၊ မရဏာသန္နပဥ္စမဇော၊ ဘဝင်စိတ် များ ဖြစ်သည်။ (၁၃၆၃-ခု အကြီးတန်း)

**ပဋိသန္ဓေ၏ အကူအညီအထောက်အပံ့တရား**

အဝိဇ္ဇာ၊ တဏှာ၊ လောကီကုသိုလ်, အကုသိုလ်ကံ သင်္ခါရ၊ ပဋိသန္ဓေနှင့် ယှဉ်သော သမ္ပယုတ်တရား။ (၁၃၆၁-ခု အငယ်တန်း)

**မျှော်လင့်ချက်ဖြင့် ကုသိုလ်ပြုလုပ်သူ၏**

**အခြံအရံ တရားကား** – အဝိဇ္ဇာနုသယ ဖြစ်ပါသည်။

**မူလ အရင်းခံတရားကား** – တဏှာနုသယ ဖြစ်ပါသည်။

**သင်္ခါရေန ဇနိယမာနံ-၌ သင်္ခါရ-အရ**

ကုသိုလ်, အကုသိုလ်စေတနာ (တစ်နည်း) ထိုစေတနာနှင့် တကွဖြစ်သော ဖဿစသော ယှဉ်ဘက် တရားများ၊ (တစ်နည်း) မရဏာသန္နဇောနှင့်တကွ `ဖြစ်သော စေတနာ၊ (တစ်နည်း) ထိုစေတနာနှင့်တကွ ဖြစ်သော ဖဿ စသော တရားအပေါင်း။

(၁၃၆၃-ခု အလတ်တန်း၊ ၆၂-ခု အကြီးတန်း)

**လောက်လန်းသဖွယ် ဝိညာဉ်တွယ်-ဟူသောစကား လက်ခံသင့်/မသင့်**

ပဋိသန္ဓိသင်္ခါတံ မာနသံ ဉပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ-ကိုထောက်၍ ပဋိသန္ဓေ-ဟု ဆိုအပ်သော စိတ်သည် ဥပါဒ်လျှင် ဥပါဒ်ခြင်း ဘဝတစ်ပါး၌ တည်သောကြောင့် လက်မခံသင့်။

**သတ္တဝါမှန်သမျှ သေပြီးနောက် ဘဝတစ်ခု၌ ဖြစ်ဦးမည်-ဟူသော အယူဝါဒ မှန်/မမှန်**

အဝိဇ္ဇာနုသယ အခြံအရံရှိသော တဏှာနုသယ အရင်းခံရှိသော ကံကြောင့်သာလျှင် ဘဝ၌ ပဋိသန္ဓေဖြစ်ရသောကြောင့် သတ္တဝါမှန်သမျှ သေပြီးနောက် ဘဝတစ်ခု၌ ဖြစ်ဦးမည် ဟူသော အယူဝါဒ မမှန်ပါ။ **သာဓက=** တသ္မိံ နိရုဒ္ဓါဝသာနေ (ပ) သင်္ခါရေန ဇနိယမာနံ။

## ပြဟ္မာမင်းကြီးဖန်ဆင်းမှုကြောင့် သတ္တဝါဖြစ်လာသည်-ဟူသော အယူအဆ မှန်/ မမှန် ။ ။

အဝိဇ္ဇာနုသယ အခြံအရံရှိသော တဏှာနုသယ အရင်းခံရှိသော ကံကြောင့်သာလျှင် ဘဝ၌ ပဋိသန္ဓေဖြစ်ရသောကြောင့် မမှန်ပါ။

**သာဓက=** အဝိဇ္ဇာနုသယ ပရိက္ခိတ္တေန(ပ) ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ [ပစ္စည်းပိုင်း]

## လှူဒါန်းမှုဒါနသည် သံသရာလည်ကြောင်း မဟုတ်

လှူဒါန်းမှုဒါနသည် သံသရာလည်ကြောင်း မဟုတ်ပါ။ သံသရာရှည်ခြင်းသည် ရှည်လိုသော တဏှာကြောင့် သာဖြစ်၍ အဝိဇ္ဇာနုသယပရိက္ခိတ္တေန တဏှာနုသယ မူလကေန သင်္ခါရေန ဇနိယမာနံဟုဆိုသည့်အတိုင်း အဝိဇ္ဇာနုသယခြံရံသည့် တဏှာအရင်းခံရှိသောကံကြောင့် ဘဝသံသရာ၌ ပဋိသန္ဓေနေခြင်း, သံသရာလည်ခြင်း ဖြစ်ရသည်။ (၁၃၆၃-ခု အကြိုးတန်း)

## အသက်လိပ်ပြာဝိညာဉ်သည် ခန္ဓာဟောင်းကိုစွန့်၍ ခန္ဓာသစ်သို့ သွားရောက်သည်ဟူသော စကား မမှန်

ဘဝဟောင်းက ရုပ်နာမ်ခန္ဓာများလည်း ဘဝ ဟောင်း၌ပင် ချုပ်ဆုံးခဲ့သည်၊ ဘဝသစ် ရုပ်နာမ် ခန္ဓာ များကား အတိတ်ကံကြောင့် အသစ်ဖြစ်ပေါ်လာသော ခန္ဓာများပင် ဖြစ်သည်။ ထို့ကြောင့် မမှန်ပါ။

**သာဓက-**ပဋိသန္ဓိသင်္ခါတံ မာနသံ ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ။ (၁၃၆၃-ခု အလတ်တန်း)

## သတ္တဝါတို့၏ ဘဝတစ်ခု၌ အစဦးဆုံး ဖြစ်ပေါ်လာသော စိတ်၏

**(က) အကြောင်းတရား (ခ) ထို၏ အရင်းခံတရား (ဂ) အခြံရံတရားများ**

(က) လောကီကုသိုလ် အကုသိုလ်ကံ။ (ခ) တဏှာနုသယ။ (ဂ) အဝိဇ္ဇာနုသယ။
(၁၃၆၄-ခု အကြိုးတန်း)

**နောက်ထပ်တစ်ဖန် ဘဝသစ်ကို ဖြစ်ပေါ်အောင် တည်ဆောက်နိုင်စွမ်းရှိသော အကြောင်းကံ တရားများ**

အဝိဇ္ဇာနုသယ အခြံအရံရှိသော တဏှာနုသယ အရင်းခံရှိသော ကုသိုလ်ကံ, အကုသိုလ်ကံ။ (၁၃၆၄-ခု အလတ်ထန်း)

**၉၂။ "မရဏာသန္နဝီထိယံ ( ပ ) ယထာရဟမာရမ္မဏံ ဟောတိ" ဟူသော စကားရပ်သည်**

ပဋိသန္ဓေစိတ်၏ အာရုံကိုပြသော စကားရပ် ဖြစ်သည်၊

ထိုတွင် "မရဏာသန္နဝီထိယံ (ပ) ပရိတ္တဓမ္မဘူတာနေဝါရမ္မဏာနိ" စကားရပ်ဖြင့် ကာမာဝစရပဋိသန္ဓေစိတ်၏ အာရုံကိုပြသည်။

**ကာမပဋိသန္ဓေစိတ်၏ အာရုံ**

မရဏာသန္နဝီထိ၌ စိတ်အားလုံးပင် ခပ်လျော့လျော့ ဖြစ်နေကြသည်၊ ဇောများလည်း အဟုန်မပြင်းလှပါ၊ သို့ဖြစ်၍ ၅-ကြိမ်သာ ဇောရသည်။

ထို့ကြောင့် မရဏာသန္နဝီထိ၌ ပစ္စုပ္ပန်အာရုံများ (ကမ္မနိမိတ်ဖြစ်စေ, ဂတိနိမိတ်ဖြစ်စေ) ထင်လာ၍ မချုပ်သေးဘဲ ထင်ရှားရှိနေစဉ်ပင် စုတေခဲ့ပါလျှင် ပဋိသန္ဓေနှင့် ဘဝင်စိတ်တို့သည်လည်း မချုပ်သေးသော ပစ္စုပ္ပန်အာရုံကိုပင် ဆက်လက်အာရုံပြုနိုင်ကြသည်။

ဤအကြောင်းများကြောင့် ကာမာဝစရပဋိသန္ဓေ၏ အာရုံသည် ကမ္မနိမိတ်နှင့် ဂတိနိမိတ် ဖြစ်လျှင် မရဏာသန္နဇောက ၆-ဒွါရဖြင့် ထိုက်သည်အားလျော်စွာ ယူပေးအပ်သော အာရုံဖြစ်သည်၊ မချုပ်သေးလျှင် ပစ္စုပ္ပန်လည်းဖြစ်နိုင်သည်၊ ချုပ်ပြီးလျှင် အတိတ်လည်းဖြစ်နိုင်သည်၊ အနာဂတ်ကား မဖြစ်နိုင်ပါ။

ဝီထိချ၍ ရှင်းပြပါဦးမည်၊ ဝီထိနှင့် တိုက်ဆိုင်ညှိနှိုင်း၍ သဘောဉာဏ် သက်ဝင်အောင် လေ့လာပါ။

**မရဏာသန္နဝီထိများ**

စက္ခုဒွါရိက အတိမဟန္တာရုံ မရဏာသန္နလေးဝီထိ-

၁။ တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ စု (ဘဝဟောင်း) ပဋိသန္ဓေ ဘွင် ၁၅/၁၆ကြိမ် မ ဇ -၇ ဘ (ဘဝသစ်)

၂။ တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ရုံ ရုံ စု ပဋိသန္ဓေ ဘွင် ၁၅/၁၆ကြိမ် မ ဇ -၇ ဘ (ဘဝသစ်)

၃။ တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဘ ဘ စု ပဋိသန္ဓေ ဘွင် ၁၅/၁၆ကြိမ် မ ဇ -၇ ဘ (ဘဝသစ်)

၄။ တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ ဘ စု ပဋိသန္ဓေ ဘွင် ၁၅/၁၆ကြိမ် မ ဇ -၇ ဘ (ဘဝသစ်)

ဤ၌ စက္ခုဒွါရဝီထိမျှကိုသာ ပြထားသည်၊ ကြွင်းသောပဉ္စဒွါရဝီထိတို့ကိုလည်း နည်းတူပင် မှတ်ပါ။

မနောဒွါရ ဝိဘူတာရုံ မရဏာသန္နဝီထိ ၄-ဝီထိ

၁။ န ဒ မ ဇ ဇ ဇ ဇ ဇ စု ပဋိ ဘွင်- ၁၅/၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

၂။ န ဒ မ ဇ ဇ ဇ ဇ ဇ ရုံ ရုံ စု ပဋိ ဘွင်- ၁၅/၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

၃။ န ဒ မ ဇ ဇ ဇ ဇ ဇ ဘ ဘ စု ပဋိ ဘွင်- ၁၅/၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

၄။ န ဒ မ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ ဘ စု ပဋိ ဘွင်- ၁၅/၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ

**ပဉ္စဒွါရ မရဏာသန္နဝီထိ စိစစ်ချက်**

"ဇော" အဆုံးရှိသော ပဉ္စဒွါရဝီထိဖြစ်လျှင် အတီတဘဝင်မှစ၍ စုတိတိုင်အောင် အာရုံ အသက် စိတ္တက္ခဏ ၁၄-ချက်သာ ရှိသေးသည်၊ ပစ္စုပ္ပန်အာရုံ မချုပ်သေး၊ ပဋိသန္ဓေသစ်နှင့် ဘဝင် ၂-ကြိမ်တို့ ပစ္စုပ္ပန်အာရုံကိုပင် ဆက်လက်အာရုံပြုကြသည်၊ တတိယဘဝင်မှစ၍ နောက်နောက် ဘဝင်များကား အတိတ်ကိုသာ အာရုံပြုကြရတော့သည်။

တဒါရုံဆုံးသော ပဉ္စဒွါရဝီထိဖြစ်လျှင် စုတိတိုင်အောင် အာရုံအသက် ၁၆-ချက် ရှိခဲ့ပြီ၊ ပဋိသန္ဓေသစ်ကသာ ပစ္စုပ္ပန်ကို အာရုံပြုနိုင်တော့သည်၊ ဘဝင်စိတ်တို့မှာ အတိတ်ကိုသာ အာရုံပြု ကြသည်။

**မနောဒွါရ မရဏာသန္နဝီထိ စိစစ်ချက်**

"ဇော" အဆုံးရှိသော မနောဒွါရဝီထိဖြစ်လျှင် စုတိတိုင်အောင် အာရုံအသက် ၁၀-ချက်

သာ ရှိသေးသည်၊ ပဋိသန္ဓေသစ်နှင့် ဘဝင် ၆-ကြိမ်တို့ ပစ္စုပ္ပန်ကို အာရုံပြုကြသည်။

"တဒါရုံ" ဆုံးသော မနောဒွါရဝီထိဖြစ်လျှင် ပဋိသန္ဓေသစ်နှင့် ဘဝင် ၄-ကြိမ်တို့ ပစ္စုပ္ပန်ကို အာရုံပြုကြသည်၊ "ဇော ဘဝင်" နောင် စုတိကျသော ဝီထိ, တဒါရုံ ဘဝင်" နောင် စုတိကျသော ဝီထိတို့ကိုလည်း စိစစ်ကြည့်ပါ။

ကံအာရုံမှုကား အတိတ်တစ်မျိုးသာတည်း၊ ယင်းအတိတ်ကံအာရုံကို မနောဒွါရဖြင့်သာယူအပ်၏၊ (ပဋိသန္ဓေစိတ်သည် ကံကို အာရုံပြုသည့်အခါ မရဏာသန္နဇောက မနောဒွါရဖြင့် ယူပေးအပ်သော အတိတ်ကံကိုသာ အာရုံပြုသည်-ဟု ဆိုလိုသည်။)

ထို "ကံ, ကမ္မနိမိတ်, ဂတိနိမိတ်" ဟူသော အာရုံအားလုံးတို့သည် (တရားကိုယ်အားဖြင့်) ကာမအာရုံချည်းသာ ဖြစ်ကြသည်။

**ကာမပဋိသန္ဓေ၏ အာရုံဖြစ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟူသည် ပရမတ္ထအလို တရားကိုယ်အားဖြင့် အဘယ်တရားဖြစ်ပါသနည်း။**

ကာမတရားချည်းသာဖြစ်ပါသည်။

**သာဓက=** တာနိ ပန သဗ္ဗာနိပိ ပရိတ္တဓမ္မဘူတာနေဝါရမ္မဏာနိ။

## ဆဒွါရဂ္ဂဟိတံ ပစ္စုပ္ပန္နမတီတံ

ကမ္မနိမိတ်ကို ဆဒွါရဖြင့် ယူအပ်၏၊ ဂတိနိမိတ်ကိုကား ၆-ခုမြောက်ဖြစ်သော မနောဒွါရဖြင့်သာ ယူအပ်၏။

ကမ္မနိမိတ်သည် "ပစ္စုပ္ပန်, အတိတ် ၂-မျိုးပင် ဖြစ်နိုင်သည်၊ ဂတိနိမိတ်မူကား ပစ္စုပ္ပန်တစ်မျိုးသာဖြစ်နိုင်သည်။

ဤသို့ဖြစ်သင့်သည်အားလျော်စွာသာ စပ်ဟပ် ယူရမည်၊ အကုန်လုံး ခြုံ၍ ကောက်ချက်ချသော်-

၁။ ကံသည် အတိတ် ဓမ္မာရုံ မနောဒွါရိကဖြစ်၏။

၂။ ကမ္မနိမိတ်သည် ပစ္စုပ္ပန်, အတိတ်ဖြစ်သော အာရုံ ၆-ပါး၊ ဆဒွါရိကဖြစ်၏၊

၃။ ဂတိနိမိတ်မှုကား ပစ္စုပ္ပန် ရူပါရုံ၊ မနောဒွါရိကဖြစ်၏။

**၉၃။ 'ရူပါဝစရပဋိသန္ဓိယာ ပန" စသည်ဖြင့် –**

ရူပပဋိသန္ဓေ၏ အာရုံကို ပြပါသည်။

ရူပါဝစရပဋိသန္ဓေသည် ကသိုဏ်းစသော ပညတ် ကမ္မနိမိတ်ကို အာရုံပြုပါသည်။ မှန်၏= ရူပါဝစရ စျာန်သည် "ကသိုဏ်း, ပညတ်'စသည်ကို အာရုံပြုသည်၊ ရူပါဝစရစျာန်က ပဋိသန္ဓေ ကျိုးကို ပေးတော့မည်ဆိုပါလျှင် စုတေခါနီး၌ ရူပစျာန်၏အာရုံဖြစ်သော "ကသိုဏ်း, ပညတ်" စသည်တို့တွင် တစ်ပါးပါးသည် ကမ္မနိမိတ်အဖြစ်ဖြင့် ထင်လာရသည်၊ ထို့ကြောင့် စုတေသည်၏ အခြားမဲ့၌ ဖြတ်ဖြတ်ပြည်မှာဖြစ်သော ပဋိသန္ဓေစိတ်သည်လည်း ကသိုဏ်းစသော ပညတ် ကမ္မနိမိတ်ကိုပင် ဆက်လက် အာရုံပြုသည်။

**၉၄။ "တထာ အာရုပ္ပပဋိသန္ဓိယာ စ" စသည်ဖြင့်**

အရူပပဋိသန္ဓေ၏ အာရုံကို ပြပါသည်။

အရူပါဝစရပဋိသန္ဓေသည် မဟဂ္ဂုတ် ပညတ်ဖြစ်သော ကမ္မနိမိတ်ကို ထိုက်သလိုပင် အာရုံပြုပါသည်။

**အရူပ ပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော မဟဂ္ဂုတ် ပညတ်အာရုံများကို ထိုက်သည် အားလျော်စွာ အာရုံပြုပုံ ( ယထာရဟ အဓိပ္ပါယ် )**

အရူပပဋိသန္ဓေ ၄-ခုတို့တွင် ဝိညာဏဉ္စာယတနပဋိသန္ဓေသည် ပထမာရုပ္ပဝိညာဏ် ဟူသော မဟဂ္ဂုတ်ကမ္မနိမိတ်ကို အာရုံပြုပါသည်။ နေဝသညာနာသညာယတန ပဋိသန္ဓေသည် တတိယာရုပ္ပဝိညာဏ်ဟူသော မဟဂ္ဂုတ်ကမ္မနိမိတ်ကို အာရုံပြုပါသည်။အာကာသာနဉ္စာယတန ပဋိသန္ဓေစိတ်သည် ကောင်းကင်ပညတ်ဟူသော ကမ္မနိမိတ်ကို အာရုံပြုပါသည်။ အာကိဉ္စညာယတန ပဋိသန္ဓေစိတ်သည် နတ္ထိဘောပညတ် ဟူသော ကမ္မနိမိတ်ကို အာရုံပြုပါသည်။ ဤသို့ ထိုက်သည်အား လျော်စွာ အာရုံပြုကြသည်။ ဤသို့ဖြစ်သည်ကို ယထာရဟံဟုခေါ်ပါသည်။

**အာရုပ္ပပဋိသန္ဓိယာစ မဟဂ္ဂတဘူတံ ပညတ္တိဘူတဉ္စ-၌ မဟဂ္ဂတ-အရ -**

အာကာသာနဉ္စာယတနစိတ်၊ အာကိဉ္စညာယတနစိတ်-တို့ကို ယူရပါမည်။

**ကမ္မနိမိတ်ကိုသာ အာရုံပြုသော ပဋိသန္ဓေများ**

ရူပ ပဋိသန္ဓေနှင့် အရူပပဋိသန္ဓေစိတ်တို့ ဖြစ်ပါသည်။

**ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့ကို ဒွါရ+ကာလ+အာရုံအားဖြင့် ဝေဖန်ပုံ**

၁။ ကံ-သည် မနောဒွါရိက, အတိတ်ကာလ, ဓမ္မာရုံ ဖြစ်ပါသည်။

၂။ ကမ္မနိမိတ်သည် ဆဒွါရိက၊ ပစ္စုပ္ပန်, အတိတ်ကာလ၊ ကာလဝိမုတ်ဖြစ်သော ပညတ် အာရုံ ၆-ပါး ဖြစ်ပါသည်။

၃။ ဂတိနိမိတ်သည် မနောဒွါရိက, ပစ္စုပ္ပန်ကာလ, ရူပါရုံဖြစ်ပါသည်။

**ဆောင်ပုဒ်။**

ကံ အာရုံမှာ၊ တိတ်ဓမ္မာ၊ ထင်ရာ မနောတည်း။

ကမ္မနိမိတ်၊ ပွန်+တိတ်ပညတ်၊ ခြောက်ရပ်အာရုံ၊ ဒွါရစုံ၊ ခြောက်ဖုံ ထင်သတည်း။

ဂတိမှာကား၊ ပွန် ရူထား၊ ထင်ငြား မနောတည်း။

ပွန်တိတ် ကာလံ၊ ရုံခြောက်တန်၊ ထင်ရန် ဆဒွါတည်း။

**အသညသတ္တာနံ ပန” အစရှိသော (၉၅-၉၆-၉၇) စကားရပ်သည်** ရုပ်ပဋိသန္ဓေနေသူ, နာမ်ပဋိသန္ဓေနေသူ' စသည်တို့ကို ပိုင်းခြားသတ်မှတ်ပြသော စကားရပ်ဖြစ်သည်။

၉၅။ အသညသတ်ဘုံသား ဗြဟ္မာများသည် ဇီဝိတနဝက ရုပ်ကလာပ်ဖြင့် ပဋိသန္ဓေ နေကြရသည်၊ ထို့ကြောင့် ရုပ်ပဋိသန္ဓေ နေသူတို့မည်၏။

၉၆။ အရူပဘုံသား ဗြဟ္မာများသည် နာမ်ပဋိသန္ဓေနေသူတို့ မည်၏။

၉၇။ ကြွင်းသော ကာမဘုံသား ရူပဘုံသား ပုဂ္ဂိုလ်များသည် ရုပ်,နာမ်အစုံ ပဋိသန္ဓေ နေသူတို့ မည်၏။

ထို့ကြောင့် အသညသတ်ဘုံကို "ဧကဝေါကာရဘုံ" ဟုလည်းကောင်း၊ အရူပဘုံကို "စတုဝေါကာရဘုံ" ဟုလည်းကောင်း၊ ကြွင်းသော ကာမ, ရူပ ၂၆-ဘုံကို "ပဉ္စဝေါကာရဘုံ" ဟုလည်းကောင်း ခေါ်ဝေါ်သုံးစွဲကြသည်။

**သေသ အပါဒါန်၊ သေသ အရ**

(က) သေသအပါဒါန်အရ-အသညသတ်ရုပ်ပဋိသန္ဓေ ၁၊ အရူပပဋိသန္ဓေ ၄၊ ပေါင်း (၅) ပါးသော ပဋိသန္ဓေရှိသောပုဂ္ဂိုလ်ရ၏ ။

(ခ) သေသအရ- ရုပ်၊ နာမ်အစုံ ပဋိသန္ဓေရှိသော ကာမပဋိသန္ဓေ(၁၀)၊ ရူပပဋိသန္ဓေ(၅) ၊ ပေါင်း (၁၅)ပါးသော ပဋိသန္ဓေရှိသောပုဂ္ဂိုလ်ရ၏ ။

**ပဋိသန္ဓေနှင့် အာရုံတွဲပုံ**

ကာမပဋိသန္ဓေစိတ်၏အာရုံ - ကံ ကမ္မနိမိတ် ဂတိနိမိတ်ကို အာရုံပြု။

ရူပပဋိသန္ဓေစိတ်၏အာရုံ - ပညတ်ဖြစ်သော ကမ္မနိမိတ်ကို အာရုံပြု။

အရူပပဋိသန္ဓေစိတ်၏အာရုံ - မဟဂ္ဂုတ်ဖြစ်သော ကမ္မနိမိတ်နှင့် ပညတ် ဖြစ်သော ဂတိ နိမိတ်ကို အာရုံပြုပါသည်။

**ရုပ်ဘဝင် နာမ်ဘဝင်**

ဇီဝိတနဝကကလာပ်ရုပ်သည် ရုပ်ဘဝင်ဖြစ်သည်။

ပဋိသန္ဓေစိတ် ၁၉- ခုသည် နာမ်ဘဝင်ဖြစ်သည်။

၉၈။ **"အာရုပ္ပစုတိယာ" စသော ဂါထာသည်** ထိုထိုစုတိ၏နောက်၌ ဖြစ်သင့်သော ပဋိသန္ဓေ တို့ကို အကျဉ်းချုပ်ပြသော ဂါထာဖြစ်သည်။

တစ်နည်း - ဘယ်ဘဝကသေလျှင် ဘယ်ဘဝရောက်နိုင်သည်ဟု သတ္တဝါများ ၃၁ဘုံ၌ ကျင်လည်ရပုံပြဂါထာဖြစ်ပါသည်။

## စုတိနောင် ပဋိသန္ဓေနောင်းပုံနှင့် ရောက်နိုင်ရာဘုံ

အရူပ စုတိ ၄-ခုနောင်- အောက်အောက် အာရုပ္ပကြဉ်သော အာရုပ္ပပဋိသန္ဓေ ၄-ပါး၊ ကာမတိဟိတ် ပဋိသန္ဓေ ၄-ပါးတို့ နှောင်းနိုင်ပါသည်။

ဘုံ - အရူပ စုတိနောင် အရူပလေးဘုံ ကာမ ၇-ဘုံသို့ ရောက်နိုင်ပါသည်။

ရူပ စုတိ ၅-ပါး နောင်- အဟိတ်ပဋိသန္ဓေ ၂-ပါးကြဉ်သော သဟိတ်ပဋိသန္ဓေစိတ် ၁၇-ပါး နှောင်းနိုင်ပါသည်။

ဘုံ - ရူပစုတိနောင် အရူပလေးဘုံ ရူပ ၁၆-ဘုံ၊ ကာမသုဂတိ ၇-ဘုံသို့ ရောက်နိုင်ပါသည်။

အသညသတ် စုတိ နောင်- ကာမဒွိဟိတ် တိဟိတ် ပဋိသန္ဓေ ၈-ခု နှောင်းနိုင်ပါသည်။

ဘုံ - အသညသတ် စုတိနောင် ကာမ ၇-ဘုံသို့ ရောက်နိုင်ပါသည်။

ကာမတိဟိတ် စုတိလေးခုနောင် - ရုပ်ပဋိသန္ဓေနှင့်တကွ ပဋိသန္ဓေ ၂၀-လုံးပင် နှောင်း နိုင်ပါသည်။

ဘုံ - ကာမတိဟိတ် စုတိနောင် ၃၁-ဘုံသို့ ရောက်နိုင်ပါသည်။

ကြွင်းသော ကာမအဟိတ် ဒွိဟိတ် စုတိလေးခုနောင် ကာမပဋိသန္ဓေ ၁၀-ပါးသာ နှောင်း နိုင်ပါသည်။

ဘုံ - အဟိတ်စုတိ ဒွိဟိတ်စုတိနောင် ကာမ ၁၁-ဘုံသို့ ရောက်နိုင်ပါသည်။

**အောက်ပါ ပုဂ္ဂိုလ်တို့ သေသည်အခါ ရောက်နိုင်ရာဘုံများ**

**(က) အပါယ်လေးဘုံသားများ / အဟိတ်လူသားများ ဒွိဟိတ်လူသားများ**

**(ခ) တိဟိတ်လူသားများ (ဂ) နတ်များ (ဃ) အသညသတ်ပြဟ္မာ**

**(င) ရူပဘုံသား ပြဟ္မာများ (စ) အရူပဘုံသား ပြဟ္မာများ**

**(ဆ) အာကာသာနဉ္စာယတန ပြဟ္မာ (ဇ) နေဝသညာနာသညာယတနပြဟ္မာများ**

(က) ကာမ ၁၁- ဘုံသို့ ရောက်နိုင်ပါသည်။ **သာဓက=** ကာမေသွေဝ ပနေတရာ။

(ခ) တိဟိတ်လူသားများသည် ၃၁-ဘုံလုံး ရောက်နိုင်ပါသည်။

(ဈာန်ရလျှင် ရူပ အရူပသို့ ရောက်နိုင်ပြီး မရလျှင် ကာမ ၁၁ဘုံသာ ရောက် နိုင်၏။)

**(သာဓက) –** သဗ္ဗာကာမတိဟေတုမှာ။

(ဂ) ၃၁- ဘုံလုံး ရောက်နိုင်ပါသည်။

ဒွိဟိတ် ပဋိသန္ဓေနေသော အချို့နတ်များကား ကာမ - ၁၁ဘုံ၌သာ ရောက်နိုင်သည်။ (သဗ္ဗာကာမ တိဟေတုမှာ)

(ဃ) ကာမသုဂတိ ၇-ဘုံရောက်နိုင်။

(င) ကြွင်း ရူပ ပြဟ္မာတို့ကား ကာမ သု ၇ဘုံ၊ ရူပ ၁၆ဘုံ၊ အရူပလေးဘုံတို့ ရောက်နိုင်သည်။

**(သာဓက) –** ရူပါဝစရ စုတိယာ အဟေတုရဟိတာ သိယုံ။

(စ) အရူပလေးဘုံ၊ ကာမသုဂတိ ၇-ဘုံသို့ ရောက်နိုင်သည်။

(ဆ) အာကာ ဘုံသား တိဟိတ်ပြဟ္မာတို့မှာ အရူပလေးဘုံ၊ ကာမသုဂတိ ၇-ဘုံ ရောက်နိုင်ပါသည်။

(ဇ) နေဝဘုံသား တိဟိတ်ပြဟ္မာတို့မှာ နေဝသညာ ဘုံနှင့် ကာမသုဂတိ ၇-ဘုံ သို့ ရောက်နိုင်ပါသည်။

(အရူပ အောက်ဖလဋ္ဌာန် အရိယာပြဟ္မာမှာကား - နေဝသညာ - ပြဟ္မာဘုံသာ ရောက်နိုင်ပါသည်။)

**(သာဓက) –** အာရုပ္ပ စုတိယာ ဟောန္တိ ဟေဋ္ဌိမာရုပ္ပ ဝဇ္ဇိတာ - ပရမာ ရုပ္ပသန္ဓိ စ တထာ

ကာမတိဟေတုကာ။

**ဆောင်။**

အပါယ်ဘုံမှ၊ စုတေက၊ ကာမဆယ့်တစ်ဘုံ။

ကာမအဟိတ်၊ ဒွိဟိတ်နှစ်ဝ၊ စုတေက၊ ကာမ ၁၁ဘုံ။

တိဟိတ်လူသား၊ စုတေပြား၊ ရောက်သွား ဘုံလုံးစုံ။

တိဟိတ်နတ်များ၊ စုတေပြား၊ ရောက်သွား ဘုံလုံးစုံ။

အသညမှ၊ စုတေက၊ ကာမသုဂတိဘုံ။

ကြွင်းရူပမှ၊ စုတေက၊ အပါယကြဉ်လေကုန်။

အရူ လေးဆူ၊ စုတေမူ၊ အရူ ကာသုဘုံ။

**ဗြဟ္မာပြည်မှာ တဝင်းဝင်း၊ ဝက်စာကျင်းမှာ တရှုပ်ရှုပ်-ဟူသော စကားအရ ဗြဟ္မာကြီးများ ဝက်ဘဝ သို့ တိုက်ရိုက် ရောက်နိုင်/မရောက်နိုင် ။ ။**

ရူပါဝစရစုတိယာ အဟေတုရဟိတာ သိယုံ-ကိုထောက် ရူပစုတိနောင် အဟိတ်ပဋိသန္ဓေ မနောင်းနိုင် သောကြောင့် -- ဗြဟ္မာကြီးများ ဝက်ဘဝသို့ တိုက်ရိုက်မရောက်နိုင်ပါ။

**နွားသေလျှင် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်နိုင်ခွင့် ရှိ/မရှိ ။ ။**

ကာမေသွေဝ ပနေတရာ-ကိုထောက်၍ ကာမအဟိတ်, ဒွိဟိတ်စုတိ ၄-ခုနောင် ကာမ ပဋိသန္ဓေ ၁၀-ပါး နှောင်းနိုင်သောကြောင့် နွားသေလျှင် တာဝတိံသာနတ်ပြည်၌ နတ်သား ဖြစ်နိုင်ခွင့် ရှိပါသည်။

**"လူသေလျှင် လူသာဖြစ်ရမည်" ဟူသော စကား လက်ခံသင့်/မခံသင့်**

**"လူသေ လူဖြစ်" ဟူသောစကားကို မှချအားဖြင့် မှတ်ထိုက်/မမှတ်ထိုက်**

သဗ္ဗာကာမတိဟေတုမှာ-ကိုထောက်၍ တိဟိတ်လူသားသေလျှင် လူ, နတ်, ဗြဟ္မာ အာလုံးဖြစ်နိုင်ပါသည်။

ကာမေသွေဝပနေတရာ-ကိုထောက်၍ ဒွိဟိတ် အဟိတ်လူသား သေလျှင် ကာမဘုံသား

အားလုံး ဖြစ်နိုင်ပါသည်။ ထို့ကြောင့် "လူသေလျှင် လူသာ ဖြစ်ရမည်" ဟူသောစကား လက်မခံသင့်ပါ။

**မေး။ မဏ္ဍုကနတ်သား(ဝါ) ဖားနတ်သားဆိုတာ ရှိနိုင်/ မရှိနိုင် သင်္ဂဟထောက်၍ ဖြေဆိုပါ ။**

**ဖြေ။** ကာမေသွေ ပနေတရာကိုထောက်၍ အဟိတ်စုတိနောင် မဟာဝိပါက်(၈)ခု ပဋိသန္ဓေလည်း နောင်းနိုင်သောကြောင့် ဖားဘဝကသေ၍ နတ်သား ဖြစ်နိုင်သော ကြောင့် ဖားနတ်သား ဆိုတာ ရှိနိုင်ပါသည် ။

**(က) ကြက်သေလျှင် ကြက်သာ ဖြစ်ရမည်။ (ခ) နွားသေလျှင် နွားသာဖြစ်ရမည် (ဂ) တိရစ္ဆာန်သေလျှင် တိရစ္ဆာန်ဖြစ်နိုင်သည်စသော စကား မှန်/ မမှန်**

မမှန်ပါ၊ အကြောင်းကား- အဟိတ်စုတိနောင် မဟာဝိပါက်ပဋိသန္ဓေ(၈)ပါးလည်း နောင်းနိုင်သောကြောင့်- (က) နွားသေလျှင်နွားဖြစ်နိုင်သည်၊ (ခ) ကြက်သေလျှင်ကြက်ဖြစ်နိုင်သည်၊

(ဂ) တိရစ္ဆာန်သေလျှင် တိရစ္ဆာန်ဖြစ်နိုင်သည်ဟုဆိုသောစကားသည် မှန်ပါသည်။ အကြောင်းကား- အဟိတ်စုတ်နောင် အဟိတ်ပဋိသန္ဓေနောင်းနိုင်သောကြောင့် ဖြစ်ပါသည် ။

**ဘုံဘဝဟူသမျှသို့ ရောက်စေနိုင်သော ဘဝပဒေသာစုတိကို သာကေပြ ဖြေဆိုပါ။**

သဗ္ဗာ ကာမတိဟေတုမှာ ကို ထောက်၍ ကာမတိဟိတ် (မဟာဝိပါက် ဉာဏသမ္ပယုတ်) စုတိ(၄)ပါး ဖြစ်ပါသည်။

**အရူပစုတိနောင် အောက်အောက်အရူပ ပဋိသန္ဓေကြဉ်ရခြင်းအကြောင်း-**

အထက်အထက်ဖြစ်သော အရူပဖြဟ္မာတို့သည် အောက်အောက်ဖြစ်သောဘုံ၌ ပဋိသန္ဓေကို ဖြစ်စေတတ်သောကံကို အားမထုတ်သောကြောင့် အောက်အောက်ဘုံများကို ကြဉ်ရပါသည် ။

**အထက်အရူပဘုံသို့ ရောက်နေသော အရူပဗြဟ္မာကြီးများ အောက် အရူပဘုံတို့၌ မဖြစ်နိုင်**

အာရုပ္ပစုတိယာ ဟောန္တိ၊ ဟေဋ္ဌိမာရုပ္ပဝဇ္ဇိတာ။ ပရမာ ရုပ္ပသန္ဓိ စ၊ တထာ ကာမတိဟေတုကာ-ကို ထောက်၍ မဖြစ်နိုင်ပါ။ (၁၃၆၄-ခု အကြီးတန်း)

**အရူပဘုံမှစုတေပြီး ကာမဘုံ၌ တိဟိတ်ပဋိသန္ဓေသာ နေရခြင်းအကြောင်း**

အရူပစျာန်၏အနီး၌ဖြစ်သော ကာမာဝစရကုသိုလ်ဟုဆိုအပ်သော ဥပစာရစျာန်၏ အားရှိသောကြောင့် ထိုဥပစာရစျာန်၏ အကျိုးဖြစ်သော တိဟိတ်ပဋိသန္ဓေသာ နေရပါသည် ။ (ဒွိဟိတ်ပဋိသန္ဓေ မနေဟူလို)။

၉၉။ **"ဣစ္စေဝံ ( ပ ) နိရုဇ္ဈတိ" ဟူသော စကားရပ်သည်** ဘဝင်စိတ်နှင့် စုတိစိတ် ဖြစ်ပုံကို ပြသောစကားရပ်ဖြစ်သည်။

**ဘဝင်စိတ်ဖြစ်ပုံ**

ဆိုခဲ့ပြီးသောနည်းဖြင့် ပဋိသန္ဓေ နေသူတို့မှာ ပဋိသန္ဓေစိတ် ချုပ်ပြီးသည်၏ အခြားမဲ့၌ ထို ပဋိသန္ဓေစိတ်နှင့် အလားတူစိတ်သည်ပင်လျှင် စုတိစိတ် မဖြစ်မီ အတွင်း၌ (ပဋိသန္ဓေနှင့် စုတိကြားမှာ) ဝီထိစိတ် မဖြစ်ခဲ့ပါလျှင် အကြိမ်ပေါင်းများစွာ ဆက်၍ မြစ်ရေအလျဉ်စီးသကဲ့သို့ ဘဝင်ကိစ္စတပ်လျက်ဖြစ်သည်၊ ပဋိသန္ဓေစိတ်၏အာရုံကိုပင် အာရုံပြုသည်၊ ဘဝ၏အကြောင်း ဖြစ်သောကြောင့် ဘဝမပြတ်အောင် ဆက်စပ်ပေးတတ်သောကြောင့် ထိုစိတ်ကို "ဘဝင်စိတ်" ဟု ခေါ်ရသည်။

**တမေဝါရမ္မဏမာရဗ္ဘ အဓိပ္ပါယ်**

ပဋိသန္ဓေစိတ်က ကံကိုအာရုံပြုလျှင် ဘဝင်စိတ်များကလည်း ကံကိုပင်အာရုံပြုသည်၊

ပဋိသန္ဓေက ကမ္မနိမိတ်ကိုအာရုံပြုလျှင် ဘဝင်စိတ်များကလည်း ကမ္မနိမိတ်ကိုပင် အာရုံပြုသည်။ ပဋိသန္ဓေစိတ်က ဂတိနိမိတ်ကိုအာရုံပြုလျှင် ဘဝင်စိတ်များကလည်း ဂတိနိမိတ်ကိုပင် အာရုံပြုသည်၊ ဤသည်ကိုရည်ရွယ်၍ ထိုပဋိသန္ဓေစိတ်၏အာရုံကိုပင် ဘဝင်စိတ်သည် အာရုံပြုသည်ဟူသော အဓိပ္ပါယ်ကို တမေဝါရမ္မဏမာရဗ္ဘ ဟူသောပါဌ်ဖြင့် ပြပါသည် ။

### တဒေဝစိတ္တံ အဓိပ္ပါယ်

ပဋိသန္ဓေစိတ်နှင့် ဘဝင်စိတ်သည် တစ်မျိုးတည်းဖြစ်သောကြောင့် သဒိသူပစာအားဖြင့် တဒေဝစိတ္တံ-ထိုပဋိသန္ဓေစိတ်ဟုဆိုခြင်းသည် စင်စစ်မှာ ပဋိသန္ဓေစိတ်က ချုပ်ပြီးဖြစ်၍ ထိုဘဝ၌ ထပ်၍ဖြစ်ခြင်းမရှိတော့ပြီ၊ ထိုပဋိသန္ဓေ စိတ်နှင့် အလားတူသောစိတ်သာလျှင် ဘဝင်ကိစ္စတပ်၍ ဖြစ်ခွင့်ရှိတော့သည်။

ဥပမာ-ခြောက်ပါးဆေးကိုဘုဉ်းပေးလေ့ရှိသော ဆရာတော်သည် မနေ့ ကစားပြီးနောက် ယနေ့ဆက်၍ မနေ့တုံးကဆေးကလေး ကပ်စမ်းပါဦးဟု ဆိုပြန်ရာ မနေ့ကဆေးမှာ စားပြီးဖြစ်၍ မရှိတော့ချေ၊ ထိုဆေးနှင့် အလားတူသော ခြောက်ပါးဆေးကိုပင် "မနေ့ကဆေး" ဟု ခေါ်ရသကဲ့သို့ ဖြစ်ပါသည် ။

ထို့ကြောင့် ပဋိသန္ဓေစိတ်က မဟာဝိပါက်စိတ်ဖြစ်လျှင် တစ်ဘဝလုံး အတွက် ဘဝင်များကလည်း မဟာဝိပါက်ချည်းသာဖြစ်ရပါသည် ။

### အသတိ ဝီထိစိတ္တုပ္ပါဒေ အဓိပ္ပါယ်

ဝီထိစိတ် မဖြစ်သောအခါမှ ဘဝင်စိတ်ဖြစ်ရသည်၊ ဘဝင်စိတ်တွေချည်းသာ ဖြစ်နေသည် မဟုတ်သေးဟု ဘဝင်စိတ်မဖြစ်ရာကာလ ခြွင်းချက်ကိုပြပါသည်။

### ဘဝဿ အင်္ဂဘာဝေန အဓိပ္ပါယ်

ဝီထိစိတ်မဖြစ်သောအခါ ဘဝင်ဆက်၍ မဖြစ်လျှင် ဘဝပြတ်၍ စုတေတော့မည်ဖြစ်သောကြောင့် ဘဝင်ကို ဘဝမပြတ်အောင် ဆက်ပေးသောစိတ် မည်၏ဟု ပြပါသည် ။

### နဒီသောတော ဝိယ အဓိပ္ပါယ်

ပထမစီးလာသောမြစ်ရေသည် အောက်သို့စီးသွားပြီးနောက် နောက်ထပ်ရောက်လာ

သောမြစ်ရေက အစားထိုးလျှက် မြစ်ရေအယဉ်မပြတ်သကဲ့သို့ ထို့အတူ- ပထမဘဝင် ပျက်စီးပြီးနောက် ဒုတိယဘဝင်စသော နောက်ဘဝင်များ ဖြစ်လိုက်၊ ပျက်လိုက် အသစ်အသစ် အစားထိုးပြီး ဖြစ်နေခြင်းကိုပင် မြစ်ရေ အယဉ်ကဲ့သို့ဖြစ်သည်ဟု ခေါ်ပါသည် ။

### ပဋိသန္ဓေနှင့် စုတိအကြားဖြစ်သော စိတ်များ

ဘဝင်စိတ်များသည် ပဋိသန္ဓေ စိတ်ချုပ်သည်မှစ၍ စုတိတိုင်အောင် ဝီထိစိတ် မဖြစ်သောအခါ ဘဝမပြတ်စေဖို့ ဖြစ်ပေရသည်။ မြစ်ရေအလျဉ်ကဲ့သို့ ဖြစ်နေသည်။ ပဋိသန္ဓေ၏ အာရုံကိုပင် အာရုံပြုသည်။ (၁၃၆၂-ခု အကြီးတန်း)

**ပဋိသန္ဓေအဓိပ္ပာယ်**

ဘဝဟောင်းနှင့် ဘဝသစ်ကို စပ်ခြင်း။

**ဘဝင်အဓိပ္ပာယ်**

ဥပပတ္တိဘဝ၏ အကြောင်းဖြစ်သော ဘဝမပြတ်အောင် ဆက်စပ်ပေးခြင်း။

**စုတိအဓိပ္ပာယ်**

ထင်ရှားရှိသော ပစ္စုပ္ပန်ဘဝမှ ရွေ့လျောခြင်း။ (၁၃၆၃-ခု အငယ်တန်း)

၁၀၀။ **ပရိယောသာနေစ (ပ) နိရုဇ္ဈတိဟူသော စကားရပ်သည်** စုတိစိတ်ဖြစ်ပုံကို ပြသော စကားရပ်ဖြစ်ပါသည်။

**စုတိစိတ်ဖြစ်ပုံ**

ဘဝအဆုံးသော အခါ၌လည်း ထိုပဋိသန္ဓေစိတ်နှင့် အလားတူစိတ်သည်ပင်လျှင် စုတိစိတ်ဖြစ်၍ ချုပ်သည်။

၁၀၁။ **"တတော ပရဉ္စ" အစရှိသော စကားရပ်သည်** သံသရာစက် လည်ပုံကို ပြသော စုဏ္ဏိယ စကားရပ် ဖြစ်ပါသည်။

**သံသရာ စက်လည်ပုံ** (စုဏ္ဏိယ အလို)

သေပြီးနောက် ရဟန္တာမဖြစ်သေး၍ ဘဝမသိမ်းသေးလျှင် ပဋိသန္ဓေ၊ ဘဝင်၊ စုတိ

ဟူသော စိတ်တို့သည် ရထား၌တပ်ထားသော စက်ဘီးကဲ့သို့ ဤရုပ် နာမ်ခန္ဓာတို့သည် ဆက်ကာ ဆက်ကာ ချာချာရစ်ပတ်၍ မပြတ်ဖြစ်ပျက်ကာ သံသရာစက်ကြီးလည်ပတ်နေရပါသည် ။

၁၀၂။ **ပဋိသန္ဓိဘဝင်္ဂဝီထိယော ဂါထာသည်** သံသရာစက် လည်ပုံကို ပြသော ဂါထာ ဖြစ်ပါသည်။

တစ်နည်း- ဝီထိ,ဝီထိမုတ်ပိုင်း နှစ်ပိုင်းလုံးကို နိဂုံးချုပ်သောဂါထာတည်း။

**သံသရာစက်လည်ပုံ** (ဂါထာ အလို)

ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ ဘဝင် စုတိများ ဆက်ကာ ဆက်ကာဖြစ်နေသကဲ့သို့ ထို့အတူ နောက်ဘဝသစ်များ၌လည်း ပဋိသန္ဓေ ဘဝင် စုတိများ နိဗ္ဗာန် မရမချင်း ဖြစ်ပြန်လေသည်။

**"ပဋိသင်္ခါယ" အစရှိသော ဂါထာသည်** သံသရာစက် ပြတ်ပုံကို ပြသောဂါထာ ဖြစ်ပါသည်။ တစ်နည်း- ဥယျောဇဉ်ကို ပြပါသည်။

သံသရာစက် ပြတ်စေလိုလျှင်-

၁။ ဗုဓာ= တိဟိတ်ပဋိသန္ဓေနှင့် နေခဲ့ရသည့် တိဟိတ်ပုဂ္ဂိုလ် ဖြစ်စေရမည်၊

၂။ စိရာယသုဗ္ဗတာ= ကြာရှည်လေးမြင့် သီလကို စောင့်ထိန်းသူ, ဓုတင်ဆောက် တည်သူ, သမထလုပ်ငန်းကို လုပ်နေသူ ဖြစ်စေရမည်၊

၃။ ပဋိသင်္ခါယ ပနေတမဒ္ဓုဝံ= "ပဋိသန္ဓေ, ဘဝင်, စုတိ" ဟု အဆက်မပြတ်လည် ပတ်နေသော စိတ်, စေတသိက်တို့ကို "ဖြစ်ချည်ပျက်ချည် အမြဲတည်တံ့မှု မရှိသော အနိစ္စတရားပါတကား" ဟု ဝိပဿနာဉာဏ်ဖြင့် အနိစ္စလက္ခဏာ ထင်အောင် ရှုရမည်၊

၄။ အဓိဂန္တွာ ပဒမစ္စုတံ= ယင်းသို့ ရှုဆင်ခြင်သည်ရှိသော် လက္ခဏာတွေ ထင်လျက် ရွေ့လျော ပျက်စီးခြင်းသဘောမရှိသော နိဗ္ဗာန်ကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် မျက်မှောက် ပြုနိုင်ပါလိမ့်မည်။

၅။ သုသမုစ္ဆိန္နသိနေဟဗန္ဓနာ သမမေဿန္တိ= ယင်းသို့ မဂ်စိတ်, ဖိုလ်စိတ်များ ဖြစ်ပေါ်လာသည့်အတွက် တဏှာကုန်ခန်း၍ အနုပါဒိသေသနိဗ္ဗာနဓာတ်သို့ ကေန်ရောက်

ရပါလိမ့်မည်၊ နောက်ဖြစ်စရာ ပဋိသန္ဓေလည်း မရှိတော့ပါ၊ ယင်းသို့ ပဋိသန္ဓေမရှိသည့် အတွက် သံသရာစက်လည်း အလည်ရပ်ရလေတော့သည်။

ဤဂါထာဖြင့် - သံသရာသံပြတ်ကိန်းကို ညွှန်းပြလျှက် တိုက်တွန်းကြောင်း ဥယျောဇဉ်ကို ပြပါသည်။

## ဝီထိမုတ်ပိုင်း ပြီး၏။

## ကျမ်းကိုး

၁။ အခြေပြုသင်္ဂြိုဟ်

၂။ သင်္ဂြိုဟ် ဘာသာဋီကာ

၃။ သင်္ဂြိုဟ် ရှင်းတမ်း

၄။ အဘိဓမ္မတ္ထသင်္ဂဟ ပန်းကုံး

၅။ သင်္ဂဟ ပဒေသာ

၆။ သင်္ဂဟသရူပတ္ထဝိဘာဝိနီ

၇။ အဘိဓမ္မတ္ထသင်္ဂဟပါဠိနှင့် သရုပ်ခွဲ

၈။ မှတ်ဖွယ်မှတ်ရာ အဘိဓမ္မာ

၉။ အဘိဓမ္မာမေးကွက် (အတွဲ – ၂)

၁၃၈၈ ခု၊ သီတင်းကျွတ်လဆန်း (၅)ရက်၊ (၁၆-၁၀-၂၀၂၆) သောကြာနေ့-တွင် ရေးသားပြီး သည်။

**အရှင်ပညာသီဟ (ဝမ်းတွင်း)**